# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၀၆၁)


# ထာဝရငြိမ်းချမ်းရေးစေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်း အနီးတွင် တည်ဆောက်ပူဇော်ထားသော ထာဝရငြိမ်းချမ်းရေးစေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနီယ ပွဲတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထာဝရငြိမ်းချမ်းရေး စေတီတော် ဂန္ဓကုဋီတိုက်အတွင်း၌ ကိုဗစ် - ၁၉ ကာကွယ်တားဆီးရေး ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော် ကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးအောင်မြင် ထွန်း၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဂေါပက အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးအောင်မြင်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က ထာဝရငြိမ်းချမ်းရေး


*စာမျက်နှာ ၃ ကော်လံ ၁* ✪




ဆရာတော် သံဃာတော်များက ထာဝရငြိမ်းချမ်းရေးစေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြစဉ်။ သတင်းစဉ်


**လွမ်းနေဆဲပါ မြကျွန်းညို**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး စာ ၆





**ရာပြည့်ရန်ကုန်တက္ကသိုလ်နှင့် သိပ္ပံပွဲခင်းများ**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး စာ ၈





မြန်မာ့အလင်း

# အကြိမ်ကြိမ် အထပ်ထပ် နှိုးဆော်အပ်

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ဆိုလျှင် ရန်ကုန်တက္ကသိုလ်သည် နှစ် ၁၀၀ တင်းတင်း ပြည့်ပြီ။ ရန်ကုန်တက္ကသိုလ် ရာပြည့် အထိမ်းအမှတ် အစီအစဉ်များကို နိုင်ငံပိုင်မီဒီယာများတွင် နေ့စဉ်နှင့်အမျှ ဝေဝေဆာဆာ ထုတ်လွှင့်ဖော်ပြပေးနေမှုများကလည်း ထူးထူးခြားခြား မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ တက္ကသိုလ်၏သမိုင်း၊ သမိုင်းထဲကတက္ကသိုလ်၊ တက္ကသိုလ်အမှတ်တရများ၊ တက္ကသိုလ် ပုံရိပ်များ၊ တက္ကသိုလ်ရင်ခုန်သံများ စသည်တို့က ရန်ကုန်တက္ကသိုလ် ရာပြည့်ကာလမှာ ပြန်လည်နိုးထ လှုပ်ရှားလာကြသည်။

စင်စစ်အားဖြင့် ယခုနှစ်သည် မြန်မာ့ရုပ်ရှင်၊ ရန်ကုန်တက္ကသိုလ်၊ အမျိုးသားနေ့ စသည့် ၁၉၂၀ ပြည့်နှစ်နှင့် ဆက်စပ်နေသည့် သမိုင်းမှတ်တိုင်များ နှစ် ၁၀၀ တင်းတင်းပြည့်သည့် နှစ်ဖြစ်သည့်အလျောက် ရာပြည့်ပွဲသဘင်များကို ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပရန်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကျရောက်လာသည့်အပြင် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများစွာတို့တွင်ပါ ကူးစက်ပျံ့နှံ့မှု အရှိန်မြင့်နေချိန်နှင့်ပါ တိုက်ဆိုင်နေခဲ့သည်။ လူစုလူဝေးနှင့် ကျင်းပရမည့်အစား လူထုဆက်သွယ်ရေး၊ သတင်းအချက်လက်နှင့် နည်းပညာတို့ဖြင့်သာ ရာပြည့်အထိမ်းအမှတ် အခမ်းအနားတို့ကို ကျင်းပရသည်။ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲသဘင်တို့ကို အကြောင်းပြု၍ မကြာမီ နှစ်တစ်ပတ်လည်တော့မည့် ကူးစက်မြန်ကပ်ရောဂါကို အရှိန်မြှင့်ပေးလိုက်သကဲ့သို့ မဖြစ်စေရန် ရှောင်ရှားရခြင်းလည်း ဖြစ်သည်။

တစ်ဖက်တွင်လည်း Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက အသိပေးကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ် တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသည့် ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့/တိုးမြှင့်ရန်လိုအပ်သည့် ကိစ္စရပ်များမပါ)တို့ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်အထိ ရက်တိုးမြှင့်သတ်မှတ်ထားပြီးဖြစ်ရာ မိမိကိုယ်တိုင် ရောဂါကူးစက်မှုမခံရရေး၊ လူအများစုဝေးမိရာမှ ရောဂါကူးစက်ပျံ့နှံ့မှု မြင့်မားမသွားစေရေးတို့အတွက် ဆင်ခြင်ကြရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ခံတတ်ခွဲအတည်ပြုလူနာ နေ့စဉ် ၁၀၀၀ ကျော်တွေ့ရှိနေပြီး စုစုပေါင်း ခံတတ်ခွဲအတည်ပြုလူနာအရေအတွက် ၉၀၀၀၀ ခန့်၊ ပိုးတွေ့သေဆုံးလူနာ စုစုပေါင်း ၂၀၀၀ ခန့်နှင့် အာဆီယံတွင် တတိယနေရာဆီသို့ ရောက်ရှိနေပြီဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးတွင် ပြည်သူတစ်ဦးချင်း၏ အသိနှင့် သတိတို့ကသာ အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပေါ်ထွက်လာခဲ့ပြီးနောက် မိမိတို့လက်ထဲရောက်ရှိနေပြီဆိုလျှင်ပင် အချိန်ကာလ တစ်ရပ်အထိ ဆက်လက်ကျင့်သုံးနေရဦးမည်ဖြစ်သည့် အများသိပြီးဖြစ်သော အချက် (၄) ချက်ကိုပင် မဖြစ်မနေ လိုက်နာကျင့်သုံးကြရန်သာ တိုက်တွန်းနှိုးဆော်လိုပါသည်။

(၁) တတ်နိုင်သမျှ အိမ်မှာသာနေပြီး မလိုအပ်ဘဲ လူစုလူဝေးရှိရာသို့ မသွားရန်၊ (၂) ပါးစပ် နှာခေါင်းစည်းကို အပြင်ထွက်တိုင်း မပျက်မကွက်တပ်ဆင်ရန်၊ (၃) အခြားသူများနှင့် ခပ်ခွာခွာ (၆) ပေအကွာမှနေထိုင်ပြောဆိုရန်၊ (၄) လက်ကို စနစ်တကျနှင့် မကြာခဏဆေးကြောကြရန်သာ အကြိမ်ကြိမ် အထပ်ထပ် အကျိုးမျှော်၍ နှိုးဆော်အပ်ပါကြောင်း။ ။




## ရာပြည့်အကြို ရောင်စုံမီးများနှင့်လှပနေသော ရန်ကုန်တက္ကသိုလ်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရာပြည့်ပွဲတော်အကြို ရန်ကုန်တက္ကသိုလ်ကြီး၏ အထင်ကရ နေရာများအား အထိမ်းအမှတ်အနေဖြင့် ညပိုင်းမီးအလှများဖြင့် လှပစွာ ပြင်ဆင်ဆောင်ရွက် ထားရှိမှုများကို နိုဝင်ဘာ ၂၉ ရက် ညပိုင်းက တွေ့ရသည်။

မကြာမီ ရောက်ရှိတော့မည့် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ်တစ်ရာပြည့်တော့မည်ဖြစ်ပြီး ရာပြည့်အကြို ရောင်စုံမီးများနှင့် လှပနေသော ရန်ကုန်တက္ကသိုလ်ကြီးသည် တန်ဆောင်တိုင်မီးထွန်းပွဲနှင့် တိုက်ဆိုင်လျက်ရှိသည်။

တန်ဆောင်မုန်း လပြည့်နေ့ သာမညဖလ အခါတော်နေ့သည် မြန်မာ့ရိုးရာပွဲတော်များထဲက အထင်ကရပွဲတော်တစ်ခုဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပလေ့ရှိကြကာ ထိုနေ့ညအား ကျီးမနိုးပွဲည၊ ဆေးပေါင်းခသည့် ညဟုလည်း ခေါ်ကြပြီး နိဗ္ဗာန်ဈေးခင်းခြင်း ၊ ပွံ့သကူပစ်ခြင်း၊ ဆေးဖက်ဝင်ဆေးဝါးများကို ဖော်စပ်ခြင်း စသည့်မြန်မာ့ရိုးရာ ချစ်စရာဓလေ့များလည်း များပြားစွာရှိကြောင်းနှင့် တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာနွယ်ဝင်တို့၏ နေ့ထူးနေ့မြတ် တစ်ရက်အဖြစ် သတ်မှတ်ကာ ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်သည့် ပွဲတော်ဖြစ်သကဲ့သို့ ကထိန်သင်္ကန်း ကပ်လှူခွင့်ရသော နောက်ဆုံးနေ့လည်း ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ်၏ သက်တမ်းသည် ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် နှစ်(၁၀၀)တင်းတင်း ပြည့်ပြီဖြစ်၍ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်ကို ယခင်က ကျင်းပရန် အစီအစဉ်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် အွန်လိုင်းဖြင့် ကျင်းပရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရာပြည့်ပွဲတော်အကြို ရန်ကုန်တက္ကသိုလ်ကြီး၏ အထင်ကရနေရာများအား အထိမ်းအမှတ်အနေဖြင့် ညပိုင်းမီးအလှများဖြင့် လှပစွာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ပြည်သူများက လာရောက်ကြည့်ရှုကြကြောင်း၊ တစ်ဦးချင်းနှင့် မိသားစုအလိုက် အထင်ကရနေရာများ၌ အမှတ်တရ ဓာတ်ပုံရိုက်ကူးနေမှုများ၊ တစ်နေရာပြီး တစ်နေရာသို့ လည်ပတ်ကြည့်ရှုနေကြပြီး တာဝန်ရှိသူများက ကိုဗစ် - ၁၉ ရောဂါ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် လက်ကိုင်အသံချဲ့စက်များဖြင့် လိုက်လံအသိပေး ဆောင်ရွက်ပေးလျက်ရှိကာ ည ၉ နာရီတွင် ပြန်လည်ထွက်ခွာရန် လိုက်လံအသိပေးနှိုးဆော်ပြီး အဝင်များ လက်မခံတော့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**



နိုဝင်ဘာ ၂၉ ရက် တန်ဆောင်မုန်းလပြည့်ညက ရန်ကုန်တက္ကသိုလ် ဂျပ်ဆင်အဆောက်အအုံကို တွေ့ရစဉ်။ ဓာတ်ပုံ-ရွှေအင်းသား-ခင်မောင်ဝင်း

## ဝန်းသိုမြို့နယ်၌ လက်ရှိရေသုံးစွဲမှု အခြေအနေများ စစ်ဆေးပြီး အချက်အလက်ကောက်ယူ

**ဝန်းသို နိုဝင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေဖူလုံစွာ ရရှိစေနိုင်ရေး နှစ်စဉ်ရေရရှိရေး လုပ်ငန်းများကို ဘတ်ဂျက်လျာထား ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက လက်ရှိရေသုံးစွဲမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး အချက်အလက် ကောက်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အချက်အလက်များ ကွင်းဆင်းကောက်ယူရာတွင် ကျေးရွာများ၌ လက်ရှိရေသုံးစွဲမှုအခြေအနေ၊ နွေရာသီသောက်သုံးရေပြတ်လပ်နိုင်မှု ရှိ မရှိ၊ ရေအရင်းအမြစ်ရရှိနိုင်မည့်နည်းလမ်း၊ စက်ရေတွင်း လျာထားပေးပါက မြေနေရာရရှိနိုင်မှုအခြေအနေ၊ ကျေးရွာမှ ရေရရှိရေးလုပ်ငန်းကို ထိန်းသိမ်းနိုင်မှု ရှိ မရှိတို့ကို မြေပြင်ကွင်းဆင်း၍ အချက်အလက်များ ကောက်ယူခဲ့ကြကြောင်း သိရသည်။

ထိုကဲ့သို့ အချက်အလက်များ ကောက်ယူခြင်းသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ရေရရှိရေးလုပ်ငန်းများ ဘတ်ဂျက်လျာထား ဆောင်ရွက်ပေးနိုင်ရေး ဖြစ်နိုင်စွမ်းကို ကွင်းဆင်းကောက်ယူခြင်းဖြစ်ကြောင်း သိရပြီး ဝန်းသိုမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက် မူလ၊ မွမ်းမံ၊ ပြင်ထိန်းလုပ်ငန်းများဖြင့် ဘတ်ဂျက်လျာထားခြင်းအပြင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့ဖြင့် ရေရရှိရေးလုပ်ငန်းပေါင်း ၁၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောကြားသည်။

**မွေးကြူဇင်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်း၊ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ၂-၁၂-၂၀၂၀ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူး ကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

❂ ရွှေဖုံးမှ



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

စေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မြသပိတ်ဆွမ်း၊ သစ်သီး၊ ပန်းမန်၊ ဆီမီးနှင့် သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ ဥပါသကာများက ဗုဒ္ဓါဘိသေက အနေကဇာတင်ရာ ဂန္ဓကုဋီတိုက်သို့ ဆရာတော်၊ သံဃာတော်များအား ပင့်ဆောင်၍ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ပြီး ဆရာတော်သံဃာတော်များက ထာဝရငြိမ်းချမ်းရေးစေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ယင်းနောက် ဧည့်ပရိသတ်များက ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဦးဇော်မြင့်ဖေက ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ စေတိယပရိဝါရ သဒ္ဒဒါန ရတနတ္တယပူဇာ ကုသိုလ်တော်မင်္ဂလာ အဖြစ် လှူဒါန်းသည့် အောင်ခြင်းရှစ်ပါးမင်္ဂလာ မောင်းတော်ကြီးကို သာဟတ္ထိကဒါနမြောက်အောင် စီစဉ်ထားသည့်မင်္ဂလာရွှေဖဲကြိုးကိုပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အောင်ခြင်းရှစ်ပါးမင်္ဂလာမောင်းတော်ကြီးကို ဦးသိန်းထွန်းခိုင်နှင့် ဇနီး ဒေါ်တင်ဝင်းဌေး၊ သမီး မဆုရတနာထွန်းတို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်ပြီး ထာဝရငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းကာ ထာဝရငြိမ်းချမ်းရေးစေတီတော် သာသနာ့ဗိမာန်တွင် ထားရှိပူဇော်ရန်အတွက် လှူဒါန်းပူဇော်ခြင်းဖြစ်သည်။

အဆိုပါ မင်္ဂလာမောင်းသည် အလေးချိန် ၁၂ ပိဿာ ၅ ကျပ်သား၊ အချင်း ၃၀ လက်မရှိပြီး မျက်နှာပြင်တွင် အောင်ခြင်းရှစ်ပါးပုံတော်များ ရေးခြယ်ထားသည်။

ထို့နောက် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏိန္ဒာဝုဓထံမှ သာဓုအနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် မြေသန့်မင်္ဂလာ အခမ်းအနားပြုလုပ်၍ ထာဝရငြိမ်းချမ်းရေးစေတီတော်ကို စတင်တည်ဆောက်ခဲ့ရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဆက်စပ်လုပ်ငန်းများနှင့် အဆောက်အဦများကို ဆက်လက် ဆောက်လုပ်ခဲ့သည်။ ယခုအခါ ဘုရားဝင်းအရှေ့မြောက်ဘက် ခြံစည်းရိုးမြှင့်တင်ခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်း၊ စေတီတော်ပတ်လမ်းဖောက်ရန် အုတ်စီခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်း၊ ရင်ပြင်တော်ပတ်လည်ရေနုတ်မြောင်း ပြုလုပ်ခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်း၊ ဂန္ဓကုဋီတိုက်မုခ်လေးမုခ် စကျင်တပ်ဆင်ခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်း၊ ရင်ပြင်တော်စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်း ၂၅ ရာခိုင်နှုန်း၊ ဂေါပကအဖွဲ့ရုံး ဆောက်လုပ်ခြင်း ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၀-၁၁-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၇-၁၀-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့် ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၉ ရက်

---

# တန်ဆောင်မုန်းလပြည့်နေ့တွင် မိုးကောင်း၌ တိမ်ပင်လယ်ကြည့်ရှုသူများပြား



**မိုးကောင်း နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ယခုနှစ်ဆောင်းရာသီတွင် နှင်းများထူထပ်စွာကျရောက်ခဲ့၍ အရှေ့ဘက်တောင်တန်းများတွင် ဖြစ်ပေါ်နေသည့် တိမ်ပင်လယ်ကို တန်ဆောင်မုန်းလပြည့် နံနက်ပိုင်းက တက်ရောက်ကြည့်ရှုသူ များပြားခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းရာသီတွင် မိုးကောင်းမြို့၌ နှင်းများထူထပ်စွာကျရောက်ခဲ့ပြီး မြို့အပေါ်သို့ တိမ်များဖုံးလွှမ်းကာ တိမ်ပင်လယ်ဖြစ်ပေါ်နေသည်ကို မိုးကောင်းမြို့ဒေသခံများက တန်ဆောင်မုန်းလပြည့်နေ့တွင် တက်ရောက်ကြည့်ရှုခဲ့ကြရာ တောင်တက်ကြည့်ရှုသူဦးရေ သုံးရာနီးပါးရှိခဲ့ပြီး ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ တောင်တက်ခြင်းအစီအစဉ်ကို We Love Mogaung Group နှင့် နွေဦးခရီးသွားကုမ္ပဏီတို့က စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး တိမ်ပင်လယ်ကြည့်ရှုသူများ အမောပြေစားသုံးနိုင်ရန် အလှူရှင်များမှ တောင်ပေါ်တွင် လက်ဖက်ရည်၊ စမူဆာ၊ ထမင်းကြော်ဘူးများ ဝေငှခဲ့ကြကာ တောင်တက်လမ်းတစ်လျှောက်နှင့် တောင်ပေါ်တွင် စုပေါင်းအမှိုက်ကောက်ကမ်ပိန်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အခမ်းအနားနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**
ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ရာပြည့်သဘင် အခမ်းအနားနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ရန်ကုန်ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ်တည်ရှိသည့် ကမာရွတ်မြို့နယ်သည် Stay at Home မြို့နယ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် မြို့နယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အခမ်းအနားအား (MRTV စတူဒီယို-၁မှ) ကြိုတင်ရိုက်ကူးထားသည့် အစီအစဉ် Virtual Celebration ဖြင့် MRTV၊ Facebook တို့မှ (၁-၁၂-၂၀၂၀) ရက်နေ့တွင် ထုတ်လွှင့်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကို ချစ်မြတ်နိုးသော တိုင်းရင်းသားပြည်သူများ ရန်ကုန်တက္ကသိုလ်သို့ လာရောက်၍ အမှတ်တရဓာတ်ပုံများ ရိုက်ကူးမှတ်တမ်းတင်နေကြသည်ဟု ကြားသိရပါကြောင်း၊ ထိုကဲ့သို့ လာရောက်သူများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကူးစက်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရေးနှင့် ကျန်းမာဘေးကင်းလုံခြုံရေး ကိစ္စရပ်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကိုဗစ်-၁၉ ကူးစက်မြန် ရောဂါ တားဆီး ကာကွယ်နေရသောကြောင့် ရာပြည့်သဘင်အထိမ်းအမှတ် အခမ်းအနားကို ကြိုတင်ရိုက်ကူးထားသည့် အစီအစဉ် Virtual Celebration ဖြင့် ဒီဇင်ဘာ ၁ ရက်တွင် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ MRTV နှင့် Facebook တို့မှ ထုတ်လွှင့်ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိသဖြင့် အသိပေးနှိုးဆော်ကြေညာခြင်းတို့ကို နိုင်ငံပိုင်မီဒီယာများ၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အသိပေးမေတ္တာရပ်ခံနိုင်ရေးဆောင်ရွက်ရန်၊ ရန်ကုန်တက္ကသိုလ်၏ အလှဆင်အထိမ်းအမှတ်မီးများ ထွန်းညှိထားရှိမှုကိုလည်း ဒီဇင်ဘာ ၁ ရက်အထိ ညစဉ် ည ၈ နာရီအထိသာ ဆောင်ရွက်ရန် ရန်ကုန်တက္ကသိုလ် ပင်မဂိတ်အဝင်တွင် ဝင်ရောက်သူ တစ်ဦးချင်းကိုယ်အပူချိန်တိုင်းရန်နှင့် ကိုယ်အပူချိန်မြင့်တက်သူတွေ့ရှိပါက သီးခြားခွဲထုတ်ပြီး တက္ကသိုလ်များ ဆေးရုံသို့ ချက်ချင်းပို့ဆောင်ကာ Isolation Unit တွင် ခေတ္တထားရှိပြီး သတ်မှတ်ထားသော ကျန်းမာရေးလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ရန်၊ နှာခေါင်းစည်းများ အခမဲ့ဝေငှတပ်ဆင်စေရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များကို တိကျစွာလိုက်နာရေး၊ နှာခေါင်းစည်းများ တပ်ထားရေးနှင့် လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ သွားလာရေးတို့ကို လက်ကိုင်အသံချဲ့စက်များဖြင့် သတိပေးရန်၊ ပညာပေးစည်းရုံးမှုများ ဆောင်ရွက်ရန်တို့ကို ညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဖလမ်း နိုဝင်ဘာ ၂၉**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့်အတူ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီ က ဖလမ်းမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်ရန် လျာထားသည့် ဖလမ်းမြို့ ရာပြည့်အားကစားကွင်းအနီးနှင့် ကျင်မွှာလ်ရပ်ကွက် ဘောလုံးကွင်းများကို ကြည့်ရှုစစ်ဆေးသည်။ ဖလမ်းမြို့တွင် မိုးလုံလေလုံအားကစားခန်းမကို ပေ (၁၂၀ x ၉၀) ဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် လျာထားလျက်ရှိသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖလမ်းမြို့တော်ခန်းမ တည်ဆောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက အဆောက်အအုံ ဆောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားခဲ့ကာ ဖလမ်းမြို့ မိုးလုံလေလုံအားကစားခန်းမကို ကြည့်ရှုစစ်ဆေးသည်။ ဖလမ်းမြို့တော်ခန်းမသည် အိန္ဒိယနိုင်ငံ ထောက်ပံ့ငွေကျပ် ၄၆၅ သန်းနှင့် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ GRF ရန်ပုံငွေကျပ် ၃၈၅ သန်း စုစုပေါင်း ငွေကျပ်သန်း ၈၅၀ ကုန်ကျခံကာ Aroma Rose ကုမ္ပဏီက ဆောက်လုပ်လျက်ရှိပြီး လက်ရှိတွင် လုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖလမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းဖော်ဆောင်နိုင်ရေး မြေနေရာများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနား Virtual စနစ်ဖြင့် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၉**
၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို ၁ တွင် Virtual စနစ်ဖြင့် ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page နှင့် University of Yangon Myanmar Facebook Page တို့မှ Live Streaming ထုတ်လွှင့်မည့်အပြင် ဒီဇင်ဘာ ၁ ရက် ည ၉ နာရီတွင်လည်း ရန်ကုန်တက္ကသိုလ် ရာပြည့်ဂုဏ်ပြုအခြားအစီအစဉ်များနှင့်အတူ ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MNTV၊ Channel 9၊ DVB၊ Mizzima၊ YTV ရုပ်သံလိုင်းများနှင့် MOI Webportal Myanmar Facebook Page၊ Myanmar Digital News Facebook Page နှင့် Padamyar FM Broadcasting Page တို့မှလည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား Virtual Celebration အစီအစဉ်ဆောင်ရွက်ထားရှိမှု အသိပေးတင်ပြချက်

ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ၏ ၇၅ ရာခိုင်နှုန်းရှိပြီး ရန်ကုန်တိုင်းဒေသကြီး ၄၄ မြို့နယ် Stay at Home ကြေညာထားပါသည်။ ရန်ကုန်တက္ကသိုလ်နယ်မြေတည်ရှိရာ ကမာရွတ်မြို့နယ်သည်လည်း ပိုးတွေ့လူနာအများဆုံး မြို့နယ်တစ်ခုဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်မဟုတ်ဘဲ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ ညနေ ၅နာရီမှ စတင်၍ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့ရှိ စတူဒီယို(၁) တွင် ကြိုတင်ရိုက်ကူးထားသည့် အစီအစဉ် Virtual စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနား ကျင်းပပုံများကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက် ညနေ ၅ နာရီ မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page, MRTV Live နှင့် ရန်ကုန်တက္ကသိုလ် Facebook Page တို့တွင်လည်း Live Streaming ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်ရာပြည့်အခမ်းအနား ကျင်းပရာတွင် လူစုလူဝေးမဖြစ်စေရန်အတွက် အခမ်းအနားအစီအစဉ်များကို ကြိုတင်ရိုက်ကူးထားပြီး နည်းပညာအသုံးပြုချိတ်ဆက်ကာ MRTV က ရိုက်ကူးထုတ်လွှင့်မည်ဖြစ်ပါသဖြင့် အစီအစဉ်များကို မိမိတို့၏ နေအိမ်မှသာ ကြည့်ရှုအားပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

ယခုကာလသည် COVID-19 ကူးစက်ပြန့်ပွားမှု မြင့်မားနေသောကာလဖြစ်ပြီး ကမာရွတ်မြို့နယ်ကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Stay at Home နယ်မြေအဖြစ် သတ်မှတ်ထားသော နယ်မြေဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် ပြင်ဆင်ထားသည်ကို လာရောက်ကြည့်ရှုကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများနှင့် တိုင်းရင်းသား ပြည်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တစ်ဦးနှင့်တစ်ဦး ၆ ပေ ခွာ၍ နေခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း Mask များ အခမဲ့ဖြန့်ဝေ တပ်ဆင်ခြင်းနှင့် Face Shield များ တပ်ဆင်ခြင်း၊ အပူချိန်တိုင်းတာခြင်း၊ လက်ဆေးခြင်းများကို စနစ်တကျ လိုက်နာကြပါရန်နှင့် ကိုယ်ပူချိန်မြင့်မားခြင်း၊ ဖျားနာခြင်း၊ COVID-19 သံသယလက္ခဏာများတွေ့ရှိပါက ရန်ကုန်တက္ကသိုလ်များဆေးရုံတွင် စစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်ပါက Quarantine Center များသို့ ဆက်လက်ပို့ဆောင်ပေးသွားရန် စီစဉ်ထားရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၉** - ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ရမ်ကလောင်းတို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ မင်းတပ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## Photo News



တန်ဆောင်မုန်းလပြည့်နေ့ညတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးအား သပ္ပာယ်စွာ ဖူးတွေ့ရစဉ်။
ဓာတ်ပုံ-ရွှေအင်းသား-ခင်မောင်ဝင်း



တန်ဆောင်မုန်းလပြည့်နေ့ညတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကြီးအား သပ္ပာယ်စွာ ဖူးတွေ့ရစဉ်။
ဓာတ်ပုံ-ကိုကိုစိုးညွန့်

# မဟာမုနိဘုရားကြီး (၃၁) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ကပ်လှူပူဇော်

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးမြို့ မဟာမုနိဘုရားကြီး (၃၁) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၅နာရီခွဲက မဟာမုနိဘုရားကြီး ရင်ပြင်တော်တွင် ပြုလုပ်သည်။

ရှေးဦးစွာ နံနက်အရုဏ်ဦးအချိန်တွင် မဟာမုနိ ရုပ်ရှင်တော်မြတ်အား နံ့သာရည်များဖြင့် မျက်နှာသစ်တော်ရေ ကပ်လှူခြင်း၊ တံပူကပ်လှူခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ဆွမ်း၊ ခဲဖွယ်၊ ဘောစဉ်၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူပူဇော်ခြင်းတို့ကို ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌနှင့် ဥပါသကာအဖွဲ့တို့က ဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အစိုးရအဖွဲ့ဝင်များနှင့် ကုသိုလ်ရှင်များ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။

မသိုးမြတ်သင်္ကန်းတော်အား ပင့်ဆောင်ရာတွင် ရေတော်ဆရာတော်ကြီးက ဦးဆောင်၍ အစီအစဉ်များအတိုင်းဆောင်ရွက်ကြရာ တဘက်တော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လည်းကောင်း၊ သင်းပိုင်သင်္ကန်းတော်ကို တိုင်းဒေသကြီးဝန်ကြီးများက လည်းကောင်း၊ ဧကသီသင်္ကန်းတော်ကို မဟာမုနိဂေါပကအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းပညာရှင်နှင့် စက်ချုပ်ပညာရှင်အဖွဲ့များက လည်းကောင်း အသီးသီးပင့်ဆောင်၍ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရေတော်ဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံကပ်လှူပူဇော်ကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေကြည်ပေါက်ကျေးရွာ ရက်ကန်းပညာရှင်အဖွဲ့၊ အုန်းတောကျေးရွာ ရက်ကန်းပညာရှင်အဖွဲ့၊ အင်းလေးဒေသ ရက်ကန်းပညာရှင်အဖွဲ့၊ ကိုးလုံးတကာ စက်ချုပ်ပညာရှင်အဖွဲ့တို့ကို လည်းကောင်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဝေယျာဝစ္စအဖွဲ့ကို လည်းကောင်း ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလွှာများပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ယနေ့ပြုလုပ်သော မသိုးမြတ်သင်္ကန်း ကပ်လှူပူဇော်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**





စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် နိုဝင်ဘာ ၂၉ ရက် (တန်ဆောင်မုန်းလပြည့်)ညက ဂေါပကအဖွဲ့က ကြီးမှူး၍ ဆီမီးအလင်းတိုင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်စဉ်။
တင်ဝင်းလေး(ကြည့်မြင်တိုင်)

# တန်ဆောင်တိုင် ရုံးပိတ်ရက်တွင် ဒေသခံများက ပုဂံညောင်ဦးရှေးဟောင်းဇုန်ရှိ ဘုရားများအား ဆီမီးပူဇော်

**ညောင်ဦး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရှေးဟောင်းစေတီပုထိုးများအား နိုဝင်ဘာ ၂၈ ရက် ည ၆နာရီခွဲမှ စတင်ကာ ပုဂံ-ညောင်ဦး ဒေသခံများက ဆီမီးပူဇော်ခဲ့ကြကြောင်း ဦးအောင်ခိုင် (ဒေသခံ)ထံမှ သိရသည်။

ထိုသို့ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရှေးဟောင်းစေတီ၊ ပုထိုးများကို ဆီမီးပူဇော်ကြရာ ဓမ္မရံကြီးဘုရားအပြင်ဘက်တွင် ဆီမီး ၂၅၀၀ ပူဇော်ခဲ့ကြပြီး ဘုရားနီ၊ အင်ကြင်းဂူ၊ အလိုတော်ပြည့် ၊ စိုးမင်းကြီးအုတ်ကျောင်းပတ်ဝန်းကျင်ဘုရားများ ၊ အပ္ပာယ်ရတနာပတ်ဝန်းကျင်ရှိ ဘုရားများ၊ ရွှေဆံတော်ပတ်ဝန်းကျင်ရှိ ဘုရားများ၊ အနော်ရထာလမ်းမကြီးဘေးဝဲ/ယာ ဘုရားများကို ထိခိုက်မှုမရှိစေဘဲ ဒေသခံများက တန်ဆောင်မုန်းလပြည့်နေ့ အကြိုပူဇော်ခဲ့ကြကြောင်း သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ဂေါပကအဖွဲ့ရှိသော ဘုရား ၁၉ ဆူဖြစ်သည့် ရွှေစည်းခုံဘုရား၊ အလိုတော်ပြည့်၊ အာနန္ဒာ ၊ သဗ္ဗညု၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ လောကနန္ဒာ၊ ရွှေဆံတော်၊ ဓမ္မရာဇက၊ မနုဟာ၊ မြစေတီ၊ တုရင်တောင်၊ ငှက်ပစ်တောင်၊ ဓမ္မရံကြီး ၊ စူဠာမဏိ၊ ကျောက်ဂူဥမင်၊ ပြဿကြီးဘုရားများအား ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း မုခ်ဦးအဝင်ဝများမှ ပိတ်ထားခဲ့ကာ ဒေသခံများက ဘုရားကြီးများအပြင်ဘက်မှ ဆီမီးပူဇော်ခဲ့ကြောင်းသိရပြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ဘုရား၊ စေတီ၊ ပုထိုး ၃၈၀၀ ကျော်ရှိကြောင်းသိရကာ တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း ဆီမီးဆက်လက်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# လွမ်းနေဆဲပါ မြကျွန်းညို

ဒေါက်တာတင်တင်ချို၊ ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

**ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့် အချိန်အခါသမယမှာ ရာပြည့်အထိမ်းအမှတ်စာစောင်တွေကိုဖတ်ရင်း အမိတက္ကသိုလ်မှာသူငယ်ချင်းများနဲ့ ပျော်ပါးစွာ ကျောင်းတက်ခဲ့ပုံ အကြောင်း ပြန်ပြောင်းတွေးတောမိပါတယ်။**

မြကျွန်းညိုကို သိကျွမ်းခဲ့တာ ဟိုးငယ်ငယ်ကပါ။ တက္ကသိုလ်ရှေ့နားမှာ နေစဉ်က နယ်ကနေ တက္ကသိုလ်ကျောင်းလာတက်တဲ့ အဆောင်နေ အစ်မတွေ ကျောင်းပိတ်ရက်မှာ အိမ်ကို အလည်လာလေ့ရှိကြတယ်။ သူတို့အဆောင်ပြန်တဲ့အခါ ကျွန်မတို့မောင်နှမတွေ ညနေလမ်းလျှောက်ထွက်ရင်း ပြန်လိုက်ပို့ကြနဲ့ ကျောင်းထဲ မကြာခဏဆိုသလို ရောက်ခဲ့တယ်။ ငယ်သေးတော့ တက္ကသိုလ်ဆိုတာလည်းမသိ၊ အဓိပတိလမ်းဆိုတာလည်း သတိမထား၊ အင်းလျားလမ်း၊ အင်းလျားကန်၊ ပုဂံလမ်းတို့ဆိုတာလည်း ဖြတ်သာလျှောက်တယ် နားမလည်၊ ဘွဲ့နှင်းသဘင်၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်တို့ဆိုတာလည်း မြင်သာမြင်ဖူးနေတာ၊ သိတာက သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတဲ့နေရာ၊ ရာသီအလိုက် ပုံဏ္ဏာန်မျိုးစုံနဲ့လှနေတဲ့ ပတ်ဝန်းကျင်၊ ကျေးငှက်တွန်ကျူးသံတွေ ကြားရတတ်တဲ့ နေရာဆိုတာပဲ ခံစားမိတယ်။ အဲဒီကျောင်းထဲ လမ်းလျှောက်ထွက်ရတာ ပျော်တယ်။ လမ်းလျှောက်ထွက်ရင်း ပုဂံလမ်းထဲက ပါမောက္ခများနေတဲ့ခြံတွေမှာ ပွင့်နေတဲ့စက္ကူပန်းတွေ လှလွန်းလို့ ကျွန်မစိတ်ထဲ အခုထိ မြင်ယောင်မိတယ်။ တက္ကသိုလ်ဆေးရုံဘက်လမ်းလျှောက်ထွက်ရင်း တက္ကသိုလ်ဆေးရုံရှေ့ စိန်ပန်းပင်ကြီးတွေပေါ်မှာ ရဲပတောင်းခတ်ပွင့်နေတဲ့ စိန်ပန်းတွေနဲ့အတူ တစ်ဖက်မှာလည်း လက်ပံပင်၊ လက်ပံပွင့်တွေက လှလိုက်တာ ဆေးရုံလို့တောင် မထင်မှတ်ခဲ့ဘူး၊ စိတ်အာရုံမှာ ပြန်မြင်ယောင်မိပါတယ်။

### မိတ်သစ်၊ ဆွေသစ်ဆုံတွေ့စ

စီးပွားရေးတက္ကသိုလ် ကျောင်းတက်လာတဲ့ အစ်မတွေကို အိမ်လည်ခေါ်ဖို့ မာလာဆောင်ရှေ့ ရိုးမရိပ်သာထဲက စိုးယုခိုင်အဆောင်ကို ရောက်ခဲ့ပါတယ်။ သူတို့ ရေချိုးတာကို အခန်းထဲက စောင့်ရင်း ကျောင်းသူတွေ စကားပြောဆိုသံတွေကို ကြားနေရတယ်။ ‘နင်ဘယ်သွားမှာလဲ’ ‘တို့က စမ်းချောင်းအမျိုးအိမ်။’ ‘တို့က ရန်ကင်း။’ ‘လာခေါ်မှာလား။’ ‘အေး လာခေါ်မှာ’စသည်ဖြင့် ရေချိုးခန်းက ပြောဆိုသံတွေပေါ့။ ကျောင်းပိတ်ရက် အပြင်ထွက်မှာမို့ ရန်ကုန်ရောက်စ ကျောင်းသူတွေ မသွားတတ်၊ မလာတတ်နဲ့ တစ်ဦးကိုတစ်ဦး စိတ်ပူနေကြတာ။ အဲဒီအချိန်မှာ ကျောင်းသူတစ်ဦးကို ‘နင်ရော ဘယ်သွားမှာလဲ’ လို့ မေးတော့ သူ့အဖြေစကားကို ဘယ်သူမှ နားမလည်ကြဘူး။ ‘လာခေါ်မည့် သူရှိလား’ လို့ မေးတော့ မရှိဘူးတဲ့၊ ‘သွားတတ်လား’ မေးတော့ ခေါင်းညိတ်တယ်။ ဒါနဲ့ပဲ သူကို စိတ်ပူပြီး သွားမဲ့နေရာကို အခါခါ မေးကြတော့ သူပြောတာကို ဘယ်သူမှ နားမလည်၊ ကျွန်မလည်း ရန်ကုန်သူ တစ်ယောက်ပေမယ့် သူပြောတဲ့နေရာကို မသိနားမလည်ဖြစ်နေတယ်။ ကျောင်းသူတစ်ယောက်က ‘စာနဲ့ရေးပြ’ ဆိုပြီး စာရွက်နဲ့ ဘောပင်ယူပေးလိုက်တယ်။ ရေချိုးနေတဲ့ကျောင်းသူတွေ အားလုံး ထဘီရင်လျားတွေနဲ့ သူရေးမယ့်စာကို စိတ်ဝင်တစား ဝိုင်းကြည့်နေကြတာပေါ့။ သူ့စာကို ဖတ်လည်းပြီးရော အားလုံးဝိုင်းရယ်လိုက်ကြတာ။ ကျွန်မလည်း စိတ်ဝင်စားလို့ သွားဖတ်ကြည့်ပြီး ရယ်လိုက်ရတာ အမှတ်ရတိုင်းပါပဲ။ သူသွားမယ့်နေရာက ‘ဒလ’တဲ့။ ‘ဒ’နဲ့ ‘လ’ ဗျည်းနှစ်လုံးကို သူဘယ်လို ပြောလိုက်လဲမသိ။ ကျောင်းသူအသံက အညာသံလား၊ ရခိုင်သံလား၊ ထားဝယ်သံလား၊ မြိတ်သံလား မမှတ်မိတော့ပါ။

> **“ဆရာ ဦးသာခုက သူနိုင်ငံရေးလှုပ်ရှားခဲ့ပုံတွေ အခက်အခဲတွေ၊ ရှန်းကန်ခဲ့ရပုံတွေကို လိမ္မာပါးနပ်စွာ ပြောသွားတာ နားထောင်သူအပေါင်း ငိုလိုက်ကြတာ အားလုံးရဲ့ပါးပြင်မှာ မျက်ရည်စတွေနဲ့။ အဲ့ဒီလိုနားထောင်သူတွေ ငိုနေတာကို ဆရာကြီးသတိထားမိတော့ ရယ်စရာအရွှန်းဖောက်လိုက်တာ ကျွန်မတို့ မျက်ရည်ကျနေစဉ်မှာပဲ ‘ဝါးခနဲ’ရယ်ရပြန်ရော ဒါတွေကလည်း မြကျွန်းညိုရဲ့ အရသာတစ်ခုပါပဲ”**

### ငိုတစ်ခါရယ်တစ်လှည့် စာပေဟောပြောပွဲ

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ စာပေဟောပြောပွဲလုပ်တုန်းကလည်း အစ်မတွေလာခေါ်လို့ ဟောပြောပွဲ လိုက်နားထောင်ဖြစ်ခဲ့သေးတယ်။ ဟောပြောတဲ့သူက စာရေးဆရာ ဦးသာခု၊ ဦးသုမောင်၊ ဦးမင်းလူ၊ ဦးဝဏ္ဏတို့ဖြစ်တယ်။ ဟောပြောတဲ့အကြောင်းက ဝတ္ထု၊ ကဗျာနဲ့ စာနယ်ဇင်းအကြောင်း။ အဲ့ဒီ ခေါင်းစဉ်တွေကို စာရေးဆရာညီအစ်ကို သုံးဦးက ဟောပြောတော့ နားထောင်ကောင်းလွန်းလို့ ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ပြီး နှစ်ခြိုက်စွာ နားထောင်နေကြတာ ကျောင်းသူ ကျောင်းသား၊ ဆရာဆရာမများ အပြည့်ပါပဲ။ ဆရာ ဦးသာခု အလှည့်မှာ ဆရာကြီးက ရှေ့လူတွေ ဟောပြောတာတွေကို အချုပ်ပြောမယ်လို့ ဆိုတော့ ပရိသတ်ထဲက ဆရာကြီးတစ်ဦး ထပြီး ဆရာကြီး နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရခဲ့တဲ့အကြောင်း ဟောပါလို့ တောင်းဆိုပါတယ်။ ဒါနဲ့ပဲ ဆရာ ဦးသာခုက သူနိုင်ငံရေးလှုပ်ရှားခဲ့ပုံတွေ အခက်အခဲတွေ၊ ရှန်းကန်ခဲ့ရပုံတွေကို လိမ္မာပါးနပ်စွာ ပြောသွားတာ နားထောင်သူအပေါင်း ငိုလိုက်ကြတာ အားလုံးရဲ့ပါးပြင်မှာ မျက်ရည်စတွေနဲ့။ အဲ့ဒီလိုနားထောင်သူတွေ ငိုနေတာကို ဆရာကြီး သတိထားမိတော့ ရယ်စရာအရွှန်းဖောက်လိုက်တာ ကျွန်မတို့ မျက်ရည်ကျနေစဉ်မှာပဲ ‘ဝါးခနဲ’ရယ်ရပြန်ရော။ ဒါတွေကလည်း မြကျွန်းညိုရဲ့ အရသာတစ်ခုပါပဲ။

### ဦးချစ်ဆိုင်မှာထိုင်တုန်းက

ကျွန်မတက္ကသိုလ်ကျောင်း စတက်စဉ်က လှိုင်နယ်မြေမှာ တက်ရတယ်ဆိုပေမယ့် ငယ်ငယ်က သတိမထားခဲ့၊ မြင်ပြီး မသိခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ ဘွဲ့နှင်းသဘင်၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်၊ အဓိပတိ၊ စာကြည့်တိုက်၊ ဦးချစ်ဆိုင်တို့ကို သွားချင်မိတယ်။ အဲဒီတုန်းက ဦးချစ်ဆိုင်နေရာက ရာမညဆောင်နဲ့ တောင်ငူဆောင်ထောင့်၊ ပြည်လမ်းမနဲ့ကပ်လျက် တိုက်ပုလေး၊ ခြံဝန်းကျယ်ကျယ်နဲ့ ပြည်လမ်းကဝင်လို့ရသလို ကျောင်းဘက်ကလည်း ဝင်လို့ရတယ်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေ တွေ့ဆုံရာ နေရာတစ်ခုပါ။ တစ်နေ့ အတန်းပြီးလို့ သူငယ်ချင်းနဲ့အတူ ဦးချစ်ဆိုင်မှာ မုန့်စားဖို့ ထိုင်မယ်လုပ်တော့ ကျွန်မခြေထောက်မှာ ကျွတ်တွယ်တာသိပြီး ‘ကျွတ်ကျွတ်’ လို့ လန့်အော်လိုက်တာ ကျွတ်ကောင်ကိုလည်း မကိုင်ရဲတော့ တွယ်နေတဲ့ ကျွတ်နှစ်ကောင်ကို ကျောင်းသားတစ်ယောက် ဆွဲခွာပေးလို့ စိတ်သက်သာရာရခဲ့တယ်။ ရှက်ရှက်နဲ့ တောင်ငူဆောင်ဘက် ပြန်လာခဲ့ရတာလည်း အမှတ်တရတစ်ခုပါ။

### ရာမညမှာ လွယ်အိတ်မီးလောင်တာ

နည်းပြတန်းဖြေပြီးလို့ သူငယ်ချင်းတွေ စောင့်နေတဲ့ တောင်ငူဆောင်အလယ်ထပ်ကို ထွက်လာတော့ သူငယ်ချင်းတစ်ယောက်က ရာမညဆောင်ရှေ့က အကြော်သွားဝယ်မယ် ဆိုလို့ နှစ်ယောက်သားထွက်လာကြတယ်။ ရာမညဆောင်ရှေ့ ခြစည်းရိုးဘေး ဝင်ထွက်ပေါက်နားမှာ အကြော်သည်က အကြော်မျိုးစုံကို မီးလျှံရဲရဲနဲ့ကြော်လိုက်၊ ဗန်းထဲက အကြော်တွေကို ထည့်ပေးလိုက်နဲ့။ ကျောင်းသူ ကျောင်းသားအချို့လည်း ဗန်းထဲက အကြော်တွေ ဝိုင်းအုံရွေးနေကြတယ်။ ကျွန်မနဲ့ သူငယ်ချင်းလည်း အကြော်ရွေးကြတာပေါ့။ ကျွန်မတို့ခေတ် ကျောင်းသူ ကျောင်းသားတွေက လွယ်အိတ်လွယ်လေ့ရှိတယ်။ တိုင်းရင်းသားရိုးရာ လွယ်အိတ်တွေဆို သိပ်သဘောကျတာ။ အဲ့ဒီတုန်းက အမွေးပွလွယ်အိတ်ကြိုးကို အထုံးထုံးပြီးလွယ်တာ ခေတ်စားတယ်။ (အဲဒီအထုံးကို ငေါ်ထုံးလို့ ခေါ်ကြတယ်။) သူငယ်ချင်းက အမွေးပွ လွယ်အိတ်နဲ့ မီးဖိုဘက်အခြမ်းကနေ ဗန်းထဲကအကြော်တွေကို ရွေးတော့ အောက်မီးဖိုက မီးက သူ့လွယ်အိတ်ကိုမီးဟပ်ပြီး လွယ်အိတ်မီးလောင်ပါလေရော။ သူ့လွယ်အိတ်မီးစွဲတာလည်း သူသိပုံမရဘူး။ သူ့ဘေးနားက အကြော်ရွေးနေတဲ့ကျောင်းသားက သူဝတ်ထားတဲ့ ပုဆိုးပူလို့ အောက်ငုံ့ကြည့်လိုက်တော့မှ လွယ်အိတ်မီးလောင်နေမှန်း သိတာ။ ကျောင်းသားက လန့်ပြီး ‘မီးဗျို့ မီးဗျို့’ နဲ့ အော်တော့ အနားရှိတဲ့ ကျောင်းသားတွေ မီးစွဲနေတဲ့လွယ်အိတ်ကို ဝိုင်းသတ်ပေးခဲ့ရတယ်။ ဒီတစ်ခါလည်း နှစ်ယောက်သား တောင်ငူဆောင် အပြေးပြန်ခဲ့ရပြန်တယ်။ လွယ်အိတ်တစ်ခြမ်း မီးလောင်သွားတယ်။ သူငယ်ချင်းက အဲ့ဒီလွယ်အိတ်ကို အမှတ်တရအနေနဲ့ အခုထိ သိမ်းထားတယ်တဲ့။ ဒါလည်းပဲ ပျော်စရာ အတိတ်တလန့် အမှတ်တရတစ်ခုပါ။

### ဗိုလ်ချုပ်နေခဲ့သည့် ပဲခူးဆောင်

မိုးကောင်းမြို့ကနေ မနုဿဗေဒ အထူးပြုနဲ့ လာတက်တဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူက ပဲခူးဆောင်မှာ အခန်းရတယ်။ အဆောင်မှာလည်း သူက ကျောင်းသားခေါင်းဆောင်လို့ ပြောရမလားပဲ။ အားလုံးက သူ့ကိုခင်တယ်။ သူပြောရင် အားလုံးပြီးတယ်။ အဆောင်ထမင်း၊ ဟင်း စားမကောင်းကြောင်း မကြာခဏပြောတယ်။ ဒါပေမယ့် ပဲခူးဆောင်မှာနေရတာ ဂုဏ်ယူနေသူတစ်ယောက်။

စာမျက်နှာ ၉ သို့



ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် မီးအလှများဆင်ထားသည့် ဘွဲ့နှင်းသဘင်ရှေ့၌ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။
ဓာတ်ပုံ-ထင်ပေါ်ဝင်း



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- ရန်ကုန်မြို့၊ လမ်းမတော်ဇာတိ ဖြစ်ပါသည်။
- အဖဦးတင်အုန်း၊ အမိ ဒေါ်ခင်ဝင်းကြည်တို့မှ ဖွားမြင်ပါသည်။
- အခြေခံပညာ အထက်တန်းကို အ. ထ. က (၂) စမ်းချောင်းမှ ၁၉၈၃ ခုနှစ်တွင် အောင်မြင်ခဲ့သည်။
- ၁၉၈၃၊ ၁၉၈၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်လှိုင်နယ်မြေ၌ မြန်မာစာအထူးပြု ဘာသာရပ်ဖြင့် ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများကို တက်ရောက်ခဲ့သည်။
- ၁၉၈၅ ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၈၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၉၇ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၂၀၀၇ ခုနှစ်တွင် ပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၅ ခုနှစ်တွင် နည်းပြရာထူးဖြင့် ဒဂုန်တက္ကသိုလ် စတင်အမှုထမ်းခဲ့သည်။
- ၂၀၀၆ မှ ၂၀၁၁ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိက၊ ကထိက ရာထူးဖြင့် အမှုထမ်းခဲ့သည်။
- ယခုအခါ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခ၊ ဌာနမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်နေပါသည်။

# ပြည်သူလူထုအနေနဲ့ မမှန်ကန်တဲ့ Test Kits တွေ ဝယ်ယူသုံးစွဲခြင်းကနေ ရှောင်သင့်ပါတယ်။ ရောင်းချတဲ့သူတွေအနေနဲ့ ဒါတွေ ရောင်းချဖို့မသင့်ပါဘူး။

ဒေါက်တာထွန်းမြင့်

**ပြည်တွင်းဈေးကွက်တွင် ကိုဗစ်-၁၉ရောဂါ စစ်ဆေးသည့် Test Kits များ တရားမဝင်ရောင်းချနေမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် လစ်ဟာမှု မရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မရမီအချိန်အတွင်း ပြည်သူများလိုက်နာရမည့် အချက်များနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**



ဒုတိယညွှန်ကြားရေးမှူးချုပ်
ဒေါက်တာထွန်းမြင့်

**မေး ။ ။ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတဲ့ Test kits တွေ ပြည်တွင်းဈေးကွက်ထဲ ရောက်ရှိနေတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူလူထုကို ဘာများ ပြောချင်ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ စစ်ခဲ့တဲ့ Testတွေ အားလုံးကတော့ WHO အသိအမှတ်ပြုတဲ့ Test တွေနဲ့ စနစ်တကျ စစ်ဆေးဆောင်ရွက်တာ ဖြစ်ပါတယ်။ ဈေးကွက်ထဲမှာ ဝယ်ပြီးတော့ ကိုယ့်ဟာကိုယ် စစ်ကြတာတွေ၊ တိုးတိုး တိတ်တိတ် စစ်ကြတာတွေ၊ တချို့ပုဂ္ဂလိကတွေက ဒီ Test Kits တွေကို ဝယ်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ကို ကြော်ငြာပြီး ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒါ Anti Body Test Kits နဲ့ ယူပြီး စစ်နေတယ်လို့ ကျွန်တော်တို့ အထိုက်အလျောက် သိပါတယ်။

တချို့စက်ရုံတွေမှာဆိုရင်လည်း သွေးဖောက်ပြီး ဒါတွေ စစ်ဆေးဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီကိစ္စတွေကို ကျွန်တော်တို့ဌာနက အသိအမှတ်ပြုမထားပါဘူး။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အသိအမှတ်ပြုမထားပါဘူး။ WHO ကလည်း အသိအမှတ်ပြုမထားပါဘူး။ ဒါတွေနဲ့ ဆောင်ရွက်နေကြတဲ့ အခါကျတော့ အလွန်အန္တရာယ်ကြီးပါတယ်။ ဒီကိစ္စက စတင်ယူတဲ့ နေရာကနေစပြီးတော့ အန္တရာယ်ရှိပါတယ်။ ကျွန်တော်တို့ကတော့ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ယူတဲ့ နေရာကစလို့ သေသေချာချာ လေ့ကျင့်ထားတဲ့ ဝန်ထမ်းတွေနဲ့ ဆောင်ရွက်ကြပါတယ်။ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ယူတဲ့နေရာကိုလည်းပဲ ကူးစက်မှုကင်းအောင် ဆောင်ရွက်ထားပါတယ်။ ပြီးရင် ဒါတွေကို စနစ်တကျ စွန့်ပစ်ကြတာဖြစ်ပါတယ်။

နောက်တစ်ခုက ကိုယ့်ဟာနဲ့ကိုယ် လုပ်နေကြတဲ့ အခါကျတော့ နည်းပညာအရ မှားနိုင်ပါတယ်။ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ကိုယ့်ဟာနဲ့ကိုယ် ယူမယ်ဆိုရင် ညှာညှာတာတာ လုပ်ကြမယ်ဆိုရင်ပဲ Negative ထွက်ဖို့က များတာပေါ့၊ နောက်တစ်ခုက ဒီကိစ္စ စစ်ပြီးသွားလို့ စွန့်ပစ်တော့မယ်ဆိုရင် ဘယ်ကိုစွန့်ပစ်မှာလဲဆိုတာက အရေးကြီးပါတယ်။ စွန့်ပစ်တဲ့အခါမှာ စနစ်တကျ မလုပ်ဘူး။ သေသေချာချာ မစွန့်ပစ်ဘူးဆိုရင် တခြားသူကို ကူးစက်မှာပဲ။ အနည်းဆုံးကူးမှာကတော့ ကိုယ့်အိမ်သားအချင်းချင်းကို ကူးကြတော့မယ်။ တကယ်သာ ရောဂါရှိတဲ့သူကို ဒီလိုပုံစံနဲ့ ယူမိကြရင် အိမ်သားတွေကူးပြီး သူတို့ စွန့်ပစ်တဲ့နေရာက ကိုင်တွယ်ထိတွေ့မိတဲ့ သူကိုကူးမှာပဲ။ မှန်ကန် တိကျမှုကလည်း WHO အတည်ပြုချက်ရမှ ဖြစ်မှာပါ။ တိုးတိုးတိတ်တိတ်နဲ့ ဈေးထဲကဝယ်ပြီး စစ်တယ်။ ဈေးထဲက သွင်းလာတာတွေက တိုးတိုးတိတ်တိတ် ကြိတ်ပြီး သွင်းလာတာတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ FDA အသိအမှတ်ပြုမှု ဘာမှမပါဘူး။

ပြည်သူလူထု စိတ်ချလက်ချသုံးဖို့ကို ဒီဥစ္စာသုံးစွဲဖို့ဆိုတာ လုံးဝမသင့်ပါဘူး။ အကယ်၍များ အဲဒီမှာ Positive ထွက်ခဲ့တယ်လို့ပြောခဲ့ရင် သူတို့က ဘယ်လိုပုံစံတွေနဲ့ ဆက်သွားပြီးတော့ ကျွန်တော်တို့ ဌာနတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ကြမလဲဆိုတာ အလွန်ရှုပ်ထွေးလာစရာ အကြောင်းတွေပဲ ရှိလာနိုင်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုအနေနဲ့ မမှန်ကန်တဲ့ Test Kits တွေ ဝယ်ယူသုံးစွဲခြင်းကနေ ရှောင်သင့်ပါတယ်။ ရောင်းချတဲ့သူတွေအနေနဲ့ ဒါတွေရောင်းချဖို့ မသင့်ပါဘူး။ ပြည်သူလူထုအနေနဲ့ အကျပ်အတည်းထဲကို တွန်းပို့မယ့် အခြေအနေတစ်ခုမှာ ဒီ Test Kits တွေက ယုံကြည်စိတ်ချရမှု ဘာမှအာမခံချက် မရှိတဲ့အတွက် ပြည်သူလူထုအနေနဲ့ ဒါတွေကို ရှောင်ရှားပြီးတော့ ရောဂါလက္ခဏာ ပြလို့ရှိရင် ဒါမှမဟုတ် ရောဂါရှိသူနဲ့ ထိတွေ့မှုရှိခဲ့တယ်ဆိုရင် ကိုယ့်မြို့နယ်မှာရှိတဲ့ ကျန်းမာရေးဌာနကို ဖုန်းဆက်ပါ။ ဖုန်းဆက်မယ်ဆိုရင် ကျန်းမာရေးဌာနက ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဝန်ထမ်းတွေက ဆက်ပြီးဆောင်ရွက်မှာပါ။ စစ်ဆေးပေးသွားမှာပါ။ ပြီးရင် ကုသမှုရအောင် ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ ကျန်းမာရေးဝန်ထမ်း တော်တော်များများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရတယ်လို့ သိရပါတယ်။ အဲဒီကျန်းမာရေးဝန်ထမ်းတွေနေရာမှာ ဘယ်လိုဖြည့်ဆည်းဆောင်ရွက်ထားလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးထဲမှာ ကိုဗစ်-၁၉ ကူးစက်ခံရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ များပါတယ်။ အားလုံးပေါင်း ၅၀၀ ကျော် ကူးစက်ခံထားရပါတယ်။ အဲဒီထဲမှာ အများစုက ဆေးရုံမှာလုပ်ကိုင်နေကြတဲ့ ဝန်ထမ်းတွေပါ။ ရန်ကုန်ဆေးရုံကြီးကတော့ အများဆုံး ဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေး လုပ်ငန်းမှာဆိုရင်လည်း ပြည်သူ့ကျန်းမာရေးဌာနမှာ ၈၀ လောက် ကူးစက်ခံထားရပါတယ်။ အဲဒီထဲမှာမှ နှစ်ဦးက ဆုံးပါးသွားခဲ့ပါတယ်။ တစ်ဦးက တာမွေမြို့နယ်က ကျန်းမာရေးမှူး ဖြစ်ပါတယ်။ သူကတော့ အသည်းရောင် အသားဝါဘီ ရောဂါအခံရှိတယ်။ နောက်တစ်ယောက်က တိုက်ကြီးက ကျန်းမာရေးကြီးကြပ်(၂) ဖြစ်ပါတယ်။ သူဆိုရင်လည်း ကူးစက်ခံရပြီး သေဆုံးသွားခဲ့ပါတယ်။ သူကလည်း ရောဂါအခံရှိတယ်။ ကျောက်ကပ်ဆေးနေရတယ်။ ဒါနဲ့ပဲ ဆုံးပါးသွားခဲ့တယ်။ ဒါတွေအတွက် ကူးစက်ခံရတဲ့ အခြေအနေတွေ၊ နောက်တစ်ခုက ဝန်ထမ်းအင်အား အခြေအနေတွေ၊ ကူးစက်မခံရခင်ကတည်းက ကျန်းမာရေးဝန်ထမ်းတွေ လုံလောက်မှု ရှိသလားဆိုတဲ့ မေးခွန်းကလည်း အများသူငှာမေးတဲ့ မေးခွန်းပါပဲ။ ကျန်းမာရေးဝန်ထမ်း လုံလောက်မှုရှိသလားဆို မလုံလောက်ပါဘူး။

ရန်ကုန်တိုင်းဒေသကြီးက တစ်နိုင်ငံလုံးရဲ့ ၇၅ ရာခိုင်နှုန်းလောက်က ရောဂါကူးစက်ခံရတာ ဖြစ်တယ်။ ရောဂါအဖြစ်နည်းတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ကျန်းမာရေးဝန်ထမ်းတွေက ရန်ကုန်ကို အလှည့်ကျလာပြီး ဝိုင်းကူကြတယ်။ တချို့ကျတော့လည်း လုပ်အားပေးအနေနဲ့ စာရင်းပေးသွင်းပြီး ပြည်သူ့ကျန်းမာရေး လုပ်ငန်းတွေ၊ ကုသရေးစင်တာတွေမှာ လာပြီးဝိုင်းကူလုပ်ပေးကြတယ်။ ဒီထဲမှာ မေ့ဆေးဆရာဝန်တွေပါတယ်၊ အထွေထွေရောဂါကုဆရာဝန်တွေပါတယ်။ ဆရာဝန်ကြီးငယ်အားလုံး၊ ဓာတ်ခွဲဝန်ထမ်းတွေအားလုံး၊ သူနာပြုတွေအားလုံး ဒါတွေကလည်း ဝိုင်းကူနေကြတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးက ကြက်ခြေနီတွေကလည်း ပါဝင်ကူညီကြတယ်။ ဆေးကျောင်းတွေကဆိုရင်လည်း ဆေးတက္ကသိုလ်က ဆရာ၊ ဆရာမတွေ၊ ဆေးကျောင်းသားတွေလည်း ပါဝင်ကူညီကြတယ်။ ကွာရတင်းစင်တာတွေမှာ အခြေခံ အောက်ခြေသိမ်းအလုပ်တွေကအစ ဆေးကျောင်းသားတွေက ပါဝင်ကူညီလုပ်ကိုင်ပေးနေကြတယ်။ ဒီဟာတွေနဲ့ပဲ လည်ပတ်ပြီးတော့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး လုပ်ငန်းတွေကို အရှိန်မပြတ် ဆောင်ရွက်နေပါတယ်။

အခက်အခဲကတော့ ရှိတယ်။ ဒီအခက်အခဲက အခုအချိန်ထိကို ပြေပြေလည်လည်နဲ့ သွားတုန်းပဲ ရှိပါသေးတယ်။ တော်တော်များများ ကျန်းမာရေးဝန်ထမ်းတွေက ပင်ပန်းနေကြပါပြီ။ ပင်ပန်းတာကို အလှည့်ကျစနစ်လေးနဲ့ သွားပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ လုပ်ငန်းကို အဆက်မပြတ် လည်ပတ်နိုင်အောင် ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကတော့ ရှေ့တန်းက ဆောင်ရွက်တယ်ဆိုပေမယ့် ပြည်သူလူထုအနေနဲ့ကတော့ ရှေ့တန်းက ဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့အတူ ရှေ့တန်းကိုတက်လာပြီး တစ်သားတည်းဖြစ်ဖို့ လိုအပ်ပါတယ်။ တစ်သားတည်းဖြစ်တဲ့ အချိန်ကလည်း ကိုဗစ်-၁၉ ကို အောင်အောင်မြင်မြင်နဲ့ ကျော်လွှားနိုင်မယ့် အချိန်နဲ့ အလွန်နီးကပ်တဲ့အချိန် သို့မဟုတ်ရင်လည်း အောင်မြင်တဲ့အချိန်က အဲဒီအချိန် ဖြစ်ပါတယ်။

**မေး ။ ။ ကမ္ဘာ့သတင်း စာမျက်နှာတွေမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ကာကွယ်ဆေး ရရှိနေပြီဆိုတဲ့သတင်းတွေ တွေ့နေရပါတယ်။ မြန်မာနိုင်ငံက ပြည်သူ့တွေအနေနဲ့လည်း ကာကွယ်ဆေးရရှိဖို့ မျှော်လင့်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ အခြေအနေရှိရင်လည်း သိချင်ပါတယ်။**

ဖြေ ။ ။ ကိုဗစ်-၁၉ ကာကွယ်ဆေးရတာနဲ့ ပြည်သူတွေအနေနဲ့ အားလုံးရရှိကြမှာ ဖြစ်ပါတယ်။ ရရှိကြမယ့် အခြေအနေမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကာကွယ်ဆေး ရရှိမှု အခြေအနေအပေါ် မူတည်ပြီးတော့ ညီတူညီမျှ ဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြတာ ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ရော၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ရော ကာကွယ်ဆေးရရှိရေး၊ ကာကွယ်ဆေးထိုးနှံရေးအတွက် အဆက်မပြတ် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ သိထားတာက ကနဦးမှာ တစ်နိုင်ငံလုံးရဲ့ လူဦးရေရဲ့ ၃ ရာခိုင်နှုန်းလောက်ကရမယ်။ ရတဲ့ဟာကို ညီတူညီမျှရအောင် ဆောင်ရွက်နေတဲ့အတွက်ကြောင့်မို့ ကာကွယ်ဆေးကလည်း ပြည်သူလူထုအားလုံးရဲ့ မျှော်လင့်ချက်လည်း ဖြစ်ပါတယ်။ ကာကွယ်ဆေးရဖို့က ကျွန်တော်တို့အတွက် အလွန်အရေးကြီးပါတယ်။ အဲဒီထက် အရေးကြီးတာ ပြောရမယ်ဆိုရင် ကာကွယ်ဆေးရပြီးတဲ့ နောက်ပိုင်းပဲဖြစ်ဖြစ်၊ ကာကွယ်ဆေးမရခင် ကြားထဲမှာပဲ ဖြစ်ဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာဖို့ ပြည်သူလူထုအနေနဲ့ အရေးကြီးပါတယ်။ ကာကွယ်ဆေးရပြီးတဲ့ အချိန်မှာလည်း လိုက်နာဖို့လိုပါတယ်။ မရခင်အချိန်မှာ ပိုပြီးလိုက်နာကြရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးရပြီဆိုရင်လည်း ပေါ့ဆမနေဖို့ အရေးကြီးပါတယ်။ ကိုဗစ်-၁၉ ရောဂါကလည်း တစ်ကမ္ဘာလုံးက အခုမှစပြီး ရင်ဆိုင်ကြုံတွေ့ခဲ့ရတာပါ။ နောက်ဆက်တွဲ အခြေအနေတွေကလည်း သေသေချာချာ သိဖို့ခက်ပါသေးတယ်။ အဲဒီကာလမှာတော့ သိပြီးသားဖြစ်တဲ့ ကာကွယ်ရေးနည်းလမ်းတွေကို ကာကွယ်ဆေးနဲ့အတူ မျှော်လင့်ပြီးတော့ပဲ ဒါတွေကို ပြည်သူလူထုအနေနဲ့ လိုက်နာကြဖို့ လိုပါတယ်။

ယခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ရှင့်။

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇေယျာကျော်ဝင်း**



ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဓာတ်ခွဲခန်းတွင် ကိုဗစ်-၁၉ရောဂါ ရှာဖွေစစ်ဆေးနေသည်ကို တွေ့ရစဉ်။



ဆေးသုတေသနဦးစီးဌာနတွင် ကိုဗစ်-၁၉ရောဂါ ရှိမရှိ စစ်ဆေးရန် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ယူနေသည်ကို တွေ့ရစဉ်။

# ရာပြည့်ရန်ကုန်တက္ကသိုလ်နှင့် သိပ္ပံပွဲခင်းများ

## ဒေါက်တာရေချမ်း

"နတ္ထိဝိဇ္ဇာ သမံမိတ္တံ"၊ "ပညာနှင့်တူသော မိတ်ဆွေမရှိ" ဆောင်ပုဒ်နှင့်အညီ မိမိရင်ခွင်တွင် ခိုလှုံပညာသင်ကြားသူအားလုံးကို ပညာရပ်မိတ်ဆွေအသီးသီးနှင့် တွေ့ဆုံပေးရာ ရန်ကုန်တက္ကသိုလ်ကြီးသည် ယခုအချိန်၌ နှစ် ၁၀၀ တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ခေတ်စနစ်အမျိုးမျိုးကို မည်သို့ပင် ဖြတ်သန်းခဲ့ရသည်ဖြစ်စေ အမိတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားသူ ကျောင်းသား ကျောင်းသူများ၊ တာဝန်ထမ်းဆောင်သူ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလုံးသည် အမိတက္ကသိုလ်ရင်သန့်ဖွံ့ဖြိုးနိုင်ရန် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ပညာရပ်ဆိုင်ရာပွဲများ၊ အားကစား၊ အနုပညာ၊ လူမှုရေး၊ ပညာရပ်အသင်းအဖွဲ့လှုပ်ရှားမှုများ စသည့် ကျောင်းခန်းပြင်ပ လှုပ်ရှားမှုများသည် အမိတက္ကသိုလ်၏ အနှစ်သာရကို ပါဝင်ဖော်ဆောင်ပေးနေသော အရာများဖြစ်ပါသည်။

### နှစ်စဉ်ကျင်းပသည့်ပွဲဖြစ်

ထိုလှုပ်ရှားမှုများအနက်မှ ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း (UY Science Fair) ကို ၂၀၁၄ ခုနှစ်မှစတင်၍ တက္ကသိုလ်များသိပ္ပံသုတေသနဌာနမှ ဦးစီး၍ နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၉ ခုနှစ်တွင် (၆)ကြိမ်မြောက်ရှိခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများကို သိပ္ပံနည်းကျဆောင်ရွက်တတ်စေရန်၊ သိပ္ပံပညာရှင်များ၏စိတ်ဓာတ်မွေးမြူတတ်စေရန်နှင့် ပြည်သူလူထုကြားသိပ္ပံဆိုင်ရာ အသိပညာပြန့်ပွားလာစေရန် ရည်ရွယ်လျက် ပထမအကြိမ် ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း-၂၀၁၄ ကို ထိုစဉ်က ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူက ကျင်းပရေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူဦးစီး၍ ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာနှင့် ဝိဇ္ဇာခန်းမတို့တွင် ကျင်းပခဲ့ပါသည်။ ပထမအကြိမ်သိပ္ပံပွဲခင်းတွင် ရန်ကုန်တက္ကသိုလ် သိပ္ပံဘာသာရပ်ဌာနများမှ သုတေသနနှင့် သင်ကြားသင်ယူမှုဆိုင်ရာပြခန်းများ၊ လျှပ်စစ်ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒဂုံတက္ကသိုလ်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့နှင့် သိပ္ပံပစ္စည်းအလုပ်ရုံ စသည်တို့မှ ပြခန်းများ၊ နည်းပညာကုမ္ပဏီများ၏ သင်ထောက်ကူနှင့် သုတေသနလုပ်ငန်းသုံး စက်ပစ္စည်းများပြသသည့်ပြခန်းများ စုစုပေါင်းပြခန်းပေါင်း ၄၀ ကျော် ပါဝင်ပြသခဲ့ပါသည်။ ထို့အပြင်နည်းပညာဆိုင်ရာ ဟောပြောပွဲများ၊ ပဒေသာကပွဲများ၊ ပျော်ပွဲရွှင်ပွဲ ဈေးရောင်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ပျော်ပွဲရွှင်ပွဲဈေးရောင်းပွဲများတွင် ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဌာနအားလုံး၊ စီမံဘဏ္ဍာဌာန၊ ကျောင်းသား ကျောင်းသူများဖြင့် ဖွဲ့စည်းထားသော တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ တိုင်းရင်းသားရိုးရာစားသောက်ဖွယ်များ၊ အမှတ်တရပစ္စည်းများ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းပြိုင်ပွဲများဖြင့် ပါဝင်ဆင်နွှဲခဲ့ပါသည်။ ထို့ကြောင့် သိပ္ပံပွဲခင်းသည် သိပ္ပံဘာသာရပ်ဌာနများအတွက်သာမဟုတ်ဘဲ ရန်ကုန်တက္ကသိုလ်၏ သင်ကြား/စီမံဌာနများနှင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ဌာနအားလုံး ပူးပေါင်းပါဝင်ကြသော ရန်ကုန်တက္ကသိုလ်၏ နှစ်စဉ်ကျင်းပသည့်ပွဲ ဖြစ်ပါသည်။

ဒုတိယအကြိမ် ကျင်းပသော ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း-၂၀၁၅ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် ဘွဲ့ကြိုကျောင်းသား/ကျောင်းသူများ၏ ဆန်းသစ်သိပ္ပံပြပွဲ၊ ပြိုင်ပွဲများကို စတင်ထည့်သွင်းကျင်းပခဲ့ပါသည်။ ကျောင်းသားကျောင်းသူများ၏ "ဘီအေ (ဘီအက်စီ) အောင်ရင်ဘာလုပ်မလဲ" ဟူသော စိုးရိမ်စိတ်ကို စွန့်ဦးတီထွင် ကိုယ်ထူးကိုယ်ချွန်လိုစိတ်ဖြင့် ပြောင်းလဲပေးနိုင်ရန်နှင့် သရုပ်ခွဲစိစစ်လေ့လာမှုမှသည် ပေါင်းစပ်ဆန်းသစ်နိုင်စွမ်းသို့ မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။



ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်းမှ ဘာသာရပ်ဌာနပြခန်းများ။

**"သိပ္ပံပွဲခင်းသည် တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများသာမက ကုမ္ပဏီအဖွဲ့အစည်းများ၊ စက်မှုစီးပွားအဖွဲ့အစည်းများ လာရောက်ကြည့်ရှုသူ ပြည်သူများအကြား အလွတ်သဘော မေးမြန်းဆွေးနွေးအကြံပေးနိုင်ခြင်း၊ တက္ကသိုလ်များတွင် ဆောင်ရွက်လျက်ရှိသော ပညာရပ်ဆိုင်ရာလုပ်ငန်းများ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍများကို ဖွင့်လှစ်ပြသနိုင်ခြင်းတို့ကြောင့် တက္ကသိုလ်များနှင့် စက်မှုစီးပွားလုပ်ငန်းများအကြား အပြန်အလှန်ယုံကြည်မှုရရှိပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပေး"**

သိပ္ပံပွဲခင်း၏ သိပ္ပံပရောဂျက်များသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ပြုလုပ်ရသည်မဟုတ်၊ စိတ်ကူးတူရာ လူငယ်များစုပေါင်း၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည့်အပြင် လွတ်လပ်စွာ အချက်အလက်ရှာဖွေခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ယင်းနောက်မိမိတို့ဖန်တီးထားသည်တို့ကို အခြားသူများအား လွတ်လပ်စွာ ထုတ်ဖော်ပြသနိုင်ခြင်း အစရှိသည်တို့ ပါဝင်ပါသည်။

### စတုတ္ထစက်မှုခေတ်

ယနေ့ခေတ်ကာလသည် နိုင်ငံတကာတွင် စတုတ္ထစက်မှုခေတ် (Industry 4.0) သို့ ကူးပြောင်းနေပြီး ယင်းနှင့်လိုက်လျောညီထွေဖြစ်မည့် စတုတ္ထပညာခေတ် (Education 4.0) သို့ ပြောင်းလဲနေသော အချိန်အခါဖြစ်ပါသည်။ စတုတ္ထစက်မှုခေတ် (Industry 4.0) ဆိုသည်မှာ ဖန်တီးထားသောအသိဉာဏ် (Artificial Intelligence)၊ အလိုအလျောက် ကွန်ရက်သုံးထိန်းကျောင်းမှုနည်းပညာ (Internet of things)၊ စက်ရုပ်နည်းပညာ (Robotics) အစရှိသည့် နည်းပညာများနှင့် ပေါင်းစပ်နည်းပညာများအပေါ်တွင် အခြေခံသည့် စက်မှုစီးပွားလုပ်ငန်းများပင်ဖြစ်ပါသည်။ အဆိုပါနည်းပညာများသည် ခေတ်နှင့်အညီ ပြောင်းလဲနေသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှုအတွက် များစွာအကျိုးသက်ရောက်လျက်ရှိပါသည်။ ထို့ကြောင့် စက်မှုပြောင်းလဲမှု ၄.၀ နှင့် သဟဇာတဖြစ်စေမည့် ပညာရေးကိုလည်း ခေတ်နှင့်အညီ ပြောင်းလဲနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှု နည်းစနစ်များ၊ ပညာရေးကဏ္ဍအတွက်လိုအပ်သော အခြေခံအဆောက်အအုံများ အစရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကာလလည်းဖြစ်ပါသည်။

### ဆန်းသစ်သိပ္ပံပရောဂျက် ပြပွဲပြိုင်ပွဲများ

ထို့ကြောင့် ဆန်းသစ်သိပ္ပံပရောဂျက် ပြပွဲပြိုင်ပွဲများသည် ကျောင်းသား ကျောင်းသူများအတွက် စာသင်ခန်းအတွင်း သမားရိုးကျ သင်ကြားလေ့လာမှုမှ ဖောက်ထွက်လျက် မိမိစိတ်ပါဝင်စားရာကို စာသင်ခန်းပြင်ပတွင် လွတ်လပ်စွာရှာဖွေ ဆည်းပူးနိုင်မှု၊ စိတ်ကူးတူသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို လှုံ့ဆော်ပေးနိုင်ပြီး လက်တွေ့သင်ယူနိုင်စွမ်း၊ သီးခြားသင်ယူနိုင်စွမ်း၊ ဒစ်ဂျစ်တယ်စွမ်းရည်၊ အချိန်စီမံခန့်ခွဲမှု၊ ပြဿနာဖြေရှင်းနိုင်မှု စသည့် စတုတ္ထပညာခေတ်အတွက် လိုအပ်သော အခြေခံများကို လေ့ကျင့်ပျိုးထောင်နိုင်မည်ဟု မြင်မိပါသည်။ ယခုအချိန်တွင် တက္ကသိုလ်၏အသက်သည် သုတေသနဟုဆိုစကားနှင့်အညီ သုတေသနလုပ်ငန်းများ၊ သုတေသန ဆောင်ရွက်မှု အလေ့အကျင့်များ တိုးတက်ဖြစ်ထွန်းလာစေရန် တွန်းအားပေးဆောင်ရွက်နေသည့် ကာလလည်းဖြစ်ပါသည်။ အရည်အသွေးပြည့်ဝသည့် သုတေသနများထွက်ပေါ်လာစေရန် အလေ့အကျင့်ကောင်း၊ ပတ်ဝန်းကျင်ကောင်း၊ အထောက်အပံ့နှင့် သုတေသနအပေါ် စိတ်ဝင်စားမှုစသည့် အခြေခံအချက်များ ရှိရပါမည်။ တက္ကသိုလ်ဆိုသည်မှာ အဆိုပါအချက်များကို ဖန်တီးပေးသည့်နေရာ ဖြစ်ရပါမည်။ ကျောင်းသား ကျောင်းသူများကို ဘွဲ့ကြိုကာလမှပင်စတင်၍ ဖန်တီးလိုစိတ်၊ တီထွင်လိုစိတ်နှင့် ပူးပေါင်းဆောင်ရွက်လိုစိတ် အစရှိသည့် သုတေသန၏ အခြေခံ မျိုးစေ့ကောင်းများကို ရရှိစေရန် ဖန်တီးပေးရမည်ဖြစ်ပါသည်။ သိပ္ပံပွဲခင်းများသည် အဆိုပါလိုအပ်ချက်များ၏ တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းပေးနေခြင်း ဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည် ဒေါက်တာရေချမ်း
- ၁၉၆၆ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပါသည်။
- ၁၉၈၂ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တွင် ရူပဗေဒအဓိကဖြင့် တက်ရောက်သင်ကြားခဲ့ပြီး ၁၉၈၄ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်(ပင်မ)တွင် ရူပဗေဒဂုဏ်ထူးတန်းကို တက်ရောက်ခဲ့ပါသည်။
- ၁၉၈၇ ခုနှစ်တွင် ရူပဗေဒဂုဏ်ထူးဘွဲ့ B.Sc (Hons) ဘွဲ့ကို ပထမတန်းအဆင့်ဖြင့် အောင်မြင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ (M.Sc) ကိုရရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရူပဗေဒ(PhD)ကို ရရှိခဲ့ပါသည်။
- ၂၀၁၀ ခုနှစ်တွင် ကိုရီးယားနိုင်ငံရှိ Seoul National University တွင် Post Doctorate Research သွားရောက်ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဂျပန်နိုင်ငံ Aizu University ၌ Visiting Research Professor အဖြစ် သွားရောက်ခဲ့ပါသည်။
- ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်များ၏ ရူပဗေဒဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအချိန်၌ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန၏ ပါမောက္ခ(ဌာနမှူး) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။



ဝိဇ္ဇာခန်းမ မြက်ခင်းပြင်တွင် ပြုလုပ်သော ပျော်ပွဲရွှင်ပွဲ ဈေးရောင်းပွဲ။

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး

*စာမျက်နှာ ၆ မှ*

ဘာလို့လဲဆိုတော့ ပဲခူးဆောင်က ဗိုလ်ချုပ်အောင်ဆန်းနေခဲ့တဲ့ အဆောင်လေ။ အဆောင်မှာ ဗိုလ်ချုပ်အခန်းရှိကြောင်း သူပြောတော့ ကျွန်မတို့ သူငယ်ချင်းတစ်သိုက် ပဲခူးဆောင်ရောက်သွားကြတာပေ့ါ။ ဗိုလ်ချုပ်နေတဲ့ အခန်းက မြေညီထပ်၊ အခန်းကို သော့ခတ်ထားတယ်။ ဝင်ပေါက်တံခါးမှန်ချပ်ကနေ အထဲကို ကြည့်တော့ ဗိုလ်ချုပ်အိပ်တဲ့ ခုတင်၊ စာကြည့်စားပွဲ၊ ကုလားထိုင်၊ ကုလားထိုင် နောက်ကျောအမှီမှာ ဗိုလ်ချုပ်ဆောင်းတဲ့ ထီး ချိတ်ထားတယ်။

ကြည့်နေတုန်း တစ်ဖက်လျှောက်လမ်းကနေ ကျောင်းသားအချို့ ဖြတ်လျှောက်ရင်း ဗိုလ်ချုပ်အခန်းရှေ့ရောက်တော့ 'ကိုအောင်ဆန်းထတော့၊ တို့အတန်း သွားတော့မယ်။ အဆောင်မနက်စာ စားမကောင်းဘူး။ အတန်းပြီးရင် ကင်တင်းသွားမယ်။ ခင်ဗျားလိုက်ခဲ့။' လို့ တစ်ယောက်တစ်ပေါက် ပြောဆိုနှုတ်ဆက်သွားကြတာ။ သူတို့က ဗိုလ်ချုပ်ကို ရှိနေသူ၊ ရှင်နေသူအဖြစ် သတ်မှတ်ထားတာကိုး။ သူတို့ရဲ့ သူငယ်ချင်းတစ်ယောက်လို ချစ်ခင်တဲ့စိတ်နဲ့ ပြောဆိုဆက်ဆံနေတာကို သတိထားမိပြီးစိတ်ထဲ ကြည်နူးပီတိဖြစ်ခဲ့ရပါတယ်။

**စာသင်နေတုန်း အိပ်ငိုက်ပုံ**

ကျွန်မတက္ကသိုလ်ကျောင်းသူဘဝက လေ့လှော်အားကစား လုပ်ပါတယ်။ မနက်စောစော အင်းလျားကန်ထဲ သူငယ်ချင်းတွေနဲ့ လေ့လှော်လေ့ကျင့်ကြတယ်။ လေ့ကျင့်ပြီး အင်းလျားလမ်းက ခေမရဋ္ဌမှာ မုန့်စားပြီးမှ အတန်းတက်တယ်။ နေ့လယ်စာစားပြီး အတန်းပြန်တက်ချိန်က ဆရာကြီး ဦးတိမ်ကြည်ရဲ့ မွန်ကျောက်စာချိန်။ ကျောင်းသား ကျောင်းသူတွေ အင်မတန်ချစ်ကြောက်ရိုသေ၊ လေးစားရတဲ့ဆရာကြီး။ ဆရာကြီးက စာသင်သိပ်ကောင်းတော့ ဆရာကြီးအချိန်ဆို နေရာဦးရတယ်။ ကျောင်းသူ ကျောင်းသား အတန်းပြည့်ပဲ။ ဆရာကြီး စာသင်လို့ ဆယ့်ငါးမိနစ်လောက်ဆို ကျွန်မ စငိုက်ပြီ။ ငိုက်သာ ငိုက်တယ် ကြောက်ရတာလည်းအလွန်ပါ။ အိပ်ငိုက်တာ မသိအောင် ကျွန်မဦးခေါင်းကို ဘေးနားက သူငယ်ချင်း လက်နဲ့ ထောက်ပြီး ငိုက်ရတယ်။ လူကတော့ ဟန်မပျက် စာလိုက်နေတဲ့ ပုံစံနဲ့ပေ့ါ။ အတန်းပြီးလို့ဆရာကြီးကို နှုတ်ဆက်သံကြားမှ နိုးထတော့တယ်။ လက်ထောက်ထားပေးတဲ့ သူငယ်ချင်းလက်တွေ ထုံကျင်နေတော့တာပဲ။ အဲ့ဒီတုန်းက ကျွန်မအိပ်ငိုက်ခဲ့တာ ဆရာကြီး မသိဘူးလို့ထင်ခဲ့တာပဲ။

**တိုင်းရင်းသားရိုးရာပွဲတော်ဆင်နွှဲပျော်**

စတုတ္ထနှစ်ရောက်တော့ အာရ်စီထဲမှာ တိုင်းရင်းသားရိုးရာပွဲကို ဖိတ်လို့ ကျွန်မတို့အုပ်စု ဆရာကြီးအချိန်မတိုင်မီ သွားကြတယ်။ ဟိုရောက်တော့ ရိုးရာမုန့်တွေ တစ်မျိုးပြီး တစ်မျိုး လိုက်စားကြတာ။ ကျွန်မတို့ကို ခေါင်ရည်ပါ တိုက်လွှတ်လိုက်တယ်လေ။ သောက်တုန်းကတော့ ဘာမှမဖြစ်ကြပါဘူး။ ဆရာကြီးအတန်းလည်း တက်ရော ဘယ်အချိန်ဘယ်လို အိပ်ပျော် သွားမှန်းကို မသိတော့ဘူး။ တစ်အုပ်စုလုံး စားပွဲပေါ် ခေါင်းမှောက် အိပ်နေကြတာ။ အတန်းပြီး နိုးလာတော့မှ အတန်းဖော်တွေ ပြန်ပြောပြလို့ အကြောင်းစုံသိရတော့တယ်။ နောက်တစ်နေ့မှာတော့ ကျွန်မတို့ ဆရာကြီးအခန်းမှာ တောင်းပန်စကားပြောရင်း ထိုင်ကန်တော့ခဲ့ကြရတယ်။ တိုင်းရင်းသားပွဲတော်နေ့ဆိုရင် ရိုးရာမုန့်တွေအစုံ စားရသလို၊ ရိုးရာပစ္စည်းတွေလည်း ဝယ်လို့ရတယ်။ ညဘက်ရောက်တော့ ရိုးရာအကတွေနဲ့ ကခုန်ကြတာလည်း အမှတ်ရစရာတွေပါ။

**ဂျွန်လိုက်လို့ ပြေးရသေး**

အတန်းပြီးချိန်တွေဆို ကျွန်မတို့အုပ်စု အင်းလျားကန်ပေါင်သွား အကြော်နဲ့ ရခိုင်မုန့်တီသွားစားလေ့ရှိတယ်။ ကန်ပေါင်မှာ ထိုင်ပြီး ညနေခြောက်နာရီလောက်မှ လှည်းတန်းဘက် လမ်းလျှောက်လာ၊ ဘတ်စ်ကားစီး အိမ်ပြန်ကြတယ်။ အဲ့ဒီတုန်းက အကြော်ဆိုင်က ကန်ပေါင်ထောင့်အချိုး တောင်ပိန္နဲပင်ကြီးနှစ်ပင်အောက်မှာ ခနော်နီခနော်နဲ့ စားပွဲခုံ၊ သစ်သားခုံပုပုလေးတွေနဲ့ ရခိုင်မုန့်တီက ဆိုင်မဟုတ်သေးဘူး။ အထမ်းသမား။ နာမည်က အာပူလျှာပူ။ တစ်ညနေခင်း ကျွန်မတို့အုပ်စု အကြော်စုံစား၊ ရခိုင်မုန့်တီ စပ်စပ်တွေစားပြီး ပါးစပ်ပူ၊ လျှာပူလွန်းလို့ အထမ်းသမား မန်ကျည်းဖျော်ရည်သည်ကို ဘွဲ့နှင်းသဘင်နောက်ပေါက်နားမှာ တွေ့လို့ ဝယ်သောက်တော့ ဈေးသည်က မရောင်းဘူးတဲ့။ ဘာလို့လဲမေးတော့ ဂျွန်လာနေလို့တဲ့။ ကျွန်မသူငယ်ချင်းက **'ဂျွန်မကြောက်နဲ့၊ ကျွန်မ စည်ပင်လူကြီးနဲ့ သိတယ်'** လို့ ပြောလိုက်တော့ ဈေးသည်က အဟုတ်ထင်ပြီး အထမ်းချ၊ ခုံခင်း၊ ဖျော်ရည်ဖျော်ပေးတော့တယ်။ ကျွန်မတို့လည်းဈေးသည်ခင်းပေးတဲ့ ခုံပုလေးတွေမှာထိုင်ရင်း ဖျော်ရည်သောက်တုန်း ဂျွန်စည်ပင်ကားကြီး ဆိုက်လာပါရော။ ဖျော်ရည်အမြန်သောက် ဈေးသည်ရဲ့ အထမ်းနှစ်ခုနဲ့ ထမ်းပိုး၊ ခုံတွေကို ကိုယ်စီကိုင်၊ ဈေးသည်ဦးလေးကြီးပါခေါ်ပြီး ဘွဲ့နှင်းသဘင်နောက်ပေါက်ကနေ ကျောင်းထဲဝင်ပြေးလို့ ဂျွန်ဘေးက လွတ်ခဲ့တယ်။

**ရုပ်ရှင်ရုံမှာ ခုံဦးတာ**

ရုပ်ရှင်လက်မှတ် လက်ဆောင်ရလို့ သမိုင်းဘာသာက သူငယ်ချင်းနှစ်ယောက်နဲ့ သမ္မတရုံမှာ ရုပ်ရှင်သွားကြည့်ကြတယ်။ ကျွန်မတို့အကျင့်က ရုပ်ရှင်ရုံထဲရောက်ရင် အလယ်ခုံနေရာကို ရအောင်ဦးလေ့ရှိတယ်။ အဖွဲ့သားများရင်တော့ အလယ်ခုံနေရာများ မှာပေ့ါ။ သွားတာက သုံးယောက်ဆိုတော့ အလယ်ခုံက တစ်နေရာပဲလေ။ မရရအောင် ဦးရတော့မှာပေ့ါ။ ရုပ်ရှင်ချိန်က ညနေ ၆ နာရီ။ ကျွန်မတို့ရောက်သွားတာ နည်းနည်းနောက်ကျတယ်။ ရုပ်ရှင်စနေပြီဆိုတော့ မီးတွေပိတ်ထားတယ်။ စမ်းတဝါးဝါးနဲ့ ခုံနံပါတ်ရှာရတယ်။ ကိုယ်ရှာတဲ့အတန်း ခုံနံပါတ်လည်းတွေ့ရော သုံးယောက်သား အလယ်ခုံ လုထိုင်လိုက်ကြတာ ရုပ်ရှင်တစ်ရုံလုံး အသံတွေဆူညံသွားတာပဲ။ အဲဒီအချိန်မှာ ချက်ချင်း မီးလင်းလာပြီး လုံခြုံရေးတွေက ခတ်မီးတွေနဲ့ရောက်လာတယ်။ 'ဘာဖြစ်တာလဲ'မေးတော့ ကျွန်မတို့သုံးယောက် ပြုံးစိစိနဲ့ 'ခုံနေရာဦးတာပါ'လို့ ပြောလိုက်တယ်။ ခဏနေတော့မှ မီးပြန်ပိတ်သွားပြီး ရုပ်ရှင်ဆက်ပြတော့တယ်။ ရုပ်ရှင်ကားအမည်က Princess and Photographer ။

**အင်းလျားကန်ထဲလှေနစ်ခဲ့**

တက္ကသိုလ်ပေါင်းစုံ လှေပြိုင်ပွဲနီးလို့ လေ့ကျင့်မှုတွေ လုပ်တဲ့အခါ အကြီးတန်းနဲ့ အငယ်တန်းတွဲပြီးလေ့ကျင့်လေ့ရှိတယ်။ ကျွန်မတို့လှေက အကြီးတန်းနှစ်ယောက်နဲ့ အခြားလှေက အငယ်တန်းနှစ်ယောက်။ လှေပေါ်မှာ လှော်သမားလေးယောက်နဲ့ ပဲ့ကိုင်ယောကျ်ားလေးတစ်ယောက် စုစုပေါင်း ငါးယောက်။ အင်းလျားကန်ထဲ လေ့ကျင့်ပြီးလို့ Club ကို အပြန်၊ Club နားရောက်မှ လှေကကွဲ၊ ရေဝင်ပြီး လှေနစ်ပါတော့တယ်။ ရေကူးတတ်တာဆိုလို့ ပဲ့ကိုင်ရယ်၊ ကျွန်မရယ် နှစ်ယောက်ပဲရှိတယ်။ ထိပ်ဆုံးက လှော်သမားကို ပဲ့ကိုင်က လှမ်းထိန်းထားနိုင်တယ်။ အလယ်လှော်သမားနှစ်ယောက်ကို ရေကူးတတ်တယ်လို့ပဲ ထင်ခဲ့တာ။ ကျွန်မ ကမ်းဘက်ကို လက်ပစ်ကူးဖို့ ပြင်တော့ သူတို့နှစ်ယောက် ရေမကူးတတ်ကြောင်းပြောပြီး သူတို့ကို မထားခဲ့ဖို့လှမ်းပြောတယ်။ ကျွန်မလည်း လှေဘက်ပြန်လှည့်ပြီး နစ်နေတဲ့လှေကို ပြိုင်တူမှောက်လိုက်ကြတယ်။ ပြီးတော့မှ လှေနံကို ငြိမ်အောင်ကိုင်ထားစေတယ်။ နောက်လှေတစ်စင်းနဲ့ အကူသမားသွားခေါ်ဖို့ ကမ်းဘက်ကိုအကူးမှာ အနားကတစ်ယောက် ကြောက်လန့်ပြီး ကျွန်မကိုလှမ်းဆွဲတော့ နှစ်ယောက်သား ဗလုံးဗထွေးဖြစ်ကုန်ရော။ ကျွန်မသူ့ကို လွှတ်အောင်ရှောင်လိုက်ပြီး သူစိတ်ငြိမ်အောင် ခဏစောင့်လိုက်တယ်။ ခဏနေတော့ ကျွန်မရဲ့ မလှမ်းမကမ်းမှာ ကူညီဖို့အသင့်ရောက်နေတဲ့ ကျောင်းသားတစ်ယောက် ကျွန်မ အခြေအနေကို သူကြည့်နေတယ်။ သူလည်း ကျွန်မဆီ စွတ်မဝင်ရဲဘူး။ ကျွန်မ ကျောင်းသားဘက်ကို ခုန်ကူးလိုက်ပြီး ကမ်းဘက်ဆက်ကူးလာခဲ့တယ်။ ကျောင်းသားက လှေနံရံကို ကိုင်ထားပြီး သူတို့နှစ်ယောက်ကို ဆက်ထိန်းထားပေးတယ်။ ကျွန်မ ကမ်းနားရောက်တော့ကူညီဖို့ထွက်လာတဲ့လှေတစ်စင်း ပေါ်တက်၊ သူတို့ရှိရာပြန်လာပြီးခေါ်ရတယ်။ တကယ့်ကို စွန့်စားခန်းပါပဲ။ တစ်ယောက်မှ ဘာမှမဖြစ်ကြလို့ တော်ပါသေးတယ်။

ကမ်းပေါ်ရောက်တော့မှ အဖြစ်အပျက်တွေကိုပြန်ပြောပြီး ရယ်မောနိုင်တော့တယ်။ ရေနစ်တဲ့ ကျောင်းသူတွေကို သွားကယ်တဲ့ ကျောင်းသားတွေနဲ့ စနောက်ကြပေ့ါ။ တက္ကသိုလ်မှာ ဆောင်ပုဒ်တစ်ခုရှိတယ် **'မစွံတောင်တက် လှေလှော်ထွက်၊ မလှော်ရေကူး၊ မကူးလုပ်အားပေး'**တဲ့။ ဘယ်သူရေးစပ်လိုက်လဲတော့ မသိဘူး။ စွံချင်ရင် ဆောင်ပုဒ်အတိုင်းသာလုပ် စွံတယ်တဲ့။ ကျွန်မအဖို့တော့ ဆောင်ပုဒ်နဲ့မညီပေမယ့် သူငယ်ချင်းတွေနဲ့ နေထိုင်စားသောက်ပျော်ရွှင်ခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသူဘဝကို ကျေနပ်နေရင်း ...။

**လွမ်းနေဆဲပါ မြကျွန်းညို။** ။

*စာမျက်နှာ ၈ မှ*

ဘွဲ့ကြိုကျောင်းသား ကျောင်းသူများမှလည်း ဆန်းသစ်သိပ္ပံပရောဂျက်ပြိုင်ပွဲများကို စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် ပရောဂျက်အဖွဲ့ပေါင်း ၂၈ ဖွဲ့၊ ၂၀၁၆ ခုနှစ်တွင် အဖွဲ့ ၃၀၊ ၂၀၁၇ ခုနှစ်တွင် ၃၈ ဖွဲ့၊ ၂၀၁၈ ခုနှစ်တွင် ၂၆ ဖွဲ့နှင့် ၂၀၁၉ ခုနှစ်တွင် ၃၉ ဖွဲ့ အသီးသီး ပါဝင်ယှဉ်ပြိုင်ကြသည်ကို အားရဖွယ် တွေ့ရှိရပါသည်။

အကောင်းဆုံး ဆန်းသစ်သိပ္ပံ ပရောဂျက်များကို ဒိုင်အဖွဲ့ဝင် ဆရာ ဆရာမကြီးများက ရွေးချယ်၍လည်းကောင်း၊ လာရောက်ကြည့်ရှုသူ ကျောင်းသား ကျောင်းသူနှင့် ပြည်သူများမှ မဲစနစ်ဖြင့်လည်းကောင်း ရွေးချယ်၍ ထိုက်တန်စွာ ဆုချီးမြှင့်လျက်ရှိပါသည်။ သိပ္ပံပွဲခင်း၏ သိပ္ပံပြခန်းများကို လေ့လာကြည့်လျှင် ဘာသာရပ်ဌာနအသီးသီးနှင့် ကုမ္ပဏီအဖွဲ့အစည်းများ၏ အဆင့်မြင့်ပညာကဏ္ဍ သုတေသနနှင့် နည်းပညာပြခန်းများ၊ ဘွဲ့ကြိုကျောင်းသားများ၏ ဆန်းသစ်တီထွင် ပရောဂျက်ပြခန်းများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပညာပေးပြခန်းများအပြင် သာမန်ပြည်သူလူထုနှင့် အခြေခံကျောင်းသား ကျောင်းသူများအတွက်ပါ ရည်ရွယ်ပြသသည့် သိပ္ပံဆပ်ကပ် (Science Circus) လည်း ပါဝင်သည်ကို တွေ့ရှိရပါမည်။ သိပ္ပံဆပ်ကပ်ဆိုသည်မှာ ပြည်သူလူထု ရှင်းလင်းလွယ်ကူစွာ နားလည်ရန် သိပ္ပံဘာသာရပ်အခြေခံများကို ဖျော်ဖြေမှုနှင့် ပေါင်းစပ်ထားသော တင်ဆက်ပြသမှုဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်မှစ၍ တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှ ဆရာများနှင့် ရူပဗေဒဌာနမှ ဆရာများ ပူးပေါင်း၍ သိပ္ပံဆပ်ကပ်ပြပွဲများကို သိပ္ပံပွဲခင်း-၂၀၁၆ တွင် စတင်ထည့်သွင်း ပြသခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ



အခြေခံပညာကျောင်းများ၌ သိပ္ပံဆပ်ကပ် ပြသစဉ်။

ရေးထိုးထားသော ဩစတြေးလျအမျိုးသားတက္ကသိုလ် (Australian National University) မှ အမျိုးသားပြည်သူလူထု သိပ္ပံပညာပေးစင်တာ (National Centre for Public Awareness of Science) မှ ပါမောက္ခနှင့်ဆရာများ လာရောက်၍ သိပ္ပံဆပ်ကပ်ကို သိပ္ပံပွဲခင်းများတွင် ပူးပေါင်းပါဝင်ပြသခဲ့ပါသည်။ သိပ္ပံဘာသာရပ် သင်ကြားမှုအတွက် အထောက်အကူပြုစေရန် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား သင်တန်းများ ပို့ချခြင်း၊ အခြေခံကျောင်းများသို့ သွားရောက်၍ သိပ္ပံဆပ်ကပ် ပြသခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

**အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်**

သိပ္ပံပွဲခင်းသည် တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများသာမက ကုမ္ပဏီအဖွဲ့အစည်းများ၊ စက်မှုစီးပွားအဖွဲ့အစည်းများ လာရောက်ကြည့်ရှုသူ ပြည်သူများအကြား အလွတ်သဘောမေးမြန်းဆွေးနွေးအကြံပေးနိုင်ခြင်း၊ တက္ကသိုလ်များတွင် ဆောင်ရွက်လျက်ရှိသော ပညာရပ်ဆိုင်ရာလုပ်ငန်းများ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍများကို ဖွင့်လှစ်ပြသနိုင်ခြင်းတို့ကြောင့် တက္ကသိုလ်များနှင့် စက်မှုစီးပွားလုပ်ငန်းများအကြား အပြန်အလှန်ယုံကြည်မှုရရှိပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပေးမည်ဟု ယုံကြည်မိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စသည့်အဖွဲ့အစည်းများမှလည်း ပြည်သူလူထုအတွက် ပညာပေးပြခန်းများ၊ ပညာပေး ဖျော်ဖြေမှုအစီအစဉ်များဖြင့် အားဖြည့်ပါဝင်ခဲ့ကြပါသည်။ MRTV-4 မှလည်း သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ၊ သိပ္ပံဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများဖြင့် ပံ့ပိုးကူညီပေးခဲ့ပါသည်။

**စတုတ္ထပညာခေတ်**

အချုပ်အားဖြင့်ဆိုရသော် ရန်ကုန်တက္ကသိုလ်၏ သိပ္ပံပွဲခင်းများသည် ကျောင်းသား ကျောင်းသူများအတွက် သိပ္ပံနည်းကျ စဉ်းစားတွေးခေါ်မှုနှင့် စတုတ္ထ ပညာခေတ်အတွက် လိုအပ်သောအရည်အသွေးများကို ပြုစုပျိုးထောင်ပေးခြင်း၊ စာသင်ခန်းအတွင်း သမားရိုးကျသင်ကြားမှု (Chalk and Talk) မှ သက်ဝင်လှုပ်ရှား သင်ကြားမှု (Interactive Learning)၊ ပရောဂျက်အခြေပြုသင်ကြားမှု (Project Based Learning) သို့ ကူးပြောင်းရန် အထောက်အကူပေးခြင်း၊ အဆင့်မြင့်ပညာကဏ္ဍ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခြင်း၊ သိပ္ပံနည်းပညာနှင့်ပတ်သက်သော အသိပညာများ ပြည်သူများအတွင်း ပြန့်ပွားလာစေခြင်း၊ တက္ကသိုလ်များနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ လူမှုစီးပွားရေးအဖွဲ့အစည်းများအတွင်း သုတေသနနှင့် သင်ကြားသင်ယူမှုလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် အထောက်အကူပြုခြင်းစသည့် ရည်ရွယ်ချက်ကောင်းများနှင့် ပြည့်စုံသောကြောင့် နိုင်ငံတော်၏ ပညာရည်တိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်ကြီးများကို အခန်းကဏ္ဍတစ်ရပ်အဖြစ် အထောက်အပံ့ပေးမည်ဟု ယုံကြည်မိပါသည်။ ။

# ကမ္ဘာ့အလယ်မှာ ဂုဏ်ထည်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်

## ဒေါက်တာ စိုးရင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) နှင့်တွေ့ဆုံခြင်း

*တွေ့ဆုံမေးမြန်း - မွန်းဦးနဒီ*

**ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာ စိုးရင် ပါမောက္ခချုပ် (ငြိမ်း) အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံ မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**



ဒေါက်တာစိုးရင် တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)

**မေး ။ ။ ပထမဦးစွာဆရာကြီးရဲ့ ငယ်ဘဝနဲ့ ကျောင်းသားဘဝဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ဆရာ့ကို ပဲခူးမြို့မှာ မွေးတာပါ။ ပဲခူးမှာ မွေးပြီးတော့ စာသင်တာကတော့ ဟိုတုန်းက Special Grammar School ဆိုတဲ့ High School ပြင်ပ ကျောင်းလေးမှာ တက်တယ်။ အဲဒီကနေ အမျိုးသား တန်းမြင့်ကျောင်း National High School ကို ပြောင်းတယ်။ အဲဒီကနေ မိဘတွေ ရန်ကုန်ကိုပြောင်းတဲ့အခါ ကျောက်မြောင်းအထက်တန်းကျောင်းဆိုတဲ့ ကန်တော်ကြီးနားမှာရှိတဲ့ကျောင်းမှာ အထက်တန်းတက်တယ်။ အဲဒီကနေ ဆယ်တန်းအောင်တယ်။ ၁၉၅၈ ခုနှစ်မှာ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်ကို တက်ခွင့်ရတယ်။

အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်က ကိုယ်ပိုင် အုပ်ချုပ်ခွင့်နဲ့ အုပ်ချုပ်တဲ့ တက္ကသိုလ်ပေါ့။ ၁၉၅၈ ခုနှစ်မှာ စတက်တော့ ပထမနှစ်မှာ ရန်ကုန်တက္ကသိုလ် ဝင်ခွင့် မရခဲ့ဘူး။ ဟိုတုန်းက တက္ကသိုလ်ရဲ့စနစ်က Combination System ဘာသာရပ်တွဲတဲ့စနစ်။ အဲဒီတော့ ပထမဦးဆုံးက ဝိဇ္ဇာတွဲနဲ့ သိပ္ပံတွဲပထမနှစ်မှာ ရှိတယ်။ IA နဲ့ ISA အဲဒါတွေကို၊ ဟိုတုန်းက သိပ္ပံတွဲတွေကို ရန်ကင်းကောလိပ်မှာထားတယ်။ ဆရာက သိပ္ပံတွဲယူတဲ့အတွက်ကြောင့် ရန်ကင်းကောလိပ်မှာ တက်ရတယ်။ ဝိဇ္ဇာတွဲယူတဲ့သူတွေကို ထီးတန်းမှာထားတယ်။ ဆရာရန်ကင်းကောလိပ်မှာ ပထမနှစ် စတက်တယ်။ ဆရာက Pure Science အတွဲပေါ့။ Physics, Chemistry, Math , Burmese, English ဘာသာတွဲမှာ တစ်နှစ်တက်ပြီး ISCA လို့ခေါ်တယ်။ အဲဒါအောင်ပြီးတော့ ISCB ရောက်မှ ရန်ကုန်တက္ကသိုလ်ကို ရောက်တယ်။ Science Combination အမိသိပ္ပံဆောင် ရှိတဲ့ဘက်မှာ တက်ရတယ်။ ရန်ကုန်တက္ကသိုလ်က ဟိုတုန်းက ဘွဲ့နှင်းသဘင်ခန်းမကြီးအတိုင်းဝင်လာရင် ညာဘက်အခြမ်းက သိပ္ပံဆောင်ရှိတယ်။ ဘယ်ဘက်မှာ ဝိဇ္ဇာဆောင်ရှိတယ်။

သိပ္ပံဆောင်လို့ခေါ်တာက ဟိုခေတ်က ရန်ကုန် ကောလိပ်အဆောက်အအုံပေါ့။ ဝိဇ္ဇာဆောင်ကျတော့ ဂျပ်ဆင်ကောလိပ်ပေါ့။ ဟိုတုန်းက ရန်ကုန်တက္ကသိုလ် ဖွဲ့စည်းတာက ကောလိပ်စနစ်နဲ့ ဖွဲ့တာ၊ ကောလိပ်နှစ်ခုပါတယ်။ ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်ပေါ့။ ဘွဲ့နှင်းသဘင်ညာဘက်နဲ့ ဘယ်ဘက်ပေါ့။ နောက်စစ်ပြီးတဲ့ခေတ်ကျမှ ကောလိပ်စနစ်ကို ဖျက်ပြီးတော့ ရန်ကုန်တက္ကသိုလ်တစ်ခုတည်း ပြန်လုပ်တဲ့အခါကျတော့ သိပ္ပံဆောင်နဲ့ ဝိဇ္ဇာဆောင်ဆိုပြီး ခွဲလိုက်တာ။

အဲဒီတော့ ဆရာတို့က သိပ္ပံဆောင်မှာ တက်ရတော့ ISCB က Combination အတိုင်းပဲ။ ရန်ကုန်တက္ကသိုလ်ရဲ့ ဘာသာတွဲစနစ်က။ ISCB အောင်တဲ့အခါကျတော့မှ အဲဒီခေတ်ကကြိုက်တဲ့ Professional လိုင်းပေါ့။ အသက်မွေးဝမ်းကျောင်းပညာလိုင်းတွေ ခွဲလို့ရတယ်။ ခွဲဖို့ဟာ Eligible ဖြစ်ရတယ်။ အခုခေတ်ထက်ထူးခြားတာက တက္ကသိုလ်ဝင်တန်း အောင်ပြီးတဲ့သူတိုင်းသည် Intermediate ကို အကုန်တက်ခွင့်ရတယ်။ ဝိဇ္ဇာတွဲတက်တက်၊ သိပ္ပံတွဲတက်တက် အားလုံးတက်လို့ရတယ်။ ဟိုခေတ်ကတော့ ရန်ကုန်တက္ကသိုလ်က အဓိကပေါ့။ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်၊ ပုသိမ်အစရှိသဖြင့် ကောလိပ်တွေလည်း ရှိတယ်။ အဲဒီ Intermediate ပြီးတဲ့အခါကျတော့ Eligible ဖြစ်ရင် သတ်မှတ်တဲ့ အဆင့်အတန်းညီရင် သိပ္ပံတွဲတွေယူတဲ့လူထဲမှာ သိပ္ပံတွဲက နှစ်ခုရှိတယ်။ Science Combination က Math နဲ့အတွဲနဲ့ Bio နဲ့တွဲတဲ့အတွဲရှိတယ်။ Math နဲ့တွဲတဲ့သူတွေကတော့ အင်ဂျင်နီယာဘွဲ့ရသွားကြတယ်။ Bio ဘာသာနဲ့တွဲတဲ့ သူကျတော့ ဆရာဝန်လိုင်းပေါ့။ အဲဒီစနစ်နဲ့ သွားတာ။

ဆရာကတော့ Math အတွဲဆိုတော့ Eligible ဖြစ်လို့ Engineering တက်လို့ရတဲ့အတွက် သွားတက်ကြည့်လိုက်သေးတယ်။ ဟိုတုန်းက အသံလွှင့်ရုံဘက် လိပ်ခုံးလို့ခေါ်တဲ့ အင်ဂျင်နီယာအဆောက်အအုံပေါ့။ နောက်ကျမှ ကြို့ကုန်းမှာ အခုစက်မှုလက်မှုတက္ကသိုလ် အဆောက်အအုံအသစ်ကို ပြောင်းတယ်။ အဲဒီကနေ ခဏတက်ပြီးတော့ ဒီဘက်ကိုစိတ်ပြန်ပါလာလို့ Science Honours နဲ့အဆင့်မြင့်ပညာလိုင်းဘက်ကိုသွားဖို့ စိတ်ကူးပေါက်တဲ့အခါကျတော့ Physics ဂုဏ်ထူးတန်းတက်ဖို့ ရန်ကုန်တက္ကသိုလ်မှာ တက်ခဲ့တယ်။ အဲဒီတုန်းက ဂုဏ်ထူးတန်းတက်တဲ့ ကျောင်းသားက ဆယ်ဂဏန်းလောက်ပဲ ရှိတယ်။ Science Combination အကုန်တက်တဲ့ကျောင်းသားက ရာဂဏန်းလောက်ပဲရှိတယ်။

**မေး ။ ။ တက္ကသိုလ်မှာ ဆရာဖြစ်လာတဲ့အကြောင်း သိချင်ပါတယ် ဆရာကြီးရှင့်။**

ဖြေ ။ ။ ဂုဏ်ထူးတန်းတက်ပြီးတော့ ဆရာ Physics ဂုဏ်ထူးတန်းဘွဲ့ရတယ်။ အဲဒီခေတ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖြစ်တဲ့အတွက်ကြောင့် ဂုဏ်ထူးတန်းအောင်ပြီးတဲ့ ကျောင်းသားတွေအကုန်လုံးကို ပါမောက္ခက Demonstrator ခန့်ခွင့်ရှိတယ်။ အစိုးရက ခန့်တာမဟုတ်ဘူး။ ရန်ကုန်တက္ကသိုလ်ကလည်း အစိုးရလက်အောက် မဟုတ်သေးဘူး။ ဆရာတို့ဘွဲ့ရတဲ့ အချိန် ၁၉၆၃ ခုနှစ်မှာ အဲဒီအချိန်တုန်းက ရူပဗေဒပါမောက္ခ ဒေါက်တာ မောင်မောင်ခက ဆရာတို့ကို တိုက်ရိုက်သရုပ်ပြဆရာအဖြစ် တိုက်ရိုက်ခန့်ခဲ့တယ်။ တက္ကသိုလ်ဆရာစဖြစ်တယ်။

ဆရာစ ဖြစ်ပြီးတဲ့နောက် ဆရာက မဟာတန်းဆက်တက်တယ်။ ဆက်တက်ပြီးနောက်ပိုင်းမှာ တက္ကသိုလ်တွေမှာ ပြုပြင်ပြောင်းလဲရေးတွေ နိုင်ငံတော်က လုပ်လိုက်တယ်။ စနစ် သစ်ပညာရေးပြောင်းလဲရေးအဖြစ်ပေါ့။ ရန်ကုန်တက္ကသိုလ် အပါအဝင်တက္ကသိုလ်တွေအားလုံးကို နိုင်ငံပိုင်လုပ်လိုက်တဲ့အခါကျတော့ ဆရာတို့ ရန်ကုန်တက္ကသိုလ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမဟုတ်တော့ဘူး။ အစိုးရတက္ကသိုလ်ဖြစ်သွားတော့ ဆရာတို့လည်း အစိုးရအမှုထမ်း ဖြစ်သွားတယ်။ အဲဒီကနေ ဆရာရာထူးတွေတိုးတယ်။ လက်ထောက်ကထိကဖြစ်တော့ မကွေးကောလိပ်ကို ပြောင်းရတယ်။ နောက် ရန်ကုန်တက္ကသိုလ်ကို ပြန်ပြောင်းရတယ်။ ပညာရေးတက္ကသိုလ်ကိုလည်း သွားပြီးတော့ အမှုထမ်းခဲ့တယ်။

နောက်နိုင်ငံခြားကို ပညာသင်သွားရတယ်။ နိုင်ငံခြားမှာ အင်္ဂလန်နိုင်ငံ Birmingham University မှာ M.Sc ယူတယ်။ နောက်ဆရာပြန်လာပြီးတော့ အီတလီနိုင်ငံမှာ ဖွင့်ထားတဲ့ International Theoretical Physics နဲ့ Trieste University ပေါင်းဖွင့်ထားတဲ့ Centre မှာ Theatrical Physics Ph.D ဆက်လုပ်တယ်။ အဲဒီမှာ ဆရာဒေါက်တာဘွဲ့ရ တယ်။ အဲဒီကနေပြန်မလာခင်မှာ ကထိကရာထူးတိုးခံရတယ်။ အဲဒီခေတ်က နိုင်ငံခြားသွားတုန်းလည်း ရာထူးတိုးတယ်။ အဲဒီကနေ ရန်ကုန်တက္ကသိုလ်ပြန်လာတယ်။ နောက်မကွေးတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်တွေပြောင်းတယ်။ အဲဒီကနေ ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ရာထူးတွေဖြေတော့ တွဲဖက်ပါမောက္ခတို့၊ ပါမောက္ခတို့ ဖြစ်လာတယ်။ ဟိုခေတ်က ပါမောက္ခရာထူးက ရန်ကုန်နဲ့ မန္တလေးပဲရှိတယ်။ အဲဒီပြုပြင်ပြောင်းလဲရေးတွေလုပ်လိုက်တော့ ရာထူးတွေတိုးတဲ့အခါကျတော့ ဒီဂရီကောလိပ်တွေမှာ ပါမောက္ခ၊ တွဲဖက်ပါမောက္ခရာထူးအသစ်တွေ ခန့်လိုက်တော့ ရာထူးတိုးလာတယ်။

နောက်ဆရာက ပုသိမ်ဒီဂရီကောလိပ်မှာ ပါမောက္ခဖြစ်လာတယ်။ ၁၉၈၈ ခုနှစ်မှာဖြစ်တယ်။ အဲဒီကနေ ၁၉၉၂ ခုနှစ်နဲ့ ၁၉၉၃ ခုနှစ်လောက်မှာ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး တာဝန်နဲ့ ပုသိမ်မှာပဲ ဆက်လုပ်တယ်။ ဒီအချိန်မှာ တက္ကသိုလ်တွေ အဆင့်မြှင့်ဖို့လုပ်တဲ့ အခါကျတော့ ဆရာက ပုသိမ်ဒီဂရီကောလိပ်ကိုလည်း ပုသိမ်တက္ကသိုလ်ဖြစ်ဖို့ကြိုးစားတယ်။ ဒီလိုကြိုးစားမှုကို ဝန်ကြီးတွေ သဘောတူတော့ ပုသိမ်တက္ကသိုလ်ဖွင့်ဖို့ အစီအစဉ် ပေါ်လာတယ်။

**မေး ။ ။ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အကြောင်းကိုလည်း သိချင်ပါတယ်ရှင့်။**

ဖြေ ။ ။ ၁၉၉၅ ခုနှစ် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲကြီးပြီးတော့ ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ်က အနားယူတယ်။ ဆရာက ၁၉၉၆ ခုနှစ်အကုန်လောက်အရောက်မှာ ရန်ကုန်တက္ကသိုလ်ကို ဒုတိယပါမောက္ခချုပ်အနေနဲ့ ပြောင်းလာတယ်။ ဒီအချိန်မှာ ပုသိမ်ဒီဂရီကောလိပ်ကလည်း ပုသိမ်တက္ကသိုလ်အဖြစ် ဖွင့်ခွင့်ရတယ်။ နောက်တော့ ဆရာရန်ကုန်တက္ကသိုလ်မှာပဲ ၁၉၉၇ ခုနှစ်အကုန် ၁၉၉၈ ခုနှစ်အကုန် အကြားထဲမှာပဲ ပါမောက္ခချုပ်အဖြစ် အမှုထမ်းတာပေါ့။

တကယ်တော့ ဆရာက ၂၀၀၁ ခုနှစ်မှာ အသက် ၆၀ ပြည့်တယ်။ ဒါပေမယ့်လည်း အဲဒီခေတ်က ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်တဲ့နေရာမှာ ပညာရှင်တွေလိုတယ်ဆိုတဲ့ အစိုးရရဲ့မူကြောင့် ဆရာတို့ကို ပင်စင်ယူခွင့်မပေးဘဲ အဲဒီရာထူးနဲ့ပဲ နှစ်စဉ်ခန့်ထားတယ်။ ဒါကြောင့် ပါမောက္ခချုပ်သက်တမ်း ၈ နှစ်လောက်လုပ်ခဲ့ရတယ်။

**မေး ။ ။ ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ်ဖြစ်လာချိန်မှာ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံများ၊ ဆောင်ရွက်ချက်များကိုလည်း ဆက်လက်ပြောပြပေးပါ။**

ဖြေ ။ ။ ဆရာက အဲဒီပါမောက္ခချုပ်လုပ်တဲ့အချိန်မှာပဲ ပညာရေးပြုပြင်ပြောင်းလဲမှုတွေ တော်တော်လုပ်ဖြစ်တယ်။ စိန်ရတုပွဲပြီးတဲ့နောက် ရာပြည့်ကြားကာလထဲမှာပဲ ရန်ကုန်တက္ကသိုလ်မှာ အပြောင်းအလဲတွေ တော်တော်ဖြစ်တယ်။ ပထမ အပြောင်းအလဲက တက္ကသိုလ်အဆင့်ပြည့်မီအောင် ပါရဂူဘွဲ့ရတွေ မွေးထုတ်မယ်ဆိုပြီး ကြိုးစားခဲ့ကြတယ်။ ဒါက ရှေ့က ပါမောက္ခချုပ်တွေ လက်ထက်ကတည်းက ကြိုးစားခဲ့ကြတယ်။ ရှေ့အဆက်ဆက်လောက်ကတည်းက Ph.D ပုံစံနဲ့စတယ်။ ဒါပေမယ့် ဆရာတွေက သိပ်စိတ်မဝင်စားကြသေးဘူး။ Ph.D လုပ်တဲ့သူတွေနည်းတယ်။ ဆရာ့လက်ထက်ကျတော့ တွန်းအားပေးရတယ်။

ကိုယ့်တက္ကသိုလ်ကပေးတဲ့ Ph.D. ဘွဲ့မှ ကိုယ့်ဆရာ၊ ဆရာမတွေ မယူရင် ဘယ်သူတွေ ယူမှာလဲဆိုပြီး တွန်းအားပေးခဲ့ရတယ်။ ဒီလိုပြောပြီး ဆရာဆရာမတွေ အကုန်လုံး Ph.D တက်နိုင်အောင် ဆရာတော်တော်ကြိုးစားယူရတယ်။ ပါမောက္ခတွေလည်း စည်းရုံးတဲ့အခါကျတော့ ဒီနေ့အထိ ရန်ကုန်တက္ကသိုလ်ရဲ့ ပါရဂူဘွဲ့နဲ့ပါမောက္ခတွေ အများကြီးပေါ်ပါတယ်။ ပါမောက္ခချုပ်တွေ ပေါ်ထွက်လာတယ်။ အချို့ပါမောက္ခချုပ်တွေဆိုရင် ပင်စင်တောင် ယူနေပြီ။ ပထမ အဲဒီစိန်ရတုကာလပြီးတော့ အခုရာပြည့်ကာလအထိ ရန်ကုန်တက္ကသိုလ်ရဲ့ အအောင်မြင်ဆုံး က Ph.D ဘွဲ့ရတွေ အဆင့်မြင့်မြင့် မွေးထုတ်ပေးနိုင်ခဲ့တယ်။ အရည်အသွေးတွေ မြင့်အောင်လည်းပဲဆရာက ဘာလုပ်ရသလဲဆိုတော့ အဲဒီပါရဂူဘွဲ့ သင်တန်းမှာ ပထမက ဆရာတွေပဲ စည်းရုံးတယ်။ ကျောင်းသားတွေ သိပ်မပါသေးဘူး။ ဆရာတွေကို Ph.D လုပ်ခိုင်းတယ်။ လုပ်ခိုင်းတဲ့အခါကျတော့ ဒီဘွဲ့ဟာ နိုင်ငံတကာရဲ့ အဆင့်မီရမယ်။ Ph.D သင်တန်းသားတွေဟာ နိုင်ငံတကာရဲ့ အတွေ့အကြုံတွေရှိဖို့လိုတယ်။ ဒါ့ကြောင့် သူတို့ကို နိုင်ငံခြားတက္ကသိုလ်တွေမှာ ပို့ပြီးတော့ သုတေသနပြုဖို့ ကြိုးစားတယ်။ အထက်ကိုလည်း ပြောပြတယ်။ ခွင့်ပြုချက်ရအောင်လုပ်တယ်။ နောက်ပြီး နိုင်ငံတကာရဲ့ တက္ကသိုလ်တွေကလည်း ဒီ Ph.D သင်တန်းသားတွေကို သူတို့ရဲ့ သုတေသနလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ပေးလို့ရအောင် ဆက်သွယ်စည်းရုံးဆောင်ရွက်ပေးရတယ်။ အဲဒီအခါတုန်းက တော်တော်လေးခက်ခက်ခဲခဲနဲ့ ဆောင်ရွက်ရတယ်။ ဒါပေမယ့် တော်တော်အောင်မြင်ခဲ့တယ်။ ဒါကြောင့်မို့လို့ Ph.D သင်တန်းသား တော်တော်များများဟာ နိုင်ငံတကာတက္ကသိုလ်တွေမှာ သွားပြီးတော့ သုတေသနလုပ်ခဲ့ရတယ်။ ဒါကြောင့်မို့လို့ အဲဒီတုန်းက Ph.D ဘွဲ့ရတဲ့သူတွေရဲ့ အဆင့်အတန်းဟာ မနိမ့်ဘူးလို့ ပြောရမှာ ဖြစ်တယ်။

> **“ရန်ကုန်တက္ကသိုလ်အနေနဲ့ ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်နဲ့ အာဆီယံမှာ ဖွင့်ထားတဲ့ Association တွေနဲ့ အခြားတက္ကသိုလ် Network တွေ ပူးပေါင်းဆောင်ရွက်ခွင့်ရအောင် ဆရာတို့ ကြိုးစားခဲ့တယ်။ အာဆီယံတိုင်းပြည်တွေရဲ့ တက္ကသိုလ်တွေမှာ နှစ်စဉ်ဆွေးနွေးပွဲတွေကို ရန်ကုန်တက္ကသိုလ်အနေနဲ့ ပါဝင်ခွင့်ရခဲ့တာ ဒီနေ့အထိပဲ။ ဒါကြောင့် နိုင်ငံတကာအသိအမှတ်ပြုတဲ့ အခြေအနေဟာ တိုးတက်လာတယ်”**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*
နောက်တစ်ခါ နိုင်ငံတကာတက္ကသိုလ် ပါမောက္ခတွေလည်းပဲ ရန်ကုန်တက္ကသိုလ် မှာလာပြီးတော့ သုတေသနတွေ ဦးဆောင်ကူညီပေးဖို့ ဆရာ ဆက်သွယ်ဆောင်ရွက်ရတယ်။

အဲဒီအတွက်လည်းပဲ ဆရာကအကြီးအကဲတွေရဲ့ ခွင့်ပြုချက်နဲ့သက်ဆိုင်ရာတိုင်းပြည်က သံအမတ်ကြီးတွေနဲ့ တက္ကသိုလ်တွေကို ဆက်သွယ်ရတယ်။ နောက်ပြီး ပညာသွားသင်ဖို့၊ သုတေသနပြုဖို့ ထောက်ပံ့ကြေးငွေတွေ ရဖို့အတွက်လည်း ကြိုးပမ်းရတယ်။ အဲဒီတုန်းက အစိုးရက ထောက်ပံ့ကြေး ဒီလောက်မပေးနိုင်ဘူး။ ထောက်ပံ့ကြေး အထောက်အပံ့ပေးမယ့်သူရှိရင် အစိုးရက ခွင့်ပြုတယ်၊ အဲဒီတော့ ရန်ပုံငွေလိုတာပေါ့။ အဲဒီတော့ ရန်ပုံငွေပေးနိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ဆက်သွယ်ရတယ်။ တက္ကသိုလ်တွေလည်းပဲ Special Grant တွေ ပေးဖို့လုပ်ငန်းတွေ ဆရာတော်တော်ခက်ခက်ခဲခဲဆောင်ရွက်ရတယ်။ ကိုယ်တိုင်လည်း အဲဒီတက္ကသိုလ်တွေကိုသွားပြီးတော့ စည်းရုံးရတယ်။ အဲဒီခေတ်က Ph.D ကို အများဆုံးအထောက်အပံ့ပြုတဲ့ တိုင်းပြည်တွေက ဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံတွေက တက္ကသိုလ်တွေ၊ အဲဒီမှာရှိတဲ့ အထောက်အပံ့ပေးနိုင်တဲ့ အဖွဲ့အစည်းတွေက အများကြီးအထောက်အကူပြုတယ်။ တော်တော်များများ ဆရာအောင်အောင်မြင်မြင်လုပ်နိုင်ခဲ့တယ်။ ဆရာ ဆရာမတွေ တော်တော်များများကလည်း ဒီအခါကျမှ စိတ်ပါလာတယ်။ နောက် Ph.D. External Exam လုပ်တဲ့ External Examiner တွေကို အဲဒီကနေပြီးတော့ ဖိတ်တယ်။ သူတို့တွေရဲ့ Thesis တွေကို အကဲဖြတ်ခိုင်းတဲ့အခါကျတော့ ပြင်ပစာစစ်တွေက နိုင်ငံခြားကဆရာကြီးတွေဖြစ်နေတဲ့အတွက် သူတို့ Thesis တွေရဲ့တန်ဖိုးကလည်း ရှိတယ်။ အဲဒီ နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တွေက အသိအမှတ်ပြုတဲ့သဘောဖြစ်လာတယ်။ ပြည်တွင်းက ဆရာတွေလည်း ဒါတွေကိုမြင်တော့ အားကျလာကြပြီး တော်တော်များများက Ph.D လုပ်ကြတယ်။ အဲဒါအောင်မြင်ချက်တစ်ခုပဲ။

နောက်စဉ်းစားမိတာက ဒီ Ph. D ဘွဲ့ဟာ ဆရာတွေချည်းပဲနဲ့မရဘူး။ ကျောင်းသားတွေလည်း များများ Ph.D တက်မယ်၊ ဘွဲ့ရကျောင်းသားတွေ Ph.D ပေးနိုင်အောင် Fund ဖွဲ့ရမယ်။ ဒီလိုလုပ်တယ်။ လုပ်တဲ့အတွက်ကြောင့် M.Sc အောင်တဲ့ ကျောင်းသားတွေ Ph.D တက်နိုင်အောင်လို့ ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်၊ နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ဘွဲ့တစ်ခု ဆရာထပ်ထွင်တယ်။ အဲဒါကတော့ M.Sc ပြီးတဲ့နောက် တစ်နှစ်သုတေသနလုပ်ဖို့ Master of Research ဆိုတဲ့ဘွဲ့ကို ကျောင်းသားတွေကို တက်ခွင့်ပေးတယ်။

Master မှာထူးချွန်တဲ့ ကျောင်းသားတွေကို ဒီ One Year Research Experience အလေ့အကျင့်ကောင်းရအောင် အဲဒီသုတေသနတွေ လုပ်ထားရင် Thesis အတင်ခံတယ်။ ပြီးတော့ အဲဒီ Master of Research ရတဲ့ ကျောင်းသားတွေကို Ph.D တက်ခွင့်ပေးလိုက်တဲ့အခါကျတော့ အသက် ၂၅/၂၆ နှစ် ပတ်ဝန်းကျင် လူငယ်ကျောင်းသားတွေလည်း Ph.D ကျောင်းသားတွေ ဖြစ်လာတယ်။ သူတို့လည်း ဆရာတွေလို သုတေသနလုပ်တဲ့အခါကျတော့ အဲဒီနည်းနဲ့ ဆရာလမ်းကြောင်းထဲကို ထည့်ပေးလိုက်ပြီး Ph.D ရတဲ့သူတွေဟာ ဆရာစဖြစ်လာတယ်။ အဲဒီ Ph.D မှ ဆရာဖြစ်နိုင်တဲ့ အခြေအနေရောက်လာတာ ဒီနေ့အချိန်အထိပဲ။ Ph.D သင်တန်းသားတွေ၊ Ph.D အောင်တဲ့သူတွေဟာ တက္ကသိုလ်ဆရာတွေဖြစ်တယ်ဆိုတော့ တက္ကသိုလ်ဆရာလောကတစ်ခုလုံးက Ph.D အဆင့်ရှိတဲ့ ဆရာတွေဖြစ်လာတယ်။ ဒါဟာ ရန်ကုန်တက္ကသိုလ်ရဲ့ အရည်အသွေးမြင့်တဲ့ သဘောကိုပြတယ်။

ဒီနေ့တက္ကသိုလ်တွေအကုန်လုံးမှာ ကြည့်လိုက်ရင် အများစုက Ph.D ရတဲ့ ဆရာငယ်တွေရော၊ ဆရာလတ်တွေရော ပါမောက္ခတွေပါ ဖြစ်လာတယ်။ အဲဒါက စိန်ရတုကာလပြီးတဲ့နောက် ဒီနေ့ရာပြည့်တက္ကသိုလ်တိုင်သည့်အထိ ရန်ကုန်တက္ကသိုလ်ရဲ့ အအောင်မြင်ဆုံး အစီအစဉ်တစ်ခုဖြစ်တယ်။ ဒီအတွက်လည်းပဲ နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနအားလုံးကနေ ကူညီပံ့ပိုးပေးတဲ့အတွက် အောင်မြင်တာပါ။

နောက် Ph.D သုတေသနလုပ်ဖို့အတွက်ကျတော့ ဝိဇ္ဇာသုတေသနကတော့ ကွင်းဆင်းပြီး လုပ်ယူရတယ်။ သိပ္ပံသုတေသနကျတော့ သုတေသနလုပ်ဖို့အတွက် သုတေသနဌာန ကောင်းကောင်းရှိဖို့လိုတယ်။ ဒါတွေဖြည့်ဆည်းပေးနိုင်ဖို့အတွက်က နိုင်ငံတော်ကလည်း သုတေသနပစ္စည်းတွေဝယ်ဖို့ ဘတ်ဂျက်ပေးနိုင်သလောက်ပေးတယ်။ သုတေသနပစ္စည်းတွေကို ဆရာဖြည့်ရတယ်။ ဒီတော့ ရန်ကုန်တက္ကသိုလ်နဲ့ တွဲထားတဲ့ သိပ္ပံသုတေသနဌာန URC (University of Research Centre) ရဲ့တာဝန်ကိုယူရတယ်။

အဲဒီတော့ ဆရာကURC ကို အဆင့်မြှင့်ပေးရတယ်။အဲဒီမှာရှိတဲ့ ဆရာ ဆရာမတွေကလည်း Instruments တွေ ကောင်းကောင်းကိုင်ပြီးတော့ တိုင်းထွာမှုတွေ လုပ်နိုင်တဲ့ အဆင့်အထိရောက်အောင် Training ပေးရတယ်။ နိုင်ငံခြားလည်း လွှတ်ရတယ်။ နောက်ပစ္စည်းတွေဖြည့်ရတယ်။ အဲဒီခေတ်က နိုင်ငံခြားငွေကိုရဖို့ တော်တော်ခက်ခဲတဲ့ဟာ အစိုးရကဘက်အမျိုးမျိုးကနေ နိုင်ငံခြားငွေရဖို့လုပ်တဲ့အတွက်ကြောင့် အဆင့်မြင့်တဲ့ သိပ္ပံပစ္စည်းတွေကို သုတေသနဌာနမှာ ဖြည့်ဆည်းပေးနိုင်ခဲ့တယ်။ ဒါကြောင့် Science Ph.D တော်တော်များများဟာ အဲဒီမှာ သုတေသနလုပ်တာဟာ ဒီနေ့အထိလည်း လုပ်ကြတယ်။ ဌာနတွေကလည်း သုတေသနလုပ်တာမှာ ဌာနတွေမှာရှိတဲ့ သုတေသန Lab တွေကိုလည်း အဆင့်မြှင့်ပေးရတယ်။

ဒီအတွက်ကြိုးစားရတဲ့အခါကျတော့ နိုင်ငံခြားတက္ကသိုလ်တွေကလည်း ဆရာတို့နဲ့ပေါင်းပြီး နားလည်မှုစာချွန်လွှာ MoU ထိုးပြီးတော့ကူညီတာတွေရှိတယ်။ အထူးသဖြင့် ဆရာတို့ သုတေသနလုပ်ငန်းကို အထောက်အကူပေးဖို့ ကိုရီးယားနိုင်ငံရဲ့သုတေသန ဖောင်ဒေးရှင်းတစ်ခုဖြစ်တဲ့ KFAS က ဆရာတို့နဲ့ညှိနှိုင်းပြီးတော့ မြန်မာပြည်အတွက် Asia Research Centre တစ်ခု ထောင်မယ်။ ထောင်တဲ့အတွက် ၁၀ နှစ်ကို ဒေါ်လာတစ်သန်း အထောက်အပံ့ပေးမယ်ဆိုပြီး လာပြီးကမ်းလှမ်းတယ်။

အဲဒီအတွက် ရန်ကုန်မှာ URC နဲ့တွဲပြီးတော့ Asia Research Centre ထောင်လိုက်တဲ့အတွက် အဲဒီကလည်း သုတေသနလုပ်နိုင်တဲ့ ပစ္စည်းတွေဝယ်နိုင်တယ်။ သူကလည်း သူ့တိုင်းပြည်မှာရှိတဲ့ တက္ကသိုလ်တွေမှာသုတေသနလုပ်ငန်းလုပ်ဖို့ ဆရာတွေကို Scholar သဘောမျိုးတစ်နှစ်၊ နှစ်နှစ် Training တွေပေးတယ်။ ဒါလည်း တော်တော်အကျိုးပြုတယ်။ နောက်အိန္ဒိယနိုင်ငံကလည်း သူတို့တက္ကသိုလ်တွေနဲ့သွားညှိတဲ့အခါကျတော့ Ministry of Science Technology ဘက်ကိုပေါင်းပြီး သုတေသနပေးဖို့ အကူအညီတွေအများကြီးပေးတယ်။ အထူးသဖြင့် Lab လုပ်ဖို့လှူတယ်။ Physics, Chemistry , Botany တို့ကို Lab တွေ အကူအညီပေးတယ်။

နောက် ဂျာမနီနိုင်ငံမှာ DAAD ဆိုတဲ့ သုတေသနဆိုင်ရာ အထောက်အပံ့ပေးတဲ့ အဖွဲ့အစည်းကလည်း အများကြီးအကူအညီပေးတယ်။ ဆရာရဲ့ Ph.D. တွေဖြစ်မြောက်ရေး ဖော်ဆောင်မှုအစီအစဉ်များ လုပ်ဆောင်သူ တော်တော်များများဟာ ဒီအဖွဲ့အစည်းရဲ့ အစီအစဉ်နဲ့ ဂျာမနီနိုင်ငံတက္ကသိုလ်တွေရဲ့ သုတေသန လုပ်ခွင့်ရတယ်။ Ph.D Thesis တော်တော်များများကို အဲဒီမှာ လုပ်လို့ရတယ်။ အဲဒီကနေဆက်ပြီးတော့ Daimler Benz Foundation ရဲ့ ဥက္ကဋ္ဌကလည်း ရူပဗေဒပါမောက္ခဘဝကနေ လာတာဆိုတော့ သူ့ဆီက အဆက်အသွယ်ရတယ်။ သူကလည်း DAAD နဲ့တွဲပြီးတော့ အများကြီးအထောက်အကူပေးခဲ့တယ်။ အဲဒီဖောင်ဒေးရှင်းကလည်း ဂျာမနီနိုင်ငံမှာ သုတေသနလုပ်ဖို့ Grant တွေ အများကြီးပေးတယ်။ ဒါနဲ့ Ph.D Program တွေ အဆင့်မြင့်လာတယ်။ ကျေးဇူးလည်း အများကြီးတင်တယ်။

ဩစတြေးလျနိုင်ငံကတက္ကသိုလ်တွေ အထူးသဖြင့် National University of Austrila နဲ့လည်း နားလည်မှုစာချွန်လွှာ MoU ထိုးတယ်။ သူတို့ရဲ့ အကူအညီတွေနဲ့ အဲဒီမှာ သုတေသနလုပ်ခွင့်ရတယ်။ ဒါတွေဟာ ရန်ကုန်တက္ကသိုလ်ရဲ့ အောင်မြင်ချက်ပဲ။

အထူးသဖြင့် ကျေးဇူးတင်ရမှာက မြန်မာနိုင်ငံမှာ အဲဒီတုန်းက တာဝန်ထမ်းဆောင်ခဲ့တဲ့ သံအမတ်ကြီးတွေပေါ့။ သူတို့ကိုချီးကပ်ရတယ်။ သံအမတ်ကြီးတွေရဲ့အကူအညီတွေ၊ ဟိုတစ်ဖက်ကို ဆက်သွယ်ပေးမှုနဲ့ မြန်မာနိုင်ငံအစိုးရရဲ့ခွင့်ပြုချက်နဲ့ ဒီလုပ်ငန်းတွေ အောင်မြင်ခဲ့တာဖြစ်တယ်။ ကံကောင်းတာက အဲဒီအချိန်က မြန်မာပြည်မှာရောက်နေတဲ့ သံအမတ်ကြီးတွေက ပညာရေးဆိုင်ရာ ပညာရှင်တွေ၊ Ph.D ပညာရှင်တွေဖြစ်နေတယ်။ ဓာတုဗေဒ၊ သမိုင်းပါမောက္ခတို့ အဲဒီလိုကနေပြီးတော့ သံအမတ်ကြီးတွေဖြစ်လာကြတော့ စိတ်ဝင်စားကြတယ်။ ဒါကြောင့် ဒီသံအမတ်ကြီးတွေကိုလည်း ကျေးဇူးတင်ရမယ်။ ဒီနေ့အထိလည်း သူတို့က အငြိမ်းစားယူသွားကြပေမယ့် သူတို့တိုင်းပြည်ကနေ ဆက်သွယ်ပြီးတော့ အကူအညီပေးနေတုန်းပဲဖြစ်တယ်။

တချို့ ဆရာကြီးတွေဆိုရင် ရန်ကုန်ကိုလာပြီးတော့ External Examiner အဖြစ်ဆောင်ရွက်နေကြတယ်။ ဒီအဆက်အသွယ်တွေက မပြတ်သွားဘူး။ ဒါဟာရန်ကုန်တက္ကသိုလ်ရဲ့ စိန်ရတုပြီးတဲ့နောက် ရာပြည့်ကာလအတွင်းမှာ အအောင်မြင်ဆုံး Ph.D Program တွေ ဖြစ်တယ်။ ဌာနတွေကလည်း ဒီကနေ့ ရဲရဲဝံ့ဝံ့နဲ့ နိုင်ငံတကာ Program အထိရောက်အောင် သုတေသနစာတမ်းတွေ ထုတ်နိုင်အောင် အတွေ့အကြုံနဲ့ အရည်အသွေးတွေ ရှိလာတယ်။ ဒါကြောင့် ဆရာ့အနေနဲ့ ဒီရာပြည့်ပွဲမှာဂုဏ်ပြုစကားပြောလိုပါတယ်။

ရန်ကုန်တက္ကသိုလ် စိန်ရတုပြီးတော့ ပညာရေးပြောင်းလဲမှုတစ်ခုလုပ်ဖို့ဆိုပြီး ကြိုးစားခဲ့ကြတယ်။ အဲဒီအချိန်က ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်တွေက အစိုးရတက္ကသိုလ်၊ နိုင်ငံပိုင်တက္ကသိုလ်တွေပါ။ အခြားနိုင်ငံတကာတက္ကသိုလ်တွေမှာတော့ Private University တွေ ထွန်းကားနေပြီ။ သူတို့က မြန်မာနိုင်ငံမှာ Private University တွေမရှိဘူးလား၊ ဘာကြောင့်မဖွင့်တာလဲ တောင်းဆိုလာတယ်။ နိုင်ငံတော် အကြီးအကဲတွေကလည်း သဘောပေါက်တယ်။ လူကြီးတွေက ပညာရေးအစီအစဉ်နှစ်ခုဖြစ်အောင် လုပ်မလားဆိုပြီး One Campus Two System ဆိုတဲ့ မူတစ်ခုဆရာတို့ကို ချပေးလိုက်တယ်။ တစ်ခုက သူ့ရဲ့ပုံမှန်အတိုင်း နိုင်ငံတော်ကသွားတဲ့အတိုင်း သွားတဲ့ သင်ကြားရေးရှိတယ်။ နောက်တစ်ခုကတော့ ပုဂ္ဂလိကစံနဲ့သင်ကြားရေးပေါ့။

ဆရာတို့က ဘာအကြံရလဲဆိုတော့ Human Resource Centre တွေကို သင်ကြားရေး Program တွေလုပ်ရင် ကောင်းမယ်ဆိုပြီးတော့ အကြံရတယ်။ ရန်ကုန်တက္ကသိုလ်က ဘွဲ့တွေက ပုံမှန်စနစ်နဲ့သွားပြီး ဒီဘွဲ့တွေလည်း မထိခိုက်ရအောင် သင်တန်းတွေဖွင့်ဖို့ ဆရာကြိုးစားတယ်။ Centre of Human Recourse Development Program ( CHRD) ဆိုပြီး စလုပ်ပြီး သင်တန်းတွေဖွင့်တယ်။ ရန်ကုန်တက္ကသိုလ်က Under Grant Program တွေ မရှိတဲ့အချိန်မှာ ဒီ CHRD Program တွေဟာအတော်လေး ထိရောက်စွာသင်ကြားပေးပါတယ်။ အအောင်မြင်ဆုံးကတော့ Physics , Chemistry ဘာသာရပ်တို့နဲ့ သက်ဆိုင်တဲ့ သင်တန်းတွေပါ။

ကျောက်မျက်ရတနာနဲ့ ပတ်သက်တဲ့ သင်တန်းတွေလည်း အောင်မြင်တယ်။ နောက်စီးပွားရေးတွေလုပ်တဲ့အချိန်မှာ စီးပွားရေးဥပဒေကို လူတိုင်းသိသင့်တယ်။ ဒီအတွက် DBL Program တွေ၊ စီးပွားရေးလုပ်ငန်းတွေ ပြောင်းလဲလာတဲ့အခါကျတော့ Business Law ၊ Computer Training Course သင်တန်းတွေ ဆရာတို့လုပ်တယ်။ ဒီသင်တန်းတွေဟာ အချိန်တစ်ခုအထိ တော်တော်လေး အောင်မြင်ခဲ့တယ်။ အခြားဝင်ငွေရသင်တန်းတွေလည်း ဖွင့်တယ်။ ဒီတော့ တက္ကသိုလ်မှာ ဝင်ငွေလည်းရတယ်။ နိုင်ငံတော်ကိုလည်း ပြန်သွင်း၊ ရန်ပုံငွေတွေလည်း ရှာနိုင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်ဝန်ထမ်းတွေကို ထောက်ပံ့နိုင်ခဲ့တယ်။

**မေး ။ ။ အခြားဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောပေးပါဦး ဆရာကြီး။**

ဖြေ ။ ။ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ပါမောက္ခကြီးတွေ၊ ဆရာ့လက်ထက်မှာရှိတဲ့ ပါမောက္ခကြီးတွေ အငြိမ်းစားတွေယူကုန်ကြပြီ။ အဲဒီကနေ ဆရာတို့ပြုစုပေးလိုက်တဲ့ Ph.D ရလာတဲ့ ပါမောက္ခတွေ ဒီနေ့ဆက်လက်ပြီးတော့ တာဝန်ယူနေကြတယ်။ ဘာပဲပြောပြော နောက်မျိုးဆက်တွေ ရန်ကုန်တက္ကသိုလ်ကပေးတဲ့ Ph.D Program ရဲ့ အရည်အသွေးအဆင့်အတန်းဟာ မနိမ့်ပါဘူး ဆိုတာ ဆရာပြောလိုပါတယ်။

ဆရာထပ်မံပြောပြလိုတဲ့ အကြောင်းအရာတစ်ခု ရှိလာပါတယ်။ အဲဒါကတော့ ကမ္ဘာ့အလယ်မှာ ဂုဏ်ထည်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ ပထမဆုံး ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို လယ်တီဆရာတော်အား ဆက်ကပ်ခဲ့ပါတယ်။ ဒီလိုအစဉ်အလာကောင်းတွေနဲ့ ထည်ဝါခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဂုဏ်ကို ဆရာကြီးပါမောက္ခချုပ်ဘဝမှာ ပြန်လည်ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့မှုအနေနဲ့ကတော့ ရန်ကုန်တက္ကသိုလ်အထူး ဘွဲ့နှင်းသဘင်တစ်ရပ်ကျင်းပခဲ့ပြီး ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့တွေ ပြန်လည်ချီးမြှင့်နိုင်ခဲ့မှုတွေပဲ ဖြစ်ပါတယ်။

အဲဒါတွေကတော့ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၁ ခုနှစ်တွေမှာ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသအား ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့၊ အနုပညာရှင်ဆရာကြီး ဦးသုခအား ဂုဏ်ထူးဆောင် စာပေပါရဂူတို့ကို ပေးအပ်ချီးမြှင့်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာ သီတဂူဆရာတော် အရှင်ဉာဏိဿရနဲ့ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အရှင်ကုမာရဘိဝံသတို့ကိုလည်း ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ (ဒီလစ်)ကို ဆက်ကပ်ခဲ့ပါတယ်။

နောက်တစ်ခုပြောလိုတာက စိန်ရတုကာလပြီးတော့ ဒီဘက်ရာပြည့်အထိ ပညာရေး ပြောင်းလဲမှုတွေလုပ်ခဲ့တဲ့ အကြောင်းဖြစ်တယ်။ နောက်ရန်ကုန်တက္ကသိုလ်အနေနဲ့ ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်နဲ့ အာဆီယံမှာဖွင့်ထားတဲ့ Association တွေနဲ့ အခြားတက္ကသိုလ် Network တွေပူးပေါင်းဆောင်ရွက်ခွင့်ရအောင်ဆရာတို့ကြိုးစားခဲ့တယ်။အာဆီယံတိုင်းပြည်တွေရဲ့တက္ကသိုလ်တွေမှာ နှစ်စဉ်ဆွေးနွေးပွဲတွေကို ရန်ကုန်တက္ကသိုလ်အနေနဲ့ ပါဝင်ခွင့်ရခဲ့တာ ဒီနေ့အထိပဲ။ ဒါကြောင့် နိုင်ငံတကာအသိအမှတ်ပြုတဲ့ အခြေအနေဟာ တိုးတက်လာတယ်။ နောက်နိုင်ငံတကာရဲ့ သင်ကြားမှုစနစ်နဲ့ညီအောင် မြန်မာနိုင်ငံမှာ ဟိုတုန်းကစနစ်က အမှတ်ပေးတဲ့ စနစ်။ နိုင်ငံတကာမှာ ခေတ်စားနေတာက Credit System သုံးတဲ့စနစ်။ စိန်ရတုကာလပြီးတဲ့နောက် ဒီနေ့အထိ ရန်ကုန်တက္ကသိုလ်အပါအဝင် မြန်မာနိုင်ငံတက္ကသိုလ်တွေမှာ ဒီစနစ်ကိုကျင့်သုံးဖို့ ပညာရေး ဝန်ကြီးဌာန အစီအစဉ်နဲ့ ဆောင်ရွက်တာ ဒီနေ့အထိအခြေကျလာပြီ။ ဒါ့ကြောင့် နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ညှိနှိုင်းတဲ့အခါကျတော့ ဒါတွေက အဆင့်အတန်းမြင့်ဖို့အတွက် အခြေခံကောင်းတွေ ဖြစ်လာပြီ။

ဒါပေမယ့် အခြေအနေအရ စိန်ရတုကာလနောက်ပိုင်း ဒီနေ့မရောက်ခင်ကာလမှာ ရန်ကုန်တက္ကသိုလ်အခြေအနေအရ ဘွဲ့ကြိုသင်တန်းတွေ မထားတဲ့ကာလရှိတယ်။ မဟာတန်းနဲ့ ပါရဂူတန်းများ ဖွင့်ရတဲ့ တက္ကသိုလ်ဖြစ်သွားခဲ့တယ်။ ဘွဲ့ကြိုသင်တန်းတွေ မရှိရဘူးဆိုတော့ တက္ကသိုလ်ဆိုတာက ဘွဲ့ကြိုသင်တန်း၊ ဘွဲ့လွန်သင်တန်းတွေဆုံမှ တက္ကသိုလ်ရဲ့ အင်္ဂါရပ်နဲ့ညီတယ်။ အဲဒီကြားကာလမှာ ဘွဲ့ကြိုသင်တန်းတွေကို အခြားတက္ကသိုလ်တွေကို ပြောင်းလိုက်တယ်။ ဥပမာ ရန်ကုန်မှာဆိုရင် ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊အနောက်ပိုင်းတက္ကသိုလ်အဲဒီမှာပဲ ဘွဲ့ကြိုသင်တန်းတွေထားတယ်။ ဒီလိုကြောင့် တက္ကသိုလ်ရဲ့အနေအထားက ပြောင်းလာတယ်။ နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ မတူတော့ဘဲ တက္ကသိုလ်ရဲ့ အားလျော့ချက်တစ်ခုဖြစ်သွားတယ်။ ဒါပေမယ့် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှာ ဘွဲ့ကြိုသင်တန်းတွေ ပြန်ဖွင့်ခွင့်ပြုလိုက်တော့ ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့ကြိုသင်တန်းတွေ ပြန်ဖွင့်ခွင့်ရတယ်။ အထူးအစီအစဉ်အနေနဲ့ ဖြစ်တဲ့အတွက် ရွေးချယ်တဲ့နေရာမှာ အမှတ်ကောင်းတဲ့အဆင့်မြင့်တဲ့ ကျောင်းသားတွေပဲ အထူးသီးသန့် ရွေးချယ်တယ်။ အထူးတက္ကသိုလ်ကြီးတစ်ခုဖြစ်အောင် စီစဉ်တယ်။ တက္ကသိုလ်ရဲ့ အရည်အသွေးဟာ တက်လာတယ်။ အခြားတက္ကသိုလ်တွေက သူ့မူအရ တက္ကသိုလ်ဝင်တန်းအောင်မြင်ရင် တက္ကသိုလ်တက်ခွင့်ရှိပေမယ့် ရန်ကုန်တက္ကသိုလ်ကတော့ သတ်မှတ်တဲ့ အမှတ်မီတဲ့သူတွေပဲ လက်ခံတယ်။ ဒါကြောင့်မို့ နိုင်ငံတကာမှာ ဒီနေ့ကြည့်လိုက်ရင် ရန်ကုန်တက္ကသိုလ်ရဲ့ အဆင့်အတန်းဟာ အသိအမှတ်ပြုခံရတယ်။ ဆရာတို့ရဲ့ ဘွဲ့ကြိုကျောင်းသားတွေရဲ့ အဆင့်အတန်းကို နိုင်ငံတကာက လက်ခံတယ်။ ဒီနေ့ခေတ်ကတိုင်းပြည်တစ်ပြည်ထဲမှာ တက္ကသိုလ်တစ်ခုထဲ သီးသန့်နေလို့ မရတော့ဘူး။ တက္ကသိုလ်တွေမှာ လှည့်ပြီးတော့ တက်နေတဲ့ စနစ်ဖြစ်လာပြီ။ ကျောင်းသားတွေကိုယ်တိုင်က အမြင်တွေကျယ်လာတဲ့အခါကျတော့ နိုင်ငံတကာ ကျောင်းတွေမှာလည်း သွားတက်ကြတယ်။

ဒါကြောင့် ရာပြည့်ကာလထက် ကာလတွေပြီးသွားတဲ့အချိန် ရန်ကုန်တက္ကသိုလ်မှာ အရည်အသွေးမြှင့်တဲ့အရှိန်ကြောင့် ပိုပြီးတော့ ကောင်းလာမယ်လို့ ဆရာတို့ မျှော်လင့်ပါတယ်။ ကောင်းအောင်လည်း လုပ်နေပါတယ်။ ဒါဟာရာပြည့်ရန်ကုန်တက္ကသိုလ်ရဲ့ မှတ်တိုင်ပါ။ ဒီအတွက်လည်း ဆရာ ဂုဏ်ယူတယ်။

အခုမကြာခင်ကပဲ ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ် တချို့ကို နိုင်ငံတော်ကနေပြီးတော့ အထူးအစီအစဉ်အနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အဆင့်ရအောင် ခွင့်ပြုလိုက်တာ ဖြစ်တယ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံတွေ၊ ရာထူးတွေ ပြောင်းတာ၊ ကျောင်းသားတွေ ရွေးချယ်ခွင့်တွေ၊ ဆရာတွေ ရွေးချယ်ခွင့်တွေ၊ ဆရာခန့်ခွင့်တွေ အစီအစဉ်ပြောင်းလာတယ်။ ဒါက ရန်ကုန်တက္ကသိုလ်ရဲ့ တိုးတက်မှုကို သွားဖို့ အရှိန်အဟုန်ကို မြှင့်တင်ပေးလိုက်တဲ့အနေအထားပဲ။ ဒါကြောင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ ရန်ကုန်တက္ကသိုလ်ရဲ့တိုးတက်မှုအရှိန်ဟာ ပိုပြီးတော့ ကြီးမားသွားမှာပါ။ ရာပြည့်နှစ်လွန်တဲ့အချိန်မှာ ပညာရေးပေါ်လစီတွေလည်း ပြောင်းလဲလာဦးမှာပဲ။ ပြောင်းလဲအောင်လည်း ညှိနှိုင်းဆောင်ရွက်နေကြတယ်။ စနစ်ဆိုတာ ပြောင်းမှာပဲ။ ဦးတည်ရမှာက တိုးတက်မှု၊ အဆင့်အတန်း၊ ပညာအရည်အသွေး တိုးတက်မှုတွေကို ဦးတည်တာဖြစ်လို့ မပျောက်ပျက်စေဖို့ရာအတွက် ဆောင်ရွက်ပေးကြတဲ့သူတွေအားလုံးကို ဆရာ့အနေနဲ့ ရာပြည့်ဂုဏ်ပြုခြင်းနဲ့ အတူ ဂုဏ်ယူတယ်၊ ဂုဏ်ပြုတယ်လို့ပြောကြားလိုပါတယ်။

အခုလိုဖြေကြားရခြင်းအတွက်လည်း ဆရာ့အနေနဲ့ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ။

# တီဂရေးဒေသမြို့တော်ကို အစိုးရက ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း အီသီယိုပီးယားဝန်ကြီးချုပ် ကြေညာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၂၉**

အီသီယိုပီးယားနိုင်ငံ မြောက်ပိုင်း တီဂရေးဒေသမြို့တော်ကို အစိုးရတပ်ဖွဲ့များက ပြန်လည်ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း အီသီယိုပီးယားဝန်ကြီးချုပ်က ကြေညာခဲ့သည်။

အီသီယိုပီးယား၌ တိုင်းရင်းသားလူနည်းစုဖြင့် ဖွဲ့စည်းထားသည့် တီဂရေး လွတ်မြောက်ရေးတပ်ဖွဲ့က အဆိုပါဒေသရှိ ဗဟိုအစိုးရအဖွဲ့ စစ်စခန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာမှ အစိုးရနှင့် တီဂရေး လွတ်မြောက်ရေး တပ်ဖွဲ့တို့အကြား ပဋိပက္ခစတင်ဖြစ်ပွားခဲ့သည်။



အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက်

ယခုအခါ တီဂရေးဒေသ၏ မြို့တော် မက်ကီလီကို အစိုးရတပ်ဖွဲ့များက အပြည့်အဝထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် အဘီအာမက်က ထုတ်ပြန်ချက်တစ်စောင်ကို နိုဝင်ဘာ ၂၈ ရက်တွင် တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။ အစိုးရ၏ အဓိက စစ်ဆင်ရေးတစ်ရပ် ပြီးဆုံးသွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ်က ဖြည့်စွက်ဖော်ပြခဲ့သည်။

မက်ကီလီမြို့ကို ပြန်လည်တည်ဆောက်ရေးအပါအဝင် တီဂရေးဒေသမှ ထွက်ပြေးသွားကြသည့် ဒေသခံပြည်သူများအား ပြန်လည်ခေါ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဝန်ကြီးချုပ် အဘီအာမက်က ပြောကြားခဲ့သည်။

တီဂရေးဒေသတွင် ဖြစ်ပွားသည့် ပဋိပက္ခကြောင့် ဒေသခံပြည်သူ ၄၀၀၀၀ ကျော်တို့ အိမ်နီးချင်း ဆူဒန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကာကွယ်ဆေး ထုတ်လုပ်သည့် နေရာများသို့ သွားရောက်ကြည့်ရှု

**နယူးဒေလီ နိုဝင်ဘာ ၂၉**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် နိုဝင်ဘာ ၂၈ ရက်က နိုင်ငံအတွင်း ကာကွယ်ဆေး ထုတ်လုပ်နေသည့် နေရာသုံးနေရာသို့ သွားရောက်ခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းစဉ်များ တိုးတက်မှုကို လေ့လာရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နေသည့် မြို့သုံးမြို့သို့ တစ်ရက်ကြာ သွားရောက်ခဲ့သည်။ ပထမဆုံး ဂူဂျာရတ်ပြည်နယ် အာမန်ဒါဘတ်မြို့ရှိ ဇိုင်ဒပ် ဘိုင်အိုတက်ချ်သို့ သွားရောက်ခဲ့ပြီး ကာကွယ်ဆေးအခြေအနေကို သိပ္ပံပညာရှင်များနှင့် ဆွေးနွေးခဲ့သည်။



အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်နေမှုကို ကြည့်ရှုနေစဉ်။

ထို့နောက် မိုဒီသည် ဟိုက်ဒရာဘတ်မြို့ရှိ ဘဟာရတ် ဘိုင်အိုတက်ချ် ဌာနချုပ်သို့ သွားရောက်ခဲ့သည်။ အဆိုပါ ဌာနချုပ်တွင် Covaxin အမည်ရှိကိုဗစ်-၁၉ ကာကွယ်ဆေးကို ထုတ်လုပ်နေသည်။

ထို့နောက် မဟာရက်ရှ် ထရာ ပြည်နယ် ဆီရမ် အင်စတီကျူသို့ သွားရောက်ခဲ့သည်။ လွန်ခဲ့သည့်လကလည်း အိန္ဒိယကျန်းမာရေးဝန်ကြီး ဟာရက်ရှ် ဗာဟန်က အိန္ဒိယနိုင်ငံတွင် လာမည့်နှစ် အစောပိုင်းတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးရရှိနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းအထိ အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၉၃၅၁၁၀၉ ဦးရှိပြီး သေဆုံးသူ စုစုပေါင်းမှာ ၁၃၆၂၀၀ ရှိသည်ဟု သိရသည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ် -၁၉ ကြောင့် ထိခိုက်ခံစားနေရပြီး ကမ္ဘာပေါ်တွင် ဒုတိယမြောက် ကူးစက်မှု အမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံတွင် ပြည်တွင်း၌ ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ့ရှိ

**ဖနောင်ပင် နိုဝင်ဘာ ၂၉**

ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံးအကြိမ် ပြည်တွင်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခြောက်ဦး စစ်ဆေးတွေ့ရှိခဲ့မှုကြောင့် မြို့တော်ဖနောင်ပင်ရှိ ချမ်ခါမွန်ဒေသ၌ Aeon Mall ဈေးဝယ်ကုန်တိုက်ကို ယာယီပိတ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး အော်ဗန်ဒင်းက နိုဝင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

မြို့တော်ဖနောင်ပင်နှင့် ဆီအန်ရိပြည်နယ်တွင် နေထိုင်သည့် အသက် ၅၆ နှစ်ရှိ ကမ္ဘောဒီးယားအမျိုးသမီးနှင့် ၎င်း၏ခင်ပွန်း အပါအဝင် အခြားမိသားစုဝင် လေးဦးတို့ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့သည်။ ရောဂါကူးစက်ခံထားရသူများကို ဖနောင်ပင်ရှိ ခမာဆိုဗီယက် ဖရန့် ရှစ်ပ် ဆေးရုံ၏ သီးသန့်လူနာဆောင်များသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ရောဂါကူးစက်ခံထားရသည့် အမျိုးသမီးမှာ မည်သည့်နေရာမှ ရောဂါကူးစက်ခံခဲ့ရကြောင်း မသိရှိရသေးပေ။ ၎င်းသည် ကိုဗစ်-၁၉ စစ်ဆေးခြင်း မခံယူမီ သုံးရက်ကြာအောင် ဖျားနာခဲ့ကြောင်း၊ ထို့နောက်တွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းထောင်၏ အထွေထွေညွှန်ကြားရေးမှူးဖြစ်သူ ၎င်း၏ခင်ပွန်းထံသို့ ကူးစက်ခဲ့ပြီး အခြားမိသားစုဝင်များသို့လည်း ကူးစက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောသည်။

သို့ရာတွင် နိုင်ငံအတွင်းရှိ ကျောင်းများကို ပိတ်ထားရန် ညွှန်ကြားဦးမည် မဟုတ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အီရန် နျူကလီးယားအဆောက်အအုံ မီးလောင်မှုအတွက် အစ္စရေးအပေါ် အပြစ်တင်ထား

**တီဟီရန် နိုဝင်ဘာ ၂၉**

အီရန်နိုင်ငံ၏ အဓိက နျူကလီးယားအဆောက်အအုံ ဇူလိုင်လအတွင်းက မီးလောင်မှုမှာ အစ္စရေးတို့နှင့် ဆက်နွယ်မှုရှိနိုင်သည်ဟု အီရန်နျူကလီးယား အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဘီရုခမာလ်ဗန်ဒီက နိုဝင်ဘာ ၂၈ ရက်တွင် နိုင်ငံပိုင်သတင်းအေဂျင်စီကို ပြောသည်။

အလားတူပင် နိုဝင်ဘာ ၂၇ ရက်တွင် အီရန် ထိပ်တန်း နျူကလီးယား သိပ္ပံပညာရှင် လုပ်ကြံခံရခြင်းနောက်ကွယ်တွင်လည်း အစ္စရေးရှိနေနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အီရန် ထိပ်တန်းနျူကလီးယား သိပ္ပံပညာရှင် မိုဆန်ဖက်ကရီဇာဒက် လိုက်ပါလာသည့်ယာဉ်မှာ နိုဝင်ဘာ ၂၇ ရက်က တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ ရန်ဘက်များသည် အီရန်နျူကလီးယားအစီအစဉ်ကို လွဲချော်သွားရန် မျှော်လင့်နေကြသည်ဟုလည်း ၎င်းကပြောသည်။ သို့သော်လည်း အီရန်သည် နောက်ဆုံးတွင် ရည်မှန်းချက် ပန်းတိုင်သို့ရောက်ရှိရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လော့စ်အိန်ဂျလိစ်တွင် ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် စားသောက်ဆိုင်များ ပိတ်ထားရ

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၉**

ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့တွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခြင်းကို ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်၏ တွက်ချက်မှုများအရ အမေရိကန်ပြည်ထောင်စုတွင် နေ့စဉ် ကူးစက်မှုနှုန်းမှာ ၁၀၀၀၀၀ ကျော်ရှိနေသည်။ ကယ်လီဖိုးနီယားပြည်နယ်တွင်လည်း နေ့စဉ်ကူးစက်မှုမှာ ၁၀၀၀၀ ကျော်တွင် ရှိနေသည်။

ယင်းသို့ ကူးစက်မှုများကြောင့် လော့စ်အိန်ဂျလိစ်တွင် စားသောက်ဆိုင်အပြင်ဘက် ဆိုင်ထိုင်စားသောက်မှုကို သုံးပတ်ကြာပိတ်ထားပြီး ဆိုင်အတွင်းစားသောက်ခြင်းကိုမူ ယခင်ကတည်းက ပိတ်ပင်ထားပြီးဖြစ်သည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် ပါဆယ်စနစ်ဖြင့်သာ မှာယူနိုင်သည်။ ပြည်နယ်နှင့် ဗဟိုအစိုးရတို့ထံမှ မည်သည့်အကူအညီမျှမရဟု စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အမေရိကန်ပြည်ထောင်စုတစ်လွှားတွင် ကိုဗစ် -၁၉ ကူးစက်မှုများကြောင့် တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများ အသီးသီးချမှတ်ထားသည်။ နယူးယောက်ပြည်နယ်တွင်လည်း ဘားများနှင့် စားသောက်ဆိုင်များတွင် အရက်ရောင်းချခွင့်ကို ည ၁၀ နာရီအထိသာ ခွင့်ပြုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ပြင်သစ်နိုင်ငံတွင် ဆိုင်များ ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြု

**ပါရီ နိုဝင်ဘာ ၂၉**

ကိုဗစ်-၁၉ ကြောင့် တစ်လကြာ အသွားအလာ ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ထားရာမှ တစ်စိတ်တစ်ပိုင်း ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီးနောက်ပိုင်းတွင် ပြင်သစ်နိုင်ငံရှိ စတိုးဆိုင်များသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်လာပြီဖြစ်သည်။

ပြင်သစ်အစိုးရသည် ကိုဗစ်-၁၉ ဖြေလျှော့မှုများကို အဆင့်လိုက် စတင်လုပ်ဆောင်ခဲ့သည်။ နိုဝင်ဘာလအစောပိုင်းက ပြင်သစ်နိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှုသည် ၆၀၀၀၀ ကျော်ရှိရာမှ လွန်ခဲ့သော သီတင်းပတ်က ၂၀၀၀၀ အောက် ကျဆင်းခဲ့သည်။

ပါရီရှိ အရုပ်ဆိုင်တစ်ဆိုင်သည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ရာ ဈေးဝယ်သူများက ခရစ္စမတ်လက်ဆောင်များနှင့် အလှဆင်ပစ္စည်းများ လာရောက်ဝယ်ယူခဲ့ကြသည်။ လွန်ခဲ့သောလက အဆိုပါဆိုင်သည် ပစ္စည်းအမှာစာရင်းများကို ဖုန်းဖြင့်လက်ခံခဲ့ပြီး ဆိုင်ရှေ့တွင် ဈေးဝယ်သူများကို ပစ္စည်းများလွှဲပြောင်းပေးခဲ့သည်။ ဆိုင်ပိုင်ရှင်က လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်လျှင် ရောင်းအား ၃၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ပြောကြားသည်။

ပြင်သစ်နိုင်ငံရှိ လက်လီရောင်းချသူများသည် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် တစ်နှစ်လုံးရောင်းအား၏ သုံးပုံတစ်ပုံ ရောင်းချရလေ့ရှိကြောင်း ပြောကြားသည်။ ပြင်သစ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းက အဆိုပါနှစ်လတာကာလသည် အလွန်အရေးကြီးသောလများဖြစ်ကြောင်းပြောကြားလိုက်ပြီး လက်လီရောင်းချသူများကို ပုံမှန်ရောင်းဝယ်ဖောက်ကားခွင့်ပြုရန် အစိုးရကို တိုက်တွန်းထားသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု ၅၀၀၀ နီးပါး ကျဆင်းခဲ့ပါက ဒီဇင်ဘာ ၁၅ ရက်မှစကာ အသွားအလာကန့်သတ်ပိတ်ဆို့မှုနေရာတွင် ညမထွက်ရအမိန့်ပြောင်းလဲကျင့်သုံးရန် အစိုးရက စီစဉ်လျက်ရှိသည်။ အစိုးရက ပြည်သူများကို ခရစ္စမတ်နှင့် နှစ်သစ်ကူးရက်များတွင် ညဘက်ထွက်ခွင့်ပြုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စတိုးဆိုင်ကြီးတစ်ခုတွင် အလှဆင်ထားသော ခရစ္စမတ်သစ်ပင်ကြီးကို နိုဝင်ဘာ ၂၈ ရက်က တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၇၂၀၀၀ ကျော်အထိ ရှိလာ

**ဆော်ပိုလို နိုဝင်ဘာ ၂၉**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ကြောင့် သေဆုံးသူ ၅၈၇ ဦး ရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း စုစုပေါင်းသေဆုံးသူ ၁၇၂၅၆၁ဦး အထိ တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၁၉၂၂ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၉၀၂၇၂ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။



ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်သေဆုံးသူများကို မြေမြှုပ်သင်္ဂြိုဟ်နေသည်ကိုတွေ့ရစဉ်။

နိုဝင်ဘာလတွင် ဆော်ပိုလို အပါအဝင် ပြည်နယ် ကိုးခုတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆေးရုံတက်ရောက်ရသည့်ပမာဏ မြင့်တက်လာသည်။

ဥရုဂွေး၊ အာဂျင်တီးနားနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ရီယိုဂရန်ဒီဒိုဆာပြည်နယ်အုပ်ချုပ်ရေးမှူး အက်ဒွါဒိုက မိမိတို့ဒေသသည် ကိုဗစ်-၁၉ အဆိုးဆုံးအခိုက်အတန့် ကာလကိုရောက်ရှိနေပြီး ဒုတိယအကြိမ် ရိုက်ခတ်မှုကိုခံစားနေရကြောင်း၊ မေလကတည်းက ဆေးရုံများရှိ ခုတင်များလည်း အနည်းဆုံး အနေအထားအထိ ရောက်ရှိနေကြောင်း ပြောကြားလိုက်သည်။ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှု တတိယ အများဆုံးနိုင်ငံဖြစ်ပြီး သေဆုံးမှုတွင် ဒုတိယ အများဆုံးနိုင်ငံ ဖြစ်သည်။ **ဆင်ဟွာ**

# တူရကီနိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၁၀၃ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးနေ့အဖြစ် စံချိန်တင်

**အင်ကာရာ နိုဝင်ဘာ ၂၉**

တူရကီနိုင်ငံတွင် နိုဝင်ဘာ ၂၈ ရက်တစ်ရက်တည်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၁၀၃ ဦးဖြင့် နိုင်ငံတွင်း ကူးစက်မှုအများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၈၇၉၁၂ ဦးရှိသည်။ ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးသူ ၁၈၂ ဦးအပါအဝင် စုစုပေါင်းသေဆုံးသူ ၁၃၃၇၃ ဦးရှိလာပြီဖြစ်သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၉၆၂၂၇ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။

ကိုဗစ်-၁၉ လူနာများတွင် အဆုတ်အအေးမိဝေဒနာ ခံစားရနှုန်းသည် ၃ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာခံစားနေရသူပေါင်း ၄၉၀၃ ဦးရှိသည်။ နိုဝင်ဘာ ၂၇ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၇၄၄၄၃ ခုပြုလုပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက် လျင်လျင်မြန်မြန် တိုးလာသည့်အတွက် တူရကီနိုင်ငံတွင် ကန့်သတ်ပိတ်ဆို့မှုများ ပြန်လည်ကျင့်သုံးလျက်ရှိသည်။ ကျောင်းများကို ၂၀၂၀ နှစ်ကုန်အထိ ဆက်လက်ပိတ်ထားမည် ဖြစ်သည်။ ကျောင်းသားများအနေဖြင့် အွန်လိုင်းပညာရေးစနစ်ဖြင့် ပညာသင်ကြားရမည်ဖြစ်သည်။ တူရကီနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ လူနာကို မတ် ၁၁ ရက်က တွေ့ရှိခဲ့သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၃၉၂၉၁၉ ဦးရှိ

**နယူးဒေလီ နိုဝင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းသည် နိုဝင်ဘာ ၂၉ ရက်တွင် ၉၃၉၂၉၁၉ ဦးအထိ တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များ အရ နိုဝင်ဘာ ၂၈ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၉၆ ဦး တိုးလာမှုနှင့် အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၁၃၆၆၉၆ ဦး ရှိလာသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၅၃၉၅၆ ဦး ရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံကဆင်းသွားသူပေါင်း ၈၈၀၂၂၆၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။



ကိုဗစ်-၁၉ စစ်ဆေးရန် ကျန်းမာရေးဝန်ထမ်းတစ်ဦးက အမျိုးသမီးတစ်ဦး၏ အာခေါင်တို့ပတ် နမူနာ ယူနေစဉ်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက မြို့တော် နယူးဒေလီတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ရုတ်တရက် တိုးလာခဲ့သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း မြို့တော် နယူးဒေလီ၌ ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၄၉၉၈ ဦး ရှိပြီး ၈၉ ဦး သေဆုံးခဲ့ကြောင်း မှတ်တမ်းတင် ဖော်ပြခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ဝေဒနာရှင် ၆၅၁၂ ဦး ပြန်လည်ကောင်းမွန်လာခဲ့သည်။

ကာကွယ်ဆေးမရမချင်း ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခြင်းမပြုရန် ဒေလီအစိုးရက ဆုံးဖြတ်ခဲ့သည်။

ဗဟိုအစိုးရက နိုင်ငံအတွင်း ကိုဗစ်-၁၉ စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်အထိ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၃၉၅၀၃၈၀၃ ဦး စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ဒုတိယအဆိုးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ **ဆင်ဟွာ**

# ခရိုအေးရှားဝန်ကြီးချုပ်၏ဇနီး ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း တွေ့ရှိပြီးနောက် ဝန်ကြီးချုပ်ကိုယ်တိုင် သီးသန့် ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်

**ဇာဂရက်ဘ် နိုဝင်ဘာ ၂၉**

ခရိုအေးရှားဝန်ကြီးချုပ် အန်းဒရစ်ပလန်ကိုဗစ်သည် ၎င်း၏ဇနီး ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ၎င်းကိုယ်တိုင် ၁၀ ရက်ကြာ သီးသန့် ကန့်သတ်စောင့်ကြည့်မှုပြုလုပ်လျက်ရှိကြောင်း အစိုးရအဖွဲ့က နိုဝင်ဘာ ၂၈ ရက်တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။

ဝန်ကြီးချုပ်၏ဇနီး အန်နာမက်စ်လက်ပလန်ကိုဗစ်သည် အဖျားလက္ခဏာ အနည်းငယ်တွေ့ရှိပြီးနောက် နိုဝင်ဘာ ၂၈ ရက်က ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိခဲ့ကြောင်း အစိုးရအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဝန်ကြီးချုပ်သည် ကိုဗစ်-၁၉ ရောဂါမတွေ့ရှိသော်လည်း ၁၀ ရက်ကြာ သီးသန့်စောင့်ကြည့်မှု ခံယူလျက်ရှိနေချိန်တွင် နေအိမ်မှအလုပ်တာဝန်များ လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ခရိုအေးရှားနိုင်ငံတွင် နိုဝင်ဘာ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၉၈၇ ဦးရှိပြီး သေဆုံးသူ ၅၅ ဦးရှိကြောင်း ခရိုအေးရှားပြည်သူ့ကျန်းမာရေးအင်စတီကျူက နိုဝင်ဘာ ၂၈ ရက်နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာလိုက်သည်။

လူဦးရေ လေးသန်းကျော်ရှိသော ခရိုအေးရှားနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ ကူးစက်မှုဖြစ်စဉ်တစ်ခုကို ဖေဖော်ဝါရီ ၂၅ ရက်ကအတည်ပြုခဲ့ပြီးနောက် ယခုအချိန်တွင် တစ်နိုင်ငံလုံးကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၀၀၀၀ ရှိပြီး သေဆုံးသူ ၁၆၅၅ ဦးရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ရန် ကမ္ဘာကြီးအနေဖြင့် ကြိုးစားနေချိန်တွင် ဂျာမနီ၊ တရုတ်၊ ရုရှား၊ အင်္ဂလန်နှင့် အမေရိကန် အပါအဝင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကြိုးစားဖော်ထုတ်လျက်ရှိသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မက္ကဆီကိုတွင် ကိုဗစ်-၁၉ အတည်ပြုကူးစက်လူနာ တစ်သန်းကျော်ရှိ

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၉**

မက္ကဆီကိုတွင် နိုဝင်ဘာ ၂၇ ရက်က ထပ်မံတွေ့ရှိခဲ့သော ကိုဗစ်-၁၉ လူနာ ၁၂၀၈၁ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ လူနာ ၁၀၉၀၆၇၅ ဦးအထိ ရောက်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

တစ်ချိန်တည်းတွင် မက္ကဆီကိုနိုင်ငံ၏ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းမှာလည်း နိုဝင်ဘာ ၂၇ ရက်က ၆၃၁ ဦး သေဆုံးမှုကြောင့် စုစုပေါင်း ၁၀၄၈၇၃ ဦးအထိ ရောက်ရှိလာခဲ့သည်။

သက်ဆိုင်ရာ အဖွဲ့အစည်းများက ထိရောက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုလိုက်ပြီဆိုသည်နှင့် လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သော မက္ကဆီကိုနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှုကို ဒီဇင်ဘာလတွင် စတင်နိုင်တော့မည်ဖြစ်ကြောင်း မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး မာဆယ်လိုအဲဘရက်က နိုဝင်ဘာ ၂၄ ရက်တွင် ပြောခဲ့သည်။

ဆင်ဟွာ

### ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၂၂၆၉၃၁၆ ဦးရှိလာ

**မော်စကို နိုဝင်ဘာ ၂၉**

ရုရှားနိုင်ငံတွင် နိုဝင်ဘာ ၂၈ ရက်က ကိုဗစ် -၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၆၆၈၃ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၂၂၆၉၃၁၆ ဦး ရှိလာခဲ့ကြောင်း ကိုဗစ် -၁၉ တုံ့ပြန်ရေးဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်လိုက်သော ကြေညာချက်အရ သိရသည်။

ကိုဗစ် -၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၄၅၉ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ် -၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၃၉၅၂၇ ဦး ရှိလာခဲ့သည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကို အဆိုးရွားဆုံးခံစားရသော မြို့တစ်မြို့ဖြစ်ပြီး ကိုဗစ် -၁၉ ထပ်မံကူးစက်ဖြစ်ပွားသူပေါင်း ၆၇၉၈ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၅၉၉၂၁၃ ဦး ရှိလာကြောင်း ကိုဗစ် -၁၉ တုံ့ပြန်ရေးဌာနက ဖော်ပြသည်။

ကိုဗစ် -၁၉ တုံ့ပြန်ရေးဌာန၏ ဆက်လက်ထုတ်ပြန်ဖော်ပြချက်အရ ကိုဗစ် -၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၇၆၁၄၅၇ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကာကွယ်ဆေးအတွက် ခွင့်ပြုချက်ပေးဖို့ အလျင်လိုလာတဲ့ ဗြိတိန်

................ ခြူးစန္ဒီနွေး ................

**ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေး မျှော်လင့်ချက်တွေ ရင့်သန်လာတဲ့အချိန်မှာ သက်ဆိုင်ရာဆေးဝါးကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့တွေဆီကနေ ကာကွယ်ဆေးအတွက် တရားဝင်ခွင့်ပြုချက်ရဖို့ကလည်း အသည်းအသန် အရေးကြီးလာပါတယ်။**



အောက်စဖို့ဒ်တက္ကသိုလ်တွင် Astra Zeneca ကာကွယ်ဆေးအတွက် အလုပ်လုပ်ကိုင်နေကြသည့် သုတေသနပညာရှင်များကို တွေ့ရစဉ်။

**ရှေ့ဆက်တိုးဖို့စဉ်းစားလာ**

ဗြိတိန်နိုင်ငံမှာတော့ Astra Zeneca ကာကွယ်ဆေးကို အရေးပေါ်အခြေအနေအတွက် ခွင့်ပြုချက်ပေးဖို့ ကြီးကြပ်ရေးအဖွဲ့ဆီ တောင်းခံလာပါတယ်။ ဗြိတိန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၆၀၀၀ ကျော် ရှိလာနေတဲ့အချိန်မှာ ကာကွယ်ဆေးရဲ့ သေချာတဲ့ အကျိုးသက်ရောက်မှုတွေကို အတိအကျမသိရသေးရင်တောင် ဒါကို ကျော်လွှားပြီး ရှေ့ဆက်တိုးဖို့ပဲ စဉ်းစားလာကြပါတယ်။ ဗြိတိန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် ကူးစက်မှုတွေ များပြားနေတဲ့အချိန် ကာကွယ်ဆေးရဖို့ဆိုတာ အမှန်တကယ်ပဲ အရေးကြီးနေပါတယ်။

**ခွင့်ပြုပေးဖို့ စဉ်းစားနေ**

အမေရိကန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်တဲ့ ဖိုက်ဇာနဲ့ ဂျာမနီနိုင်ငံက ဆေးကုမ္ပဏီ BioNTech တို့က ထုတ်လုပ်တဲ့ ကာကွယ်ဆေးကို အရေးပေါ်အခြေအနေအတွက် ခွင့်ပြုပေးဖို့ စဉ်းစားနေတယ်လို့ ဗြိတိန်နိုင်ငံရဲ့ ဆေးဝါးကြီးကြပ်ရေးအဖွဲ့က ပြောပါတယ်။ အမေရိကန် ဆေးဝါးကြီးကြပ်သူတွေထက် အရင်စောပြီး ဗြိတိန်မှခွင့်ပြုချက်ပေးဖို့ ဖြစ်နိုင်ခြေရှိပါတယ်။

အမေရိကန်မှာတော့ ဒီဇင်ဘာ ၁၀ ရက်ကျမှ ဆုံးဖြတ်ချက်ချဖို့ စီစဉ်ထားတာပါ။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဗြိတိန်ကျန်းမာရေးအာဏာပိုင်တွေက ဒီဇင်ဘာလအစောပိုင်းမှာပဲ ကာကွယ်ဆေးထိုးနှံပေးဖို့ အဆင်သင့်ပြင်ထားကြပါလို့ ဆေးရုံအကြီးအကဲတွေဆီ စာရေးသားထားတယ်လို့ သိရပါတယ်။ ကာကွယ်ဆေးတွေထဲမှာ ရှေ့တန်းက ပြေးနေတဲ့ ဖိုက်ဇာဆေးအတွက် သတင်းအချက်အလက်တွေလည်း ဆေးရုံတွေဆီကို ရောက်နေပါပြီ။

**အမှီအခိုကင်းလာ**

ကိန်းဘရစ်တက္ကသိုလ်ဆေးရုံမှာတော့ လာမယ့်သီတင်းပတ်မှာပဲ ဖိုက်ဇာကာကွယ်ဆေးကို အသုံးပြုဖို့ ဝန်ထမ်းတွေကို အကြောင်းကြားထားတယ်လို့ သတင်းထွက်ပေါ်ခဲ့ပါတယ်။ ဗြိတိန်နိုင်ငံမှာ ကာကွယ်ဆေး အသုံးပြုနိုင်ဖို့ဆိုရင် ဗြိတိန်ဆေးဝါးကြီးကြပ်သူတွေပေါ်မှာ မူတည်ပါတယ်။ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကြီးကြပ်ရေးအေဂျင်စီဟာ ဥရောပသမဂ္ဂအတွက် ဆေးဝါးတွေကို အကဲဖြတ်တဲ့နေရာမှာ ခေါင်းဆောင်နေရာကနေ ကာလရှည်ကြာဆောင်ရွက်ပေးခဲ့တဲ့ အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။ အခုအချိန်ခါမှာ ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂ အဖွဲ့ကြီးကနေ ထွက်လိုက်ပြီဖြစ်တာကြောင့် အဖွဲ့အစည်းအနေနဲ့ ပိုပြီး အမှီအခိုကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်လာနိုင်ပါတယ်။

**ပြည်တွင်းထုတ်ဆေးဝါး**

အခု Astra Zeneca ကာကွယ်ဆေးအတွက် အရေးပေါ်အခြေအနေမှာ အသုံးပြုနိုင်ရေး ခွင့်ပြုချက်ပေးဖို့ဆိုရင်လည်း အေဂျင်စီမှာပဲ တာဝန်ရှိနေပါတယ်။ အဲဒီကာကွယ်ဆေးကို အောက်စဖို့ဒ်တက္ကသိုလ်ကနေ ထုတ်လုပ်တာဖြစ်ပြီး ဗြိတိန်နိုင်ငံရဲ့ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ဆေးဝါးပါ။ ကပ်ရောဂါကာလအတွင်း ဗြိတိန်နိုင်ငံအတွက် သိပ္ပံစွမ်းပကားကို ထုတ်ပြနိုင်တဲ့ လွှမ်းမိုးမှုတစ်ခုလည်း ဖြစ်ပါတယ်။ Astra Zeneca ကာကွယ်ဆေးဟာ ၉၀ ရာခိုင်နှုန်းထိရောက်မှုရှိတယ်ဆိုပြီး ကုမ္ပဏီဘက်က ပြောကြားချက်ကို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့ပါတယ်။

**အကျိုးသက်ရောက်မှုရှိပါ့မလား**

ဒါပေမယ့်လည်း ဆေးပမာဏနဲ့ပတ်သက်ပြီး စမ်းသပ်စဉ်က မှားယွင်းခဲ့တာကို ကုမ္ပဏီဘက်က ဝန်ခံခဲ့ပါတယ်။ ပထမတစ်ကြိမ်မှာ ဆေးပမာဏကို မှားယွင်းပြီး တစ်ဝက်သာပေးပြီး နောက်တစ်လအကြာမှာ ဆေးပမာဏအပြည့်ပေးထားခြင်း ခံရတဲ့ စေတနာ့ဝန်ထမ်းတွေမှာ ၉၀ ရာခိုင်နှုန်း အကျိုးသက်ရောက်မှုရှိတာကို တွေ့ရပြီး နှစ်ကြိမ်စလုံး ဆေးပမာဏအပြည့်ပေးထားတဲ့ လူတွေမှာတော့ ၆၂ ရာခိုင်နှုန်းမှာ အစွမ်းထက်တာကို တွေ့ရပါတယ်။ ဆေးပမာဏ နည်းနည်းပဲ အပေးခံရတဲ့အုပ်စုမှာ အသက် ၅၅ နှစ်နဲ့ လူငယ်တွေ ပါဝင်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုအလွယ်ဆုံးဖြစ်နေတဲ့ သက်ကြီးရွယ်အိုတွေမှာရော ဒီဆေးဟာ အကျိုးသက်ရောက်မှု ရှိပါ့မလားဆိုပြီး ဖြစ်လာပါတယ်။

**အရှိန်အဟုန်မြှင့်လုပ်ဆောင်**

အမေရိကန်ပြည်ထောင်စုမှာတော့ Astra Zeneca ကာကွယ်ဆေးကို သန်း ၃၀၀ အထိမှာယူထားပေမယ့် အဲဒီဆေးဝါးအတွက် ကြီးကြပ်မှုလုပ်ငန်းစဉ်တွေကို ရပ်ဆိုင်းထားပါတယ်။ အရေးပေါ်အခြေအနေအတွက် အသုံးပြုခွင့်ရဖို့ အမေရိကန် အစားသောက်နဲ့ ဆေးဝါးကြီးကြပ်ရေးအဖွဲ့ဆီကနေ လမ်းညွှန်မှုတွေ ခံယူသွားမယ်လို့ ကုမ္ပဏီဘက်က ပြောပါတယ်။ ကာကွယ်ဆေးသန်း ၁၀၀ မှာယူထားတဲ့ ဗြိတိန်နိုင်ငံမှာတော့ ကာကွယ်ဆေးအတွက် ဆေးဝါးကြီးကြပ်ရေးလုပ်ငန်းစဉ်တွေကို အရှိန်အဟုန်မြှင့်ပြီး လုပ်ဆောင်နေပါတယ်။ ပြီးခဲ့တဲ့လအနည်းငယ်အတွင်းမှာ ဆေးပမာဏ မှားယွင်းမှုနဲ့ပတ်သက်ပြီး အောက်စဖို့ဒ်က သိပ္ပံပညာရှင်တွေ တွေ့ရှိပြီးတဲ့နောက်မှာ ဗြိတန်ဆေးဝါးအေဂျင်စီက စမ်းသပ်မှုတွေ ဆက်လက်လုပ်ဆောင်ဖို့ မီးစိမ်းပြခဲ့ပါတယ်။

**မတူညီကြ**

ကာကွယ်ဆေးအတွက် ကြီးကြပ်မှုတွေ လုပ်ဆောင်တဲ့အခါ ဗြိတိန်နဲ့ အမေရိကန်တို့ဟာ မတူညီကြပါဘူးလို့ လန်ဒန်ဘုရင့်ကောလိပ် ဆေးဘက်ဆိုင်ရာ ဌေ့ပါမောက္ခ ဒေါက်တာ ပန်းနီဝေ့ဒ်က ပြောပါတယ်။ အမေရိကန်မှာ ဆေးဝါးကြီးကြပ်ထိန်းသိမ်းသူအဖွဲ့အစည်းဟာ ကာကွယ်ဆေးထုတ်လုပ်သူတွေဆီကနေ အချက်အလက် အကြမ်းတွေကို တောင်းပါတယ်။ ကုမ္ပဏီရဲ့ ရလဒ်တွေဟာ ခိုင်မာမှုရှိ မရှိကို အက်ဖ်ဒီအေက စစ်ဆေးပါတယ်။ ဗြိတိန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံတွေမှာတော့ ကာကွယ်ဆေးထုတ်လုပ်တဲ့ကုမ္ပဏီဘက်ကပေးတဲ့ အချက်အလက်တွေကို ပိုပြီးမှီခိုတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

**အားသာချက်များ**

ဗြိတိန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် နေ့စဉ် လူတွေရာနဲ့ချီပြီး သေဆုံးနေပါတယ်။ ဆေးရုံတွေမှာလည်း မနိုင်ဝန်ထမ်းနေရသလို ဝန်ပိ နေတယ်။ ဒီလိုအခြေအနေမျိုးမှာ Astra Zeneca ကထုတ်တဲ့ ကာကွယ်ဆေးအတွက် စဉ်းစားပေးဖို့ အချိန်ကောင်းပါပဲ။ ဒီဆေးရဲ့ အားသာချက်တွေကတော့ ဈေးချိုသာတယ်၊ အများကြီးထုတ်လုပ်လို့ရတယ်။ အခြားသော ကာကွယ်ဆေးတွေဖြစ်တဲ့ ဖိုက်ဇာနဲ့ မိုဒါနားတို့နဲ့မတူတာက Astra Zeneca ကို ပုံမှန်ရေခဲသေတ္တာမှာပဲ လပေါင်းများစွာ သိမ်းဆည်းထားလို့ရတယ်။ “ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ရောဂါအတွက် ဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချပေးဖို့ဆိုရင် ကာကွယ်ဆေးတစ်ခုဟာ အလွန့်အလွန် အစွမ်းထက်နေဖို့ မလိုပါဘူး။ ရာသီတုပ်ကွေးဆေးတွေမှာဆိုရင်လည်း အကျိုး သက်ရောက်မှုတွေမှာ ခြားနားမှုတွေ ရှိနေ ပေမယ့် အသုံးဝင်နေတာကိုတွေ့နေရတာ ပဲ” လို့ ဒေါက်တာဝေ့ဒ်က ပြောပါတယ်။

**သေချာမသိရသေး**

အခုဆိုရင် ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ကြီးမှာလည်း ပါဝင်ခြင်းမရှိတော့ပါဘူး။ ဒါကြောင့် ဥရောပသမဂ္ဂရဲ့ ဆေးဝါးကြီးကြပ်ရေးအေဂျင်စီအပေါ် မှီခိုနေစရာလည်း မလိုတော့ပါဘူး။ ဗြိတိန်အစိုးရဟာ အရန်အစီအစဉ်အနေနဲ့ အလားအလာကောင်းတဲ့ ကာကွယ်ဆေး ခုနစ်မျိုးကနေ ဆေးအရေအတွက် ၃၅၅ သန်းအထိ ကြိုတင်မှာယူထားပါတယ်။ ဖိုက်ဇာနဲ့ Astra Zeneca ဆေးတို့မှာ ဘယ်ဆေးကို အရင် ခွင့်ပြုချက်ပေးမလဲဆိုကတော့ သေချာမသိရသေးပါဘူး။ ။

**“ဗြိတိန်နိုင်ငံမှာ ကာကွယ်ဆေး အသုံးပြုနိုင်ဖို့ဆိုရင် ဗြိတိန်ဆေးဝါးကြီးကြပ်သူတွေပေါ်မှာ မူတည်တယ်။ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကြီးကြပ်ရေးအေဂျင်စီဟာ ဥရောပသမဂ္ဂအတွက် ဆေးဝါးတွေကို အကဲဖြတ်တဲ့နေရာမှာ ခေါင်းဆောင်နေရာကနေ ကာလရှည်ကြာဆောင်ရွက်ပေးခဲ့တဲ့ အဖွဲ့အစည်းလည်း ဖြစ်တယ်။ အခုအချိန်ခါမှာ ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ ထွက်လိုက်ပြီဖြစ်တာကြောင့် အဖွဲ့အစည်းအနေနဲ့ ပိုပြီး အမှီခိုကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်လာနိုင်တယ်”**

ကိုးကား - နယူးယောက်တိုင်းမ်

## အခြေခံကျန်းမာရေးကောင်းဖို့ အရေးကြီး



မကြာခင်ကာလမှာ ရုပ်မြင်သံကြားကနေတစ်ဆင့် အွန်လိုင်းကနေပြီး ကျန်းမာရေးကောင်းဖို့အတွက် ရည်ရွယ်ထားတဲ့ အကပြိုင်ပွဲတွေလည်းလုပ်ဖို့ စီစဉ်နေပါတယ်။ ပြည်သူတွေအနေနဲ့ အကတော်ရင် ဆုလည်း ရနိုင်တယ်။ ဒါလုပ်ခြင်းအားဖြင့် စိတ်သက်သာမှုလည်း ရနိုင်တယ်။ ကျန်းမာရေးလည်း ပိုပြီးတိုးတက်နိုင်ပါတယ်။ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ကျွန်မ အကြိမ်ကြိမ်အခါခါ ပြောပါတယ်။ အခြေခံကျန်းမာရေး ကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ဒီရောဂါရရင်တောင်မှ သိပ်ပြီး ပြင်းပြင်းထန်ထန် မခံစားရပါဘူး။ ဒါကြောင့် အခြေခံကျန်းမာရေးကောင်းဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ နိုင်ငံမှာသာမက တခြားနိုင်ငံတွေမှာလည်း အခုတွေ့လာရတာတော့ ဆီးချိုရောဂါသည်များဟာ ကိုဗစ်ရောဂါကို သိပ်ပြီးတော့ သတိထားရပါလိမ့်မယ်။ ဆီးချိုရောဂါအခံရှိတယ်ဆိုရင် ကိုဗစ်ရောဂါရတဲ့အခါ ပြင်းထန်တတ်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိတဲ့ပြည်သူတွေ တော်တော်များပါတယ်။ ဒါကတော့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အားနည်းချက်တွေ ရှိခဲ့လို့ပါ။ ကျွန်မတို့ ဒါတွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီလို အခြေခံကျန်းမာရေး ကောင်းတယ်ဆိုတာ နေ့ချင်း၊ ညချင်း မဖြစ်သွားပါဘူး။ နှစ်ပေါင်းများစွာ။ ပြောရမယ်ဆိုရင် အမိဝမ်းတွင်းကတည်းက စတယ်လို့တောင် ပြောလို့ရပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်မိခင်များကို ကလေးသန္ဓေတည်တာနဲ့စပြီးတော့ ဂရုစိုက်ရတယ်။ ကလေးလွတ်တဲ့အထိ အထူးဂရုစိုက်ပြီးတော့ ပံ့ပိုးတာတွေ လုပ်နေတာဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆–၁၁–၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

### မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည် ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာနေထိုင်ပြီး လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေတပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင် ဆေးရည်နှင့်ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေအပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ အသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၉-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၈-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၄၄) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း | ၁၅၁ |
| | | မင်္ဂလာဒုံ | ၆၉ |
| | | ရွှေပြည်သာ | ၆၈ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၅၄ |
| | | သင်္ဃန်းကျွန်း | ၄၄ |
| | | စမ်းချောင်း | ၄၀ |
| | | တိုက်ကြီး | ၃၄ |
| | | သာကေတ | ၃၄ |
| | | မှော်ဘီ | ၂၈ |
| | | လှိုင်သာယာ | ၂၈ |
| | | ကျောက်တန်း | ၂၆ |
| | | မြောက်ဥက္ကလာပ | ၂၅ |
| | | အင်းစိန် | ၂၄ |
| | | တောင်ဥက္ကလာပ | ၂၂ |
| | | သန်လျင် | ၂၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | တာမွေ | ၂၀ |
| | | ဗဟန်း | ၁၅ |
| | | လှိုင် | ၁၄ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၃ |
| | | ကျောက်တံတား | ၁၂ |
| | | ကြည့်မြင်တိုင် | ၁၂ |
| | | ကမာရွတ် | ၁၁ |
| | | လမ်းမတော် | ၁၀ |
| | | သုံးခွ | ၉ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၇ |
| | | ခရမ်း | ၇ |
| | | ရန်ကင်း | ၆ |
| | | မင်္ဂလာတောင်ညွန့် | ၆ |
| | | လှည်းကူး | ၄ |
| | | အလုံ | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | ဒလ | ၃ |
| | | ကော့မှူး | ၃ |
| | | ဒေါပုံ | ၂ |
| | | လသာ | ၂ |
| | | တွံတေး | ၂ |
| | | ထန်းတပင် | ၂ |
| | | ဒဂုံ | ၁ |
| | | ဗိုလ်တထောင် | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | စုစုပေါင်း | ၈၆၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၂၈ |
| | | ချမ်းအေးသာစံ | ၂၇ |
| | | ချမ်းမြသာစည် | ၂၂ |
| | | မဟာအောင်မြေ | ၁၉ |
| | | အမရပူရ | ၁၂ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | မြင်းခြံ | ၇ |
| | | ပုသိမ်ကြီး | ၃ |
| | | ကျောက်ဆည် | ၃ |
| | | သာစည် | ၂ |
| | | မိတ္ထီလာ | ၂ |
| | | မြစ်သား | ၂ |
| | | စဉ့်ကိုင် | ၂ |
| | | မလှိုင် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | နွားထိုးကြီး | ၁ |
| | | စုစုပေါင်း | ၁၄၂ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၅၃ |
| | | နတ်တလင်း | ၂၀ |
| | | ကျောက်တံခါး | ၉ |
| | | အုတ်ဖို | ၅ |
| | | ပန်းတောင်း | ၄ |
| | | သနပ်ပင် | ၄ |
| | | ညောင်လေးပင် | ၂ |
| | | ကြို့ပင်ကောက် | ၁ |
| | | ကဝ | ၁ |
| | | မင်းလှ | ၁ |
| | | ပေါင်းတည် | ၁ |
| | | ပြည် | ၁ |
| | | ရေတာရှည် | ၁ |
| | | စုစုပေါင်း | ၁၀၃ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ | ၁၈ |
| | | မော်လမြိုင်ကျွန်း | ၁၇ |
| | | ကျိုက်လတ် | ၁၁ |
| | | ဓနုဖြူ | ၉ |
| | | ညောင်တုန်း | ၇ |
| | | ပုသိမ် | ၃ |
| | | ဒေးဒရဲ | ၂ |
| | | ဘိုကလေး | ၂ |
| | | ဟင်္သာတ | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | မအူပင် | ၁ |
| | | စုစုပေါင်း | ၇၂ |
| ၅။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၃ |
| | | စလင်း | ၇ |
| | | ရေနံချောင်း | ၇ |
| | | ပွင့်ဖြူ | ၇ |
| | | မြို့သစ် | ၆ |
| | | နတ်မောက် | ၅ |
| | | ဆင်ပေါင်ဝဲ | ၅ |
| | | အောင်လံ | ၄ |
| | | မင်းဘူး | ၄ |
| | | မြိုင် | ၂ |
| | | ချောက် | ၂ |
| | | တောင်တွင်းကြီး | ၂ |
| | | ပခုက္ကူ | ၁ |
| | | စေတုတ္တရာ | ၁ |
| | | စုစုပေါင်း | ၆၆ |
| ၆။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၈ |
| | | မြောက်ဦး | ၄ |
| | | ကျောက်တော် | ၃ |
| | | မောင်တော | ၁ |
| | | ဗူ | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | ရသေ့တောင် | ၁ |
| | | စစ်တွေ | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၇။ | မွန်ပြည်နယ် | သထုံ | ၁၃ |
| | | ဘီးလင်း | ၄ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၉ |
| | | ကလေး | ၂ |
| | | တန့်ဆည် | ၂ |
| | | ချောင်းဦး | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၉။ | နေပြည်တော် | ပုဗ္ဗသီရိ | ၉ |
| | | လယ်ဝေး | ၂ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၀။ | ရှမ်းပြည်နယ် | တာချီလိတ် | ၄ |
| | | တောင်ကြီး | ၄ |
| | | ကျောက်မဲ | ၂ |
| | | နမ့်ဆန် | ၁ |
| | | နောင်ချို | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၁။ | ကချင်ပြည်နယ် | ဖားကန့် | ၈ |
| | | စုစုပေါင်း | ၈ |
| ၁၂။ | ချင်းပြည်နယ် | ပလက်ဝ | ၃ |
| | | မင်းတပ် | ၃ |
| | | တီးတိန် | ၁ |
| | | မတူပီ | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၃ |
| | | ကော့သောင်း | ၁ |
| | | ပုလော | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၄။ | ကရင်ပြည်နယ် | ဘားအံ | ၂ |
| | | ကော့ကရိတ် | ၂ |
| | | စုစုပေါင်း | ၄ |
| (၂၈-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၃၄၄) ဦး |

* ဆင်ပေါင်ဝဲမြို့နယ်မှ (၁) ဦးနှင့် ကမာရွတ်မြို့နယ်မှ (၁) ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၂၈-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၄၄) ဦးတွင် အနံ့မရရှိသူ (၂၆၂) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❒ *ကျော့ဖုံးမှ*

- o ပြည်သူ့ဆေးရုံများ - (၄၇၈) ဦး
- o COVID–19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၈၄၄) ဦး ပါဝင်ပါသည်။
- • ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၉၇၅) ဦးတွင်-
- o Hotel Quarantine - (၁၆၃) ဦး
- o Facility Quarantine - (၁၁၆) ဦး
- o Community Based Facility Quarantine - (၅၆၉) ဦး
- o Anosmia Center - (၁၂၇) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအတွက် ရည်ရွယ်၍ ပုသိမ်ကြီးမြို့ မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်းအား နိုဝင်ဘာ ၂၉ ရက်က ပုသိမ်ကြီးမြို့ မြို့မရပ်ကွက်နေ ဦးလှရှိန် – ဒေါ်သန်းစိန် (စိန်ပဒေသာ) မိသားစုက ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ မော်တော်ယာဉ်တစ်စီးနှင့် ငွေကျပ်တစ်သိန်းခုနစ်သောင်း တန်ဖိုးရှိ အောက်ဆီဂျင်ဘူးနှစ်ဘူး လှူဒါန်းရာ မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမျိုးဝင်းနိုင်နှင့်အဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)



## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၂၉

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

## ကိုဗစ်ကာလ အလှူအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၅၀ အား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း




**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများထဲမှ ကျောင်း ၅၀ သို့ ထွန်းရွှေဝါ တိုင်းရင်းဆေးမိသားစုက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၇ နာရီက ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ် (၅၃)ရပ်ကွက် ဆံတော်ရှင် အတုလအောင်ဇေယျာ (ဦးဘိုးလှဘုရား) စေတီတော်၊ ဓမ္မဝိသုဒ္ဓိ အောင်ဇေယျာသာသနာ့ ဗိမာန်တော်ကြီးတွင် ကျင်းပရာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုဏ္ဍဝံသနှင့် ကျောင်းတိုက်များမှ ကိုယ်စားပြုသံဃာတော်များ ကြွရောက်တော်မူကြသည်။

လှူဒါန်းပေးပွဲသို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့၊ မြို့နယ်သာသနနုဂ္ဂဟအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဦးထွန်းရွှေ - ဒေါ်သင်းသင်းဆွေ မိသားစု (ထွန်းရွှေဝါတိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေး)တို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သံဃာတော်များထံမှ သီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များနာယူပြီး ရေစက်သွန်းချ အမျှဝေကြပြီးနောက် အလှူရှင်များနှင့် တက်ရောက်လာကြသူများက ကြွရောက်လာကြသော ကျောင်း၅၀မှပင့်သံဃာတော်များအား ကိုဗစ်ကာလ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဖွဲ့များခွဲကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်က "ကိုယ့်မြို့နယ်ထဲ အခုလို ကုသိုလ်လုပ်တော့ မုဒိတာပွားရတာပါပဲ။ လက်ရှိ ကိုဗစ်ဖြစ်လို့သာ ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်တာ၊ အရင်ကထက်တော့ နည်းသွားတာပေါ့။ ဆရာတော်တွေအတွက်ကတော့ အခုလိုများများ လှူလေကောင်းလေပါပဲ" ဟု ပြောသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အတွင်း ဘုန်းတော် ကြီးကျောင်း ၂၀၀ ကျော်ရှိပြီး ကထိန်ရရှိခြင်းမရှိသေးသော ဘုန်းတော်ကြီးကျောင်းများအား မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်မှ စီမံဆောင်ရွက်ပေးရာ ကျောင်းတိုက် ၅၀ အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းကိုးမျိုး၊ တိုင်းရင်းဆေးဝါးများ၊ ဝတ္ထုငွေကျပ်တစ်သိန်းစီတို့အား အလှူရှင် ထွန်းရွှေဝါတိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေးက ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေးမှ အလှူရှင် ဦးထွန်းရွှေက "အခုလို ကိုဗစ်ကာလမှာ သတ်မှတ်ထားတဲ့ စည်းမျဉ်းများနဲ့အညီ အလှူဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ပေးကြတဲ့သူများအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလိုကာလမှာ ခက်ခဲရှားပါးနေမှုများ အဆင်ပြေစေဖို့ လှူဒါန်းခွင့်ရတာ ကျေနပ်မိ ပါတယ်" ဟု ပြောသည်။

ဌေးအောင်

## ကျောင်းကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကျောင်းကုန်း နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြို့နယ်စပ်ကျေးရွာများဖြစ်သည့် ဝက်ချောင်းကျေးရွာနှင့် အစုကြီးကျေးရွာများသို့ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ယမန်နေ့က လိုက်လံအသိပေးနှိုးဆော်ပြီး တစ်ရွာလျှင် နှာခေါင်းစည်း ၁၅၀ နှင့် လက်သန့်ဆေးရည်တစ်ဘူးစီ ပေးအပ်သည်။

ဆက်လက်၍ လူသန့်ချောင်ကျေးရွာအုပ်စု အ.ထ.က (ခွဲ) သရက်ကုန်းကျောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးပြီး နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်ပေးအပ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ၂၉-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၆၁၀၃၅၇ | ၈၀၄၁၂၃၉ | ၂၇၂၂၅၄ |
| ၂။ | အိန္ဒိယ | ၉၃၉၃၀၃၉ | ၈၈၀၂၆၇ | ၁၃၆၇၃၃ |
| ၃။ | ဘရာဇီး | ၆၂၉၀၂၇၂ | ၅၅၆၂၅၃၉ | ၁၇၂၆၃၇ |
| ၄။ | ရုရှား | ၂၂၆၉၃၁၆ | ၁၇၆၁၄၅၇ | ၃၉၅၂၇ |
| ၅။ | ပြင်သစ် | ၂၂၀၈၆၉၉ | ၁၆၁၁၃၇ | ၅၂၁၂၇ |
| ၆။ | စပိန် | ၁၆၄၆၁၉၂ | စိစစ်ဆဲ | ၄၄၆၆၈ |
| ၇။ | ဗြိတိန် | ၁၆၀၅၁၇၂ | စိစစ်ဆဲ | ၅၈၀၃၀ |
| ၈။ | အီတလီ | ၁၅၆၄၅၃၂ | ၇၂၀၈၆၁ | ၅၄၃၆၃ |
| ၉။ | အာဂျင်တီးနား | ၁၄၁၃၃၇၅ | ၁၂၄၂၈၇၇ | ၃၈၃၂၂ |
| ၁၀။ | ကိုလံဘီယာ | ၁၂၉၉၆၁၃ | ၁၁၉၇၂၀၄ | ၃၆၄၀၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉-၁၁-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၃၄၂၆၆ | ၄၄၅၇၉၃ | ၁၆၈၁၅ |
| ဖိလစ်ပိုင် | ၄၂၉၈၆၄ | ၃၉၈၆၂၄ | ၈၃၇၃ |
| မြန်မာ | ၈၉၄၈၆ | ၆၈၉၁၀ | ၁၉၁၈ |
| မလေးရှား | ၆၄၄၈၅ | ၅၂၆၄၇ | ၃၅၇ |
| စင်ကာပူ | ၅၈၂၁၃ | ၅၈၁၁၉ | ၂၉ |
| ထိုင်း | ၃၉၇၇ | ၃၈၀၀ | ၆၀ |
| ဗီယက်နမ် | ၁၃၄၃ | ၁၁၇၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၁၅ | ၃၀၁ | ၀ |
| ဘရူနိုင်း | ၁၅၀ | ၁၄၅ | ၃ |
| လာအို | ၃၉ | ၂၄ | ၀ |

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

❖ COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID-19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။

❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။

❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည်အလှူရှင်မှာ သွေးအားလျော့နည်းသွားခြင်းမရှိပါ။

❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ်လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။

❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။

❖ အမျိုးသားသွေးဌာနမှ COVID-19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID-19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကိုကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ၀၉-၅၁၃၀၄၁၈
- ၀၉-၅၄၀၂၀၉၈
- ၀၉-၉၆၅၁၃၀၄၁၈
- www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မြို့နယ်အသီးသီး၌ မျက်နှာနှင့် နှာခေါင်းစည်းတပ်ဆင်ရေး လူထုလှုပ်ရှားမှုများ ဆောင်ရွက်

**သိန်းနီ**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန်းနီမြို့ တပေါင်းဈေးကွင်းအတွင်း၌ ယာယီဖွင့်လှစ်ထားသော ပုံကျဈေးအတွင်း ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာ တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်သည်။

အဆိုပါနေရာများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးညီညီမောင်နှင့် ဝန်ထမ်းများသည် ပုံကျဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးရောင်းသူများနှင့် ဈေးသို့လာရောက်ဝယ်ယူကြသော ဈေးဝယ်သူများအား နှာခေါင်းစည်း အခု ၅၀၀ နှင့် မျက်နှာအကာ အခု ၁၀၀ တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး **(ဝဲပုံ)** ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများကို နေ့စဉ် နှာခေါင်းစည်းများ တပ်ဆင်ကြရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချို(ပြန်/ဆက်)**





ကျိုင်းတုံ

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ မဖြစ်မနေ အပြင်ထွက်သွားလာရသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၂၈ ရက်က လူစည်ကားရာ နေရာများတွင် တာဝန်ရှိသူများက ဆောင်ရွက်စဉ်။

အောင်ဇင်မြင့်(ပြန်/ဆက်)

**အမ်း**

ရခိုင်ပြည်နယ် အမ်းမြို့နယ် လူသွားလူလာများပြားသည့် လမ်းဆုံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် နှာခေါင်းစည်း မဖြစ်မနေ ဝတ်ဆင်ရေးလှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းက လေယာဉ်ရပ်ကွက် လမ်းဆုံတွင် ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ နှာခေါင်းစည်းကို အလေ့အကျင့်မှ အလေ့အထအဖြစ် မဖြစ်မနေတပ်ဆင်၍ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပျံ့နှံ့မှု လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြို့နယ် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အမ်းမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေအေး၊ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ဈေးဝယ်သူများနှင့် ဈေးသည်များ၊ လူအများ သွားလာဖြတ်သန်းမှုများသည့် လမ်းဆုံများတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကာ လမ်းသွားလမ်းလာ ပြည်သူများနှင့် ဈေးသည်များအား ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များ၊ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**



လွိုင်ကော်

လွိုင်ကော်မြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်နိုင်ရန်နှင့် ပြည်သူများ အိမ်အပြင်ထွက်ပါက နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်သည့် အလေ့အထရရှိစေရန် ရည်ရွယ်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က လမ်းသွား၊ လမ်းလာ ပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်သူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက နှာခေါင်းစည်းနှင့် မျက်နှာအကာများ လိုက်လံဝေငှစဉ်။

စိုးလှိုင်ငွေး(ပြန်/ဆက်)



မြောက်ဦး

မြောက်ဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားစေရန်အတွက် မြို့နယ်အမျိုးသမီးရေးရာကော်မတီက ဦးဆောင်ပြီး နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို နိုဝင်ဘာ ၂၈ ရက်က အလယ်ဈေးရပ်ကွက် ဆေးရုံဟောင်းအနီးရှိ ယာယီဖွင့်လှစ်ထားသော ဟင်းသီးဟင်းရွက်ဈေးနှင့် အသားငါးဈေးများသို့ သွားရောက်ဆောင်ရွက်စဉ်။

ခင်မောင်ထွန်း(ပြန်/ဆက်)



**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာမြှင့်တင်ရေးနှင့် ပြုပြင်ပြောင်းလဲလာစေရေးအတွက် မည်သူမဆို နေအိမ်မှအပြင်သို့ထွက်တိုင်း နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ကြရေး အသိပညာပေး လူထုလှုပ်ရှားမှုအစီအစဉ်ကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းမှစ၍ လူစည်ကားရာ နေရာတို့၌ ပြုလုပ်ကြသည်။

ယင်းသို့ပြုလုပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်နှင့် အဖွဲ့၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲခေါင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်သိုက်ထွန်းနှင့် အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးပရဟိတအဖွဲ့ဝင်များ၊ ချောင်းကြီးရပ်ကွက်၊ ချောင်းငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က ခရီးသွားပြည်သူများ၊ လမ်းသွား လမ်းလာများ၊ ဈေးရောင်းဈေးဝယ်သူများအနေဖြင့် ဖျားနာခြင်း၊ နှာချေချောင်းဆိုးခြင်း၊ အနံ့အရသာမရရှိခြင်းတို့ ဖြစ်ပွားခံစားရပါက အပြင်သို့မထွက်ဘဲ နေအိမ်တွင်သာနေထိုင်ကြပြီး ဈေးတာဝန်ခံကတစ်ဆင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင်ဖြင့်သော်လည်းကောင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ကြရန်၊ ဈေးရောင်းသူနှင့် ဈေးဝယ်သူအကြား ခြောက်ပေခြား၍ နေရာသတ်မှတ် အကွက်ချထားပေးရန်နှင့် ဈေးရောင်းသူများအနေဖြင့် နှာခေါင်းစည်းနှင့်အတူ မျက်နှာအကာကို တပ်ဆင်ကြပါရန် အသိပေးနှိုးဆော်ကြသည်။

အလားတူ နှာခေါင်းစည်းနှင့် မျက်နှာအကာများ ဖြန့်ဝေပေး၍ တပ်ဆင်ပေးခြင်းနှင့် လက်သန့်ဆေးရည် ဖျန်းပေးခြင်း၊ ကိုဗစ်-၁၉ ဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခြင်းတို့ဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ Vero နှင့် We Love Yangon ပူးပေါင်း၍ “Let's Share a Meal” ပရဟိတကမ်ပိန်း စတင်

**ရန်ကုန် နိုဝင်ဘာ၂၉**

အကျပ်အတည်းကာလအတွင်း အစားအစာ လိုအပ်နေသူများအား ထောက်ပံ့ကူညီရန်အတွက် အာဆီယံအခြေစိုက် Communication အေဂျင်စီတစ်ခုဖြစ်သော Vero ၏ မြန်မာနိုင်ငံရှိ ဝန်ထမ်းများသည် ၎င်းတို့၏ နှစ်စဉ်အပိုဆုကြေးများကို လှူဒါန်းရန် စီစဉ်ခဲ့ပြီး ၎င်းတို့၏ လှူဒါန်းငွေ စုစုပေါင်းပမာဏကို အေဂျင်စီဘက်မှ ထပ်မံအားဖြည့်ကာ အစားအစာ လိုအပ်နေသူများအား ကူညီထောက်ပံ့ ပေးမည့် “Let's Share a Meal” လှူပ်ရှားမှုကို လစဉ်လတိုင်း ပြုလုပ်၍ မိသားစုများအတွက် အစားအစာများ လှူဒါန်းနိုင်ရန် ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ လှုပ်ရှားမှုကို ထိထိရောက်ရောက် ဖြစ်မြောက်အောင်မြင်ရန်အတွက် We Love Yangon နှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကာ ယင်းအစီအစဉ်တွင် မိသားစုတစ်စုလျှင် ဆန်၊ ဆီ၊ ငါးသေတ္တာဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များ ပါဝင်သည့် အစားအစာထုပ်များကို လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ Vero ၏ စုစုပေါင်း လှူဒါန်းငွေ ပမာဏမှာ ကျပ် ၁၀၁.၄ သိန်း ဖြစ်ပြီး မိသားစုပေါင်း ၆၀၀ အတွက် လုံလောက်စွာ လှူဒါန်းနိုင်ခဲ့ကြောင်း၊ ဤလှုပ်ရှားမှုမှတစ်ဆင့် အခြားသော ပါဝင်လှူဒါန်းမှုများဖြင့် ၂၀၂၀ နှစ်ကုန်တွင် မိသားစု ၁၀၀၀ ပြည့်သည်အထိ အစားအစာများ ထောက်ပံ့ လှူဒါန်းနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

Vero နှင့် We Love Yangon တို့၏ ရည်ရွယ်ချက်မှာ ရန်ကုန်ရှိ ကုမ္ပဏီများ၊ ပြည်သူများ၊ နာမည်ကြီးပုဂ္ဂိုလ်များနှင့် မီဒီယာများ အတူတကွ ပေါင်းစည်းပါဝင်ပြီး “Let's Share a Meal” ကမ်ပိန်းမှတစ်ဆင့် စားဝတ်နေရေး ခက်ခဲနေသည့် ပြည်သူများအား ပံ့ပိုးကူညီနိုင်ရန်ဖြစ်ပြီး ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံ၏ ပြန်လည်ထူထောင်ရေး လုပ်ဆောင်ချက်များတွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူ ဖြစ်စေရန်လည်း ရည်ရွယ်ကြောင်း သိရသည်။

ကမ်ပိန်း၏ နာမည်ဖြစ်သည့် Lets Share a Meal သည် “အစားအစာတွေကို မျှဝေပေးကြရအောင်”ဟု အဓိပ္ပာယ်ရပြီး မိမိတို့တွင် လုံလောက်ပိုလျှံနေသော အစားအစာ သို့မဟုတ် ငွေကြေးများကို အစားအစာ မလုံလောက်သောသူများထံ ဝေမျှလှူဒါန်းစေရန်ဖြစ်သည်။

We Love Yangon တွင် စေတနာ့ဝန်ထမ်းတစ်ဦးအဖြစ် ဆောင်ရွက်နေသည့် အကယ်ဒမီ အေးမြတ်သူက “ရန်ကုန်မြို့မှာ ကန့်သတ်မှုတွေစပြီး ထုတ်ပြန်ချိန်ကတည်းက We Love Yangon အနေနဲ့ အခြေခံစားသောက်ကုန် လိုအပ်နေသူတွေအတွက် အဆင်ပြေပြေ ရရှိနိုင်ဖို့နဲ့ ရန်ကုန်မြို့အတွင်းမှာ စားသောက်ကုန် ဈေးနှုန်းတက်တာတွေ မဖြစ်အောင် စားသောက်ကုန်ထုတ်လုပ်သူတွေနဲ့ ပူးပေါင်းပြီး ဖြန့်ဖြူးလုပ်ကိုင်ခဲ့ပါတယ်။ အခုလို ကမ်ပိန်းမျိုးကလည်း We Love Yangon အတွက် တကယ်ကို ကောင်းမွန်တဲ့ လှုပ်ရှားမှုဖြစ်ပါတယ်”ဟု ပြောသည်။

အဆိုပါ အစီအစဉ်တွင် ပါဝင်လှူဒါန်းလိုသော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအနေဖြင့် မိသားစုပေါင်း ၂၅ စုအတွက် တစ်လစာ စားစရိတ် လှူဒါန်းငွေအဖြစ် ကျပ်ငါးသိန်းနှုန်းဖြင့် လှူဒါန်းနိုင်မည်ဖြစ်ပြီး မိသားစုပေါင်း ၅၀၀ အတွက် တစ်လစာ စားစရိတ် လှူဒါန်းငွေအဖြစ် ကျပ်သိန်း ၁၀၀ နှုန်းဖြင့်လည်း လှူဒါန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် We Love Yangon သို့မဟုတ် Vero ဖုန်း - ၀၉ ၅၄၀ ၃၁၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် Vero သို့ ရောက်ရှိလာသော လှူဒါန်းမှုများကိုလည်း We Love Yangon သို့ လွှဲပြောင်း၍ လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**






**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၈၅ | ကျပ် | ၅၆၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၅ | ကျပ် | ၅၈၅/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၄၅ | ကျပ် | ၅၇၀/၅၈၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၅/၆၅၅ | ကျပ် | ၇၀၀/၇၂၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၁၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၄ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၈ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၅ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၉၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၇၇၉ | ၇၇၁၂၁၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၈၈၈၄ | ၃၂၈၉၉၇၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၀ | ၈၄၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၉၀ | ၁၉၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၅၄၀၀ |
| EFR | ၃၉၀၀ | ၃၉၀၀ | ၄၁ | ၁၅၉၉၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အိပ်ချ်အိုင်ဗွီ(HIV) ရောဂါ ကူးစက်မှုကင်းဝေးရေး ဝိုင်းဝန်းဆောင်ရွက်ပေး

ဒေါက်တာသီတာကြူး

**အေအိုင်ဒီအက်စ် ရောဂါသည် ၁၉၈၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်တွေ့ရှိသည်မှစ၍ အနောက်ဥရောပ၊ အာဖရိကနိုင်ငံများနှင့် အာရှတိုက်သို့ ကပ်ရောဂါကြီးတစ်ခုအနေဖြင့် ပျံ့နှံ့သွားခဲ့ပါသည်။ ၁၉၈၂ခုနှစ်မှ စတင်၍ အာရှတိုက်တွင် အရှိန်အဟုန်ပြင်းစွာဖြင့် အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပြန့်ပွားလာကြောင်းကို တွေ့ရှိရပေသည်။**

မြန်မာနိုင်ငံတွင် ၁၉၈၁ခုနှစ်၌ အေအိုင်ဒီအက်စ်ရောဂါသည် တစ်ဦးကို စတင်တွေ့ရှိခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်ကို တည်ထောင်၍ အေအိုင်ဒီအက်စ်နှင့် ကာလသားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ကဏ္ဍပေါင်းစုံ၊ ဌာနပေါင်းစုံ၊ လူထု လူတန်းစားအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ပြည်သူလူထုများ ပါဝင်လျက် အမျိုးသားရေးမူဝါဒများနှင့်အညီ အရှိန်အဟုန်မြှင့်တင်ကာ ဆောင်ရွက်လျက်ရှိပါသည်။

**အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်စေသောပိုး**

အေအိုင်ဒီအက်စ်ရောဂါကို ကပ်အသွင်ဖြစ်စေသော အဓိကပိုးမှာ HIV 1 ကြောင့် ဖြစ်သည်။ ၎င်းပိုးသည် အာဖရိက ချင်ပန်စီမျောက်များမှ အစပြုလာသည်ဟု သုတေသီများကယူဆ ကြသည်။ HIV 1 သည် ကမ္ဘာပေါ်ရှိ HIV ကူးစက်ပြန့်ပွားမှုအများစုကို ဖြစ်စေပြီး ဗီဇမျိုးကွဲပေါင်း ၁၀ မျိုးကျော် ရှိသည်။

HIV 2 ကို အာဖရိကတိုက်ရှိ မန်ဂါဘီ မျောက်များမှ ဆင်းသက်လာသည်ဟု သုတေသီများက ယူဆကြသည်။ HIV 2 ၏ ကူးစက်မှုနှုန်းသည် HIV 1 လောက် မမြန်ဆန်ပါ။ လက္ခဏာမှာလည်း HIV 1 လောက် မပြင်းထန်ပါ။

သိပ္ပံပညာရှင်အများစုက လက်ခံထားသောယူဆချက်မှာ HIV ဗိုင်းရပ်စ်ပိုးသည် ရေးပဝေသဏီကပင် ကမ္ဘာပေါ်တွင်ရှိနေခဲ့ပြီး အကြောင်းတစ်ခုကြောင့် မျိုးရိုးဗီဇပြောင်းလဲသွားကာ ရောဂါပိုးကို ရရှိလာသည်ဟု ယူဆကြသည်။

**HIV ပိုးတွေ့ရှိနိုင်သောနေရာများ**

HIV ပိုးကို သွေး၊ သုက်ရည်၊ မိန်းမကိုယ်မှ ထွက်သော အရည်နှင့် မိခင်နို့ရည်တို့တွင် အဓိကတွေ့ရသည်။

**HIV ပိုးကူးစက်သော နည်းလမ်းများ**

(၁) ရောဂါပိုးရှိသူနှင့်အကာအကွယ်မဲ့ လိင်တူလိင်ကွဲ လိင်ဆက်ဆံခြင်း၊

(၂) ရောဂါပိုးရှိသော မိခင်မှ ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်နှင့် မိခင်နို့ရည်တိုက်ကျွေးစဉ် မိခင်မှ ကလေးသို့ ကူးစက်ခြင်း၊ မွေးဖွားသော ကလေးငယ် အားလုံး၏ ၁၅-၄၅ ရာခိုင်နှုန်း ခန့်မှာ အိပ်ချ်အိုင်ဗွီ ပိုး ကူးစက်နိုင်သည်။

(၃) ရောဂါပိုးရှိသော သွေး၊ သွေးနှင့် ဆက်စပ်သော ပစ္စည်းများမှ တစ်ဆင့်ကူးစက်ခြင်း၊ (သွေးသွင်းခြင်း၊ ကိုယ်အင်္ဂါ အစားထိုးခြင်း)

(၄) ရောဂါပိုးရှိသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်နှင့် အရေပြားကို ဖောက်ထွင်းနိုင်သည့် မည်သည့် ပစ္စည်းကိုမဆို မျှဝေသုံးစွဲခြင်းမှ ကူးစက်ခြင်း (ဆေးမင်ကြောင်ထိုးခြင်း၊ ဆံပင်ညှပ်ရာတွင် သုံးသောဓား၊ နားဖောက်ခြင်း၊ လက်သည်းညှပ်၊ ခွဲစိတ်ကိရိယာများ၊ သင်တုန်းဓားနှင့် အလှပြင် ကိရိယာများမှ တစ်ဆင့် ကူးစက်ပါသည်။)

**HIV ပိုး မကူးစက်နိုင်သော နည်းလမ်းများ**

HIV ပိုးရှိသူနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း၊ နမ်းရှုပ်ခြင်း၊ အတူစားခြင်း၊ ရေကူးခြင်း၊ အတူတူအလုပ်လုပ်ခြင်း၊ အတူတူဘက်စ်ကားစီးခြင်း၊ တယ်လီဖုန်း၊ အိမ်သာ အတူသုံးစွဲခြင်းနှင့် ခြင်၊ ယင်၊ ကြွက်၊ ပိုးမွှားများမှ တစ်ဆင့် မကူးစက်နိုင်ပါ။

**HIV ၏ သံသရာစက်ဝန်း**

ပြင်ပမှ ဝင်ရောက်သော ပိုးမွှားများ၏ အန္တရာယ်ကို အမြဲတိုက်ခိုက်နေသည့်စနစ်ကို လူ့ခုခံအားစနစ်ဟု ခေါ်သည်။ ကိုယ်ခံအားစနစ်ကိုပေးသော လင်ပိုဆိုက် သွေးဖြူဥ B နှင့် T ဟူ၍ နှစ်မျိုးရှိသည်။ ၎င်းတို့သည် စစ်တပ်အနေနှင့် ရောဂါပိုးများကို ခုခံနေကြသည်။ T လင်ပိုဆိုက်သည် CD4 receptor (လက်ခံ) များ သယ်ဆောင်သော ဆဲလ်များဖြစ်သည်။ HIV ပိုးသည် CD4 နှင့် T Cell များထံ ဝင်ရောက်ပြီး ပုံတူပွားများသည်။ ပွားများလာသော ပိုးများသည် CD4 Cell များကို တဖြည်းဖြည်းချင်း ဖျက်ဆီးသည်။ ရောဂါပိုးရှိသူ၏ ကိုယ်ခံအားစနစ်သည် အားနည်းလာပြီး အခွင့်အရေးယူ ဝင်ရောက်သောရောဂါများနှင့် အချို့သော ကင်ဆာများ ဖြစ်ပေါ်လာနိုင်ခြေ ပိုများလာသည်။

**အခွင့်အရေးယူဝင်ရောက်သော ရောဂါများ**

HIV ပိုးရှိသောသူသည် သာမန်လူထက် တီဘီရောဂါ ဖြစ်ပွားနှုန်း ပိုများသည်။ ဝမ်းဆက်တိုက်နှင့် အဆက်မပြတ်သွားခြင်း၊ အခြားအဆုတ်ရောင်ရောဂါများ၊ မက်ခရု/မှိုရောဂါများ၊ ယားနာများ ဝင်ရောက်လာနိုင်ပါသည်။ အနောက်နိုင်ငံများတွင် အရေပြားကင်ဆာ (Kaposi's Sarcoma) နှင့် ဦးနှောက်ပျက်စီးမှုရောဂါတို့ကိုလည်း တွေ့ရှိရတတ်သည်။

**HIV ပိုးဝင်ရောက်ပြီး ရောဂါတိုးပွားခြင်းဖြစ်စဉ်**

HIV ပိုးရှိသော်လည်း ကျန်းမာနေသောကာလသည် ၁ နှစ်မှ ၁၀ နှစ်ရှိနိုင်သည်။ ထိုအချိန်တွင် ရောဂါလက္ခဏာ မပြသော်လည်း အခြားသူများကို ကူးစက်နိုင်သည်။ ၃ နှစ်မှ ၁၀ နှစ်ကြာပြီးသောအခါ ရောဂါလက္ခဏာ အသေးအဖွဲ့များ ဖြစ်ပေါ်နိုင်သည်။ ၈ နှစ်မှ ၁၂ နှစ်ကြာသောအခါ အေအိုင်ဒီအက်စ်ရောဂါလက္ခဏာများ ဖြစ်ပေါ်ချိန် ဖြစ်သည်။

**အေအိုင်ဒီအက်စ် (AIDS) ဆိုသည်မှာ**

A = Acquired (မွေးရာပါလည်းမဟုတ်၊ မျိုးရိုးလိုက်ခြင်းလည်း မဟုတ်ဘဲ လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ခြင်း)

I = Immune (လူ့ခန္ဓာကိုယ်၏ ခုခံအားစနစ်)

D = Deficiency (ရှိသင့်သည့် အတိုင်းအတာအောက် လျော့နည်းသွားခြင်းမရှိခြင်း)

S = Syndrome (ရောဂါလက္ခဏာများ အစုအဝေးလိုက် ရှိနေခြင်း)

အေအိုင်ဒီအက်စ်ရောဂါသည် ခုခံအားစနစ်အဆင့်ဆင့်ဖျက်ဆီးခြင်းခံရသဖြင့် ဖြစ်ပေါ်လာသော ရောဂါစု ဖြစ်သည်။

**HIV ပိုးကိုရှာဖွေခြင်း**

HIV ပိုးရှိ မရှိကို HIV ပဋိပစ္စည်းရှိ မရှိ သွေးဖောက်စစ်ဆေးခြင်းဖြင့် သိရှိနိုင်ပါသည်။

**ကြားကာလ (Window Period)**

ရောဂါပိုးစတင်ဝင်သည့်အချိန်မှ ပဋိပစ္စည်းစမ်းသပ်စစ်ဆေးနိုင်လောက်သော ပမာဏထုတ်လုပ်နိုင်သည့် အချိန်ကာလအထိ ကာလကိုကြားကာလ (Window Period) ဟုခေါ်ပြီး နှစ်ပတ်မှ ၁၂ ပတ်အတွင်း ကြာမြင့်သည်။ ပဋိပစ္စည်းရှာဖွေမတွေ့နိုင်သော်လည်း အခြားသူများသို့ ကူးစက်နိုင်ပါသည်။

**AIDS ရောဂါသို့ လျင်မြန်စွာ ရောက်ရှိစေနိုင်သော အချက်များ**

- အသက်ငယ်လွန်းခြင်း၊ ကြီးလွန်းခြင်း၊ (အသက် (၅) နှစ်အောက်၊ ၆၀ နှစ်အထက်)
- HIV မျိုးကွဲတစ်ခုထက်ပို ရှိဝင်ရောက်ခြင်း။
- HIV နှင့် တီဘီ၊ အသည်းရောင်အသားဝါဘီ၊ စီ ကဲ့သို့ရောဂါများ ဒွန်တွဲဖြစ်ခြင်း။
- အာဟာရချို့တဲ့ခြင်း။
- ဆိုးရွားသော စိတ်ဖိစီးမှုဒဏ်ခံစားရခြင်း။
- မျိုးရိုးဗီဇအခြေခံကြောင့်ဖြစ်ခြင်း စသည်တို့ ဖြစ်သည်။

**AIDS ရောဂါသို့ ရောက်ရှိမှုကို နှောင့်နှေးစေသော အချက်များ**

- အေအာတီ (ART) ကုထုံးဖြင့် လျင်မြန်စွာ ကုသခြင်းနှင့် ဆေးစွဲမြဲမှန်ကန်စွာ သောက်သုံးခြင်း
- ဆရာဝန်၏ အကြံပေးချက်များအတိုင်း သေချာစွာ လိုက်နာခြင်း
- ကျန်းမာသော အစားအစာများပုံမှန်စားသုံးခြင်း
- မိမိကိုယ်ကို ဂရုစိုက်ခြင်း

- မျိုးရိုးဗီဇအခြေခံကြောင့်ဖြစ်ခြင်း စသည်တို့ ဖြစ်သည်။

**မိခင်မှကလေးသို့ HIV ပိုးကူးစက်မှု**

HIV ပိုးရှိသော မိခင်မှ မွေးဖွားလာသော ကလေးငယ်အားလုံး၏ ၁၅-၄၅ ရာခိုင်နှုန်းခန့်မှာ HIV ပိုးကူးစက်နိုင်ပါသည်။ ထိုကူးစက်မှုကို ကာကွယ်ခြင်း (Prevention of Mother to Child Transmission – PMCT) နည်းလမ်းများဖြင့် လျှော့ချနိုင်ပါသည်။

**နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း**

နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းဆိုသည်မှာ နှစ်သိမ့်ဆွေးနွေးပညာပေးသူမှ ဆွေးနွေးပညာပေးခြင်းဖြင့် နှစ်သိမ့်ဆွေးနွေးပညာပေးခံရသူသည် ၎င်း၏အခက်အခဲပြဿနာများ၏ ဇာစ်မြစ်ကို သတိပြုစေသည်။ ထိုပြဿနာများကို ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ပိုမိုသိရှိစေပြီး ၎င်းနှင့်ကိုက်ညီသည့် ဖြေရှင်းနည်းကို ၎င်းကိုယ်တိုင် ဆုံးဖြတ် အသုံးပြုနိုင်စေရန်ကူညီပံ့ပိုးပေးခြင်း ဖြစ်သည်။

> **"နိုင်ငံတော်သည် HIV ပိုးကူးစက်မှုကင်းစေသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွက်လာစေရန် စီမံချက်များ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါသည်။ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်အနေဖြင့် ပြည်တွင်းတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့များနှင့် လက်တွဲပြီး ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများမှလည်း မိမိတာဝန်ယူနိုင်သည့်အပိုင်းကို တာဝန်ယူရမည်ဖြစ်"**

HIV ပိုး ကူးစက်ခံနေရသူများ၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်များ၊ ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ ၊ နီးနွယ်ဆက်စပ်သူများ၊ အိပ်ချ်အိုင်ဗွီပိုး ရှိ မရှိ စစ်ဆေးလိုသူ(သွေးမစစ်ဆေးမီ၊ သွေး စစ်ဆေးပြီး) များသည် ဦးစွာ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို ခံယူရမည်ဖြစ်သည်။

**ကုသခြင်း**

HIV ပိုးကို တွေ့ရှိလျှင် ၎င်းအတွက် အေအာတီ (Artic Retroviral Therapy – ART) ဟုခေါ်သည့် ဆေးကိုယခုအခါ အသုံးပြုနိုင်ပြီဖြစ်သည်။ ၎င်းဆေးများသည် HIV ၏ ပိုးပွားမှုကိုသာ ဟန့်တားနိုင်ပြီး အမြစ်ပြတ်ပျောက်ကင်းသွားကြောင်း မတွေ့ရသေးပါ။ ART ဆေးကိုပုံမှန်သောက်သုံးခြင်းဖြင့် အေအိုင်ဒီအက်စ်အဆင့်သို့ ရောက်ရှိသွားခြင်းကို ကာကွယ်နိုင်သည်။ ပိုးပွားခြင်းများကိုလည်း ထိန်းချုပ်ပေးသည့်အတွက် ပိုးရှိသူသည် သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ပြီး အခြားသူများသို့ ကူးစက်သည့် အန္တရာယ်ကို လျှော့ကျစေသည်။ ဆေးယဉ်ပါးမှု မဖြစ်စေရန် (ART) ဆေးကို နောက်ကျခြင်း၊ ပျက်ကွက်ခြင်း မရှိဘဲ ဆရာဝန် ဆရာမများ၏ ညွှန်ကြားချက်အတိုင်း ဂရုတစိုက်သောက်ရန် လိုအပ်ပါသည်။ တစ်သက်လုံး စွဲမြဲမှန်ကန်စွာသောက်သုံးရန် အထူးလိုအပ်ပါသည်။

**မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုမှ ကာကွယ်ခြင်း (Prevention of Mother to Child Transmission – PMCT)**

- ကိုယ်ဝန်ဆောင်မိခင်များအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် HIV ပဋိပစ္စည်း ရှိ မရှိ စစ်ဆေးခြင်း။
- HIV ပိုးရှိသူ မိခင်များနှင့် ၎င်းတို့မှ မွေးဖွားထားသောကလေးများအား ART ဆေးများ တိုက်ကျွေးခြင်းဖြင့် ကာကွယ်ကုသခြင်း။
- လုံခြုံစိတ်ချသော မီးဖွားခြင်း၊ ဆေးရုံဆေးခန်းများတွင် မွေးဖွားရန် ကြိုတင်စီစဉ်ပေးခြင်း။
- လုံခြုံစိတ်ချရသော ကလေးအာဟာရတိုက်ကျွေးခြင်းအတွက် ပညာပေးရန်နှင့် ကူညီထောက်ပံ့ခြင်းများကို ကျန်းမာရေးဌာနများတွင် ဆောင်ရွက်နေပါသည်။

**ရောဂါပိုးနှင့်မထိတွေ့မီ ကူးစက်မခံရအောင်ကြိုတင်ကာကွယ်ခြင်း (Pre Exposure Prophylaxis – PrEP)**

HIV ကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာပေးရန် ကာကွယ်ရေးနည်းလမ်းများအနက် တစ်ခုဖြစ်သော (Pre Exposure Prophylaxis – PrEP) ဆိုသည်မှာ အန္တရာယ်ရှိသည့် လူ့အုပ်စုများကို ကူးစက်ရန် အန္တရာယ်ရှိစဉ်ကာလတစ်လျှောက်လုံး နေ့စဉ်ပုံမှန်သောက်သုံးရန် ဆေးပေးခြင်းဖြစ်သည်။ ဆေးကို ဇူလိုင်လ ၂၀၂၀ မှစတင်၍ မိတ်ဆက်ပြီး ဝန်ဆောင်မှုပေးနေပြီ ဖြစ်သည်။

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "The Ministerial Meeting of the Global HIV prevention Coalition (GPC)" ကမ္ဘာလုံးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတွင် မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ –

- HIV ပိုးနှင့် နေထိုင်သူများအတွက် ART ဆေးစဉ်ဆက်မပြတ်ရရှိရေးနှင့် မူးယစ်ဆေးသုံးစွဲသူများအကြား မက်သာဒုန်း အစားထိုးတိုက်ကျွေးရေးကို မူဝါဒများရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊
- (Pre-Exposure Prophylaxis – PrEP) ကို ယခုနှစ် ဇူလိုင်လမှစ၍ မိတ်ဆက်ပြီး ဝန်ဆောင်မှု ပေးနေကြောင်း၊
- HIV အသစ်ဖြစ်ပွားမှုမှာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၃၆ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း၊
- HIV, AIDS နှင့် နီးနွယ်ရောဂါများကြောင့် သေဆုံးမှုမှာ ၅၂ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း၊
- မိခင်မှကလေးသို့ HIV ကူးစက်မှုမှ ကာကွယ်ရေးစီမံချက်အား (၃၂၆) မြို့နယ်အထိ လွှမ်းခြုံသွားခဲ့ကြောင်း။ စသည်ဖြင့် မြန်မာနိုင်ငံ ခုခံကျ ကာလသားရောဂါ တိုက်ဖျက်ရေး၏ အောင်မြင်မှုများကို မီးမောင်းထိုးပြသွားပါသည်။

၂၀၁၆ ခုနှစ် ဇွန်လတွင် နယူးယောက်မြို့၌ ပြုလုပ်ခဲ့သော United Nation General Assembly တွင် မြန်မာနိုင်ငံမှ "၂၀၃၀ ပြည့်နှစ်တွင် HIV ပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာရေး (Ending HIV / AIDS as public Health threat )" ကို ကတိပြုပြောကြားခဲ့သည်။

နိုင်ငံတော်သည် HIV ပိုးကူးစက်မှုကင်းစေသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွက်လာစေရန် စီမံချက်များ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါသည်။ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်အနေဖြင့် ပြည်တွင်းတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့များနှင့် လက်တွဲပြီးဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများမှလည်း မိမိတာဝန်ယူနိုင်သည့် အပိုင်းကို တာဝန်ယူရမည်ဖြစ်သည်။

အန္တရာယ်ရှိသော အပြုအမူများပြုမိသူ (မူးယစ်ဆေးထိုးသွင်းခြင်း၊ လိင်မှုကိစ္စရှုပ်ပွေသူ၊ ကာလသားရောဂါများ မကြာခဏဖြစ်ပွားတတ်သူ) တို့သည် HIV ပိုးကူးစက်နိုင်ခြေရှိသည့်အတွက် မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုကိုခံယူကာ HIV ပိုးကို စစ်ဆေးကြည့်သင့်ပါသည်။

HIV ပိုးကူးစက်မှုအန္တရာယ် လျှော့ချခြင်းသည် လူတိုင်းနှင့်ဆိုင်သော တာဝန်တစ်ရပ်ဖြစ်သည်။ လူသားအားလုံး လုံခြုံစိတ်ချရသော လိင်ဆက်ဆံခြင်းကို ကျင့်သုံးသောအမူအကျင့်သည် HIV ပိုးကူးစက်မှု အန္တရာယ်ကို လျှော့ချရန် တာဝန် မျှဝေယူခြင်းသာဖြစ်သည်။

နိုင်ငံတော်က HIV ပိုးကူးစက်မှုကို လျှော့ချရန် အမျိုးသားရေးမူဝါဒများနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူသာ အဓိကဆိုသည့်အတိုင်း ပြည်သူများမှလည်း ရောဂါပိုးမဝင်ရန် အန္တရာယ်ရှိသော အပြုအမူများကို ရှောင်ရှားခြင်း၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန၏ အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းများကို အလေးထား လိုက်နာဆောင်ရွက်ခြင်းဖြင့် HIV ရောဂါကူးစက်မှုကင်းသော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာမည်ကို မျှော်လင့်မိပါကြောင်း ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ (World AIDS's Day) ကို ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

**ကိုးကား**

- အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် HIV နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းဆိုင်ရာ လက်စွဲစာအုပ် (ဇန်နဝါရီ ၂၀၁၉)
- MOHS ထုတ် လက်ကမ်းစာစောင်များ
- နိုင်ငံပိုင်သတင်းစာများ

# စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း တွေ့ဆုံဆွေးနွေး

**ပဲခူး နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူများသည် ပဲခူးမြို့ရှိ တော်ဝင်ဟံသာခန်းမ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် Online Meeting စနစ်ဖြင့် နိုဝင်ဘာ ၂၅ ရက်က တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်နှင့် အဖွဲ့ဝင်များက ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရန် အလားအလာကောင်းများရှိသဖြင့် အကောင်အထည်ဖော်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း အသင်းအား လိုအပ်သည်များကို ကူညီပံ့ပိုးပေးစေလိုပါကြောင်း တင်ပြခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးသည် ယခင်က စေတီပုထိုးနှင့် ရှေးဟောင်းနယ်မြေများကိုသာ ခရီးသွားလုပ်ငန်းအဖြစ် အခြေပြုခဲ့ကြောင်း၊ ယခုအခါ သဘာဝပတ်ဝန်းကျင်ကို အခြေပြုသော ခရီးသွားလုပ်ငန်းများ စိတ်ဝင်တစား လာရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ ပဲခူးရိုးမကိုအခြေပြုပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ပါက အဆင်ပြေမည်ဖြစ်ကြောင်း၊ သာယာဝတီခရိုင်အတွင်းမှ ဆည်/တမံများနှင့် ပြည်ခရိုင်အတွင်းမှ ဖိုးဦးတောင်၊ အကောက်တောင်တို့ကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ပြည်တွင်း/ပြည်ပ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ခရီးစဉ်များတွင် ထည့်သွင်းရေးဆွဲပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ဒေသတွင်း ခရီးသွားလုပ်ငန်း နေရာသစ်များ ဖော်ဆောင်နိုင်ပါက ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနိုင်ခြင်း၊ ဒေသထွက်ကုန်များကို ဈေးကွက်တစ်ခုအနေဖြင့် ပိုမိုရောင်းချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာနမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း ရှေးဟောင်းနယ်မြေသစ်များ ဖော်ထုတ်နေမှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက စိုက်ပျိုးရေးနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ပေးနေမှု၊ စိုက်ပျိုးရေးနည်းပညာ ဖြန့်ဝေမှုနှင့် စိုက်ပျိုးရေးသုတေသန လုပ်ငန်းများလည်း လုပ်ဆောင်ပေးလျက်ရှိ၍ စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းအတွက် အကူအညီပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း အကြံပြုဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ ခရီးသွားလုပ်ငန်းများ ပိုမို တိုးတက်လာစေရန်အတွက် သဘာဝနှင့် စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းများသာမက ကျောက်ကြီးမြို့အနီးရှိ ကြောင်ပြာဒေသ၊ ရွှေကျင်မြို့နယ်မှ ကျိုက်ထီးရိုးလေးဘုရား၊ ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာအနီးမှ ဒုတိယကမ္ဘာစစ်လက်ကျန်နေရာများ၊ တောင်ငူမြို့မှ သမိုင်းဝင်နေရာများကို ပြန်လည်ဖော်ထုတ်၍ ပြည်တွင်း/ပြည်ပမှ ခရီးသွားများ လာရောက်လည်ပတ်နိုင်ရေးကိုလည်း တိုင်းဒေသကြီးအစိုးရက စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရေးအတွက် ဆွေးနွေးစဉ်။

# အာဟာရဓာတ်တန်ဖိုး ပါဝင်မှုမြင့်မားသော ငချိတ်စပါးသုတေသနများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် သုတေသနများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု တိုးတက်စေရေး ရည်ရွယ်ချက်ပန်းတိုင်ကို ဖော်ဆောင်ရေးအတွက် ဈေးကွက်အလားအလာကောင်းသော အရောင်ရှိ ဒေသစပါးမျိုးများ(Color Rice)နှင့် ပတ်သက်သည့် သုတေသနကိုလည်း ဂျပန် အပြည်ပြည်ဆိုင်ရာ ဇပ်ဟိုသုတေသနဌာနနှင့် ပူးပေါင်း၍ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်သော နည်းလမ်းများအသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည်။

အာဟာရဓာတ်တန်ဖိုးပါဝင်မှု မြင့်မားသော၊ ကျန်းမာရေးအတွက် အထောက်အကူပြုသော ဆေးဖက်ဝင်စပါးဟု လက်ခံလျက်ရှိသည့် အရောင်ရှိစပါး သုတေသနစီမံကိန်း အကြိုဆောင်ရွက်မှုအနေဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်၏ အအေးခန်းအတွင်း စုဆောင်းထိန်းသိမ်းထားသော ငချိတ်စပါးဗီဇမျိုးကွဲ ၅၀ ကျော်၏ ပင်ပိုင်းဆိုင်ရာ လက္ခဏာများ၊ အထွက်နှုန်းနှင့် အထွက်နှုန်းမိတ်ဖက်များ လေ့လာခြင်း သုတေသနကို သုတေသနအရာရှိ ဒေါက်တာဥမ္မာစောနှင့် သုတေသနပညာရှင်များက ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းသုတေသနမှ အာဟာရတန်ဖိုးပါဝင်မှု မြင့်မားသည့် အရည် အသွေးကောင်း ငချိတ်စပါးမျိုးများ ရရှိစေရန်အတွက် မျိုးကူးစပ်ရွေးချယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

အရောင်ရှိစပါးမျိုးများဖြစ်သော ငချိတ်၊ ဆန်နီ အစရှိသော ဆန်များ၏ အပေါ်ယံလွှာရှိ ရောင်ခြယ်ပစ္စည်းများတွင် ပါဝင်သော ဓာတ်တိုးဆန့်ကျင်သည့် ဓာတ်များသည် ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ ဗီတာမင် B1 နှင့် ဗီတာမင် B2 (ရီရိုဖလိုဗင်)၊ အမျှင်ဓာတ်၊ သံဓာတ်နှင့် ကယ်လ်စီယမ်ဓာတ်များ ပါဝင်ခြင်းတို့ကြောင့် ကျန်းမာရေးအတွက် အထူးသင့်တော်ကြောင်း အဆိုပါ သုတေသနပညာရှင်များထံမှ သိရှိရသည်။

**မေမိုးသဲ**



# ထီးလင်းမြို့နယ် ဝက်သက်ကျေးရွာ မောချောင်းကူး သံပေါင်ဘေလီတံတား တည်ဆောက်မှု ပြီးစီး

**ထီးလင်း နိုဝင်ဘာ ၂၉**

ကျေးလက်ဒေသများနှင့် မြို့ပြဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူ ချောမွေ့စေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လမ်း/တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဝက်သက်ကျေးရွာတွင် မောချောင်းကူး သံပေါင်ဘေလီတံတား တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ကျေးလက်နေ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားကို ထီးလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၄၅ ဒသမ ၃၀၄ သန်းဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် လုပ်ငန်းအကောင်အထည်ဖော် စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် လုပ်ငန်းပြီးစီးခဲ့ကြောင်း၊ တံတားမှာ အရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၄ ဒသမ ၂ မီတာရှိကြောင်း၊ ဝက်သက်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ အိမ်ခြေ ၂၀၃ အိမ်နှင့် လူဦးရေ ၁၅၀၀ ခန့်၏ လူမှုစီးပွားဘဝများကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ ထီးလင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်း ကိုးခုနှင့် ဘေလီတံတား နှစ်စင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

**အောင်စည်(ပြန်/ဆက်)**



# ဖြုတ်ကောင်များကျနေ၍ စပါးထွက်နှုန်းထိခိုက်မည်ကို ဝက်လက်မြို့နယ်မှ တောင်သူများ စိုးရိမ်နေ

**ဝက်လက် နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှ စပါးခင်းအချို့၌ ဖြုတ်ကောင်များကျရောက်နေသလို လက်ရှိအချိန်သည် ဖြုတ်ကောင်များကျတတ်သည့် ဆောင်းကာလဖြစ်၍ စပါးအထွက်နှုန်းထိခိုက်မည့် အခြေအနေကို ဒေသခံ စပါးစိုက်တောင်သူများ အနေဖြင့် စိုးရိမ်နေကြကြောင်း သိရသည်။

"စပါးခင်းတွေထဲကို ဖြုတ်ကောင်တွေက အခု စဝင်နေပါပြီ။ စပါးအတွက် ရေရပြန်တော့လည်း ဖြုတ်အတွက် စိုးရိမ်နေရတယ်။ နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး စပါးခင်းကိုပါ မီးရှို့ပစ်ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ဘက်က စပါးခင်းတွေထဲကို ဒီဖြုတ်ကောင်တွေ မနှစ်ကစပြီး ရောက်လာတာပါ။ ရွာမှာ မနှစ်က ဖြုတ်စိမ်းတွေ၊ ဖြုတ်ညိုတွေ ကျတော့ စပါးတွေ မရောင်းရဘူး။ အခုလည်း အိမ်ထဲမှာထွန်းတဲ့ မီးတိုင်တွေအထိတောင် ရောက်လာနေပါပြီ"ဟု ဝက်လက်မြို့နယ် ရေထွက်ရွာမှ ဒေသခံတောင်သူ ဦးလှဝင်းဆွေက ပြောသည်။

ယခုကဲ့သို့ ဖြုတ်ကောင်များ စပါးခင်းအတွင်း ကျရောက်လာချိန်တွင် သက်ဆိုင်ရာဌာနများသို့ တင်ပြပါက ဌာနက ကွင်းဆင်းစစ်ဆေးပေးခြင်းနှင့် နစ်နာမှုများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးသော်လည်း တောင်သူများအဖို့ အဆိုပါ ထောက်ပံ့ငွေမှာ နစ်နာဆုံးရှုံးမှုကို မကာမိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနကို ဆက်သွယ်ရင်တော့ ဆောင်ရန်ရှောင်ရန်တွေ သင်ပေးတယ်။ ကွင်းဆင်းပေးတယ်။ လုံးဝမနိုင်တဲ့အခင်းတွေ(အားလုံးနီးပါး ပျက်စီးသွားတဲ့ စပါးခင်းတွေ)ကို ကျပ်တစ်သောင်း အစိုးရက ပေးပါတယ်။ ဒါကလည်း အခင်းတိုင်းကို ပေးတာမဟုတ်ပါဘူး။ အခင်းတိုင်း ဖြုတ်ပိုးကျတာကို ခံခဲ့ရပေမယ့် အခင်းတိုင်းတော့ ထောက်ပံ့ကြေးမရကြပါဘူး။ ဦးစီးက လာကြည့်ပြီးတော့ တံစဉ်နဲ့ လုံးဝရိတ်မရနိုင်တဲ့ အခင်းမျိုးကိုမှ သေချာစိစစ်ပြီးမှ ပေးတာပါ။ ငွေတစ်သောင်းက အလွန် နည်းပါတယ်။ တံစဉ်နဲ့ရိတ်လို့ ရသေးပေမယ့် တစ်ခင်းလုံးရဲ့ ၆၀၊ ၇၀ ရာခိုင်နှုန်းအထိကို ပျက်စီးသွားတဲ့ အခင်းတွေမှာ ၃၀၊ ၄၀ ရာခိုင်နှုန်းလောက်ပဲ ထွက်နှုန်းကျန်တဲ့ တောင်သူတွေဟာ ထောက်ပံ့ကြေးမရပါဘူး။ မနှစ်ကဆို ရွာမှာ တောင်သူ ရှစ်ဦးလောက်ပဲ ငွေတစ်သောင်း ထောက်ပံ့ကြေးကို ရခဲ့ပါတယ်။ မနှစ်က စရှုံးတာပဲ"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ ဖြုတ်စိမ်း၊ ဖြုတ်ညိုကောင်များသည် စပါးခင်းများအတွင်း ကျရောက်ပါက စပါးပင်ခြေရှိ အရည်ကို စုပ်ယူလေ့ရှိပြီး ဖြုတ်ကောင်များကျပါက စပါးတစ်ခင်းလုံးနီးပါး ပျက်စီးဆုံးရှုံးသည်အထိ ဖြစ်ပွားတတ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ၂၀၂၀ နှစ်ကုန်ပိုင်းတွင် သနပ်ခါးဈေးကွက် ပိုမိုကောင်းမွန်လာဖွယ်ရှိ

**အရာတော် နိုဝင်ဘာ ၂၉**

၂၀၂၀ နှစ်ကုန်ပိုင်းတွင် သနပ်ခါးဈေးကွက် ပိုမိုကောင်းမွန်လာဖွယ်ရှိကြောင်း မြန်မာနိုင်ငံတွင် သနပ်ခါး အများဆုံးစိုက်ပျိုးနေသည့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှ ဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

"အခုဆိုရင် သနပ်ခါးဈေးကွက်ကတော့ ပြန်ကောင်းလာပါပြီ။ ဒီဇင်ဘာလလောက်ဆို ပိုကောင်းမယ်ထင်တယ်။ စိုက်တဲ့လူ နည်းသွားတာကြောင့်လည်း ပါပေမယ့် ဈေးကွက်ကိုက ဝယ်လိုအား များလာတာပါ။ ဈေးကွက်ပြန်ကောင်းလာတာ သနပ်ခါးအသင်းရဲ့ ကြိုးပမ်းမှုကြောင့်လည်း ပါပါတယ်။ အသင်းကလည်း အတော်ကြိုးပမ်းကြပါတယ်"ဟု အရာတော်မြို့နယ်မှ သနပ်ခါးစိုက်တောင်သူ ဦးနိုင်မိုးက ပြောသည်။

မြန်မာနိုင်ငံတွင် သနပ်ခါးကို အရာတော်၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ပွင့်ဖြူနှင့် ပခုက္ကူဒေသများ၌ အများဆုံး စိုက်ပျိုးထုတ်လုပ်နေပြီး အရာတော်ဒေသတွင် စိန်မင်းသနပ်ခါးမျိုးကို အဓိကစိုက်ပျိုးနေကြောင်း သိရသည်။

"ကျွန်တော်တို့အရာတော်နယ်ကထွက်တဲ့ သနပ်ခါးတွေအတွက် ရွှေဘို၊ မန္တလေး၊ ရန်ကုန်မြို့တွေက အဓိက ဝယ်လက်မြို့တွေပါ။ ပခုက္ကူကိုလည်း တင်ပို့ရတယ်။ တစ်ခါတစ်ရံမှာ ရခိုင်ပြည်နယ်ဘက်ကလည်း လာဝယ်ကြပါတယ်။ ရပ်ဝေးက ဝယ်လက်တွေဆီကို ရောင်းချတဲ့အခါ ကုန်ကားနဲ့ တင်ပို့ကြပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရွှေဘိုဘက်ကိုဆိုရင်တော့ ကြံ့သလို အဆင်ပြေသလို သယ်ယူရောင်းချကြပါတယ်။ ရွာက ပွဲစားတွေကို ရောင်းပေးတာပါ။ လတ်တလောမှာ ဈေးကွက်ကောင်းနေတာကတော့ စိန်မင်းသနပ်ခါးမျိုးပါ"ဟု ၎င်းက ဆက်ပြောသည်။

သနပ်ခါးပင်များကို ရောင်းချရာတွင် အပင်၏ အမြင့်နှင့် လုံးပတ်အပေါ် မူတည်၍ ရောင်းချကြကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်နှင့် ရေငန်ငါးမွေးမြူရေး ရေရှည်တည်တံ့၍ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေး

ကျော်စိုးထွန်း(ငါးဦးစီး)

### ဖွံ့ဖြိုးမှုနောက်ကျခဲ့သော ရေငန်ငါးမွေးမြူရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အများစုသည် စိုက်ပျိုးရေးအပေါ် မှီခို အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၏ ၂၉ ရာခိုင်နှုန်းအထိ သက်ရောက်မှုရှိနေသည်။ တစ်ဖန် ငါးလုပ်ငန်းကဏ္ဍသည် စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံး GDP ၏ ၃၀ ရာခိုင်နှုန်းအထိ ပါဝင်နေသဖြင့် ငါးလုပ်ငန်းသည်လည်း အရေးကြီးသော ကဏ္ဍတစ်ခုအဖြစ် တည်ရှိနေပေသည်။

ငါးလုပ်ငန်းကဏ္ဍတွင် ကမ်းနီး/ကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ အင်းလုပ်ငန်း၊ ကုန်းတွင်းပိုင်း ဘုံရေချို ငါးဖမ်းလုပ်ငန်း၊ တင်ဒါငါးဖမ်းလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ ငါး/ပုစွန် ပြုပြင်မွမ်းမံရေးလုပ်ငန်း အစရှိသဖြင့်လုပ်ငန်းခွဲများရှိပြီး ငါးဖမ်းလုပ်ငန်းပိုင်းတွင် ဖမ်းဆီးထုတ်လုပ်မှုကို တိုးမြှင့်ရန် မဖြစ်နိုင်တော့သဖြင့် မွေးမြူရေးအပိုင်းကို ပိုမို တိုးတက်ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ၁၉၅၀ ပြည့်လွန်နှစ်များကပင် စတင်ဆောင်ရွက်လာခဲ့ရာ ဖွံ့ဖြိုးမှုအခြေအနေတစ်ခုတွင် ရောက်ရှိနေပြီး ရေငန်ငါးမွေးမြူရေးအပိုင်းမှာမူ ဖွံ့ဖြိုးမှုနောက်ကျလျက်ပင် ရှိပေသေးသည်။ ၂၈၃၂ ကီလိုမီတာ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် သင့်တော်သည့်နေရာဒေသများ၌ ရေငန်ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

### အမျိုးသားအဆင့် စီမံကိန်း(NADP)

နိုင်ငံတော်အစိုးရသည် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan–MSDP) ဘက်စုံပူးပေါင်းဆောင်ရွက်မှုမူဘောင်အဖြစ် ထုတ်ပြန်ခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ၂၀၂၀ မတ်လတွင် အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Aquaculture Development Plan–NADP)ကို MSDP နှင့် ကိုက်ညီမှုရှိစေရန် ရေးဆွဲဖော်ထုတ်နိုင်ခဲ့ပြီး စတင် အကောင်အထည်ဖော်၍ ဆောင်ရွက်လျက်ရှိသည်။

MSDP အပေါ် ငါးမွေးမြူရေးကဏ္ဍ၏ အကျိုးပြုမှုများအနေဖြင့် (က)အားလုံးပါဝင် ဆောင်ရွက်မှုဖြင့် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ (ခ)ပို့ကုန်များကြောင့် ဝင်ငွေတိုးတက်စေခြင်း၊ (ဂ)အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ (ဃ)စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံပြည့်ဝစေခြင်း၊ (င)သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးခြင်းတို့အတွက် အထောက်အကူပြုမည်ဖြစ်သည်။

ဤဆောင်းပါးတွင် ရေငန်ငါးမွေးမြူရေး ရေရှည်တည်တံ့၍ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးသည် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် အခြေအနေနှင့် အပြန်အလှန် ဆက်စပ်ပတ်သက်မှုကို အလေးထား တင်ပြသွားမည်ဖြစ်သည်။

### ဖွံ့ဖြိုးရန် အလားအလာ များစွာရှိနေ

မိမိတို့နိုင်ငံတွင် ရေငန်ငါးမွေးမြူရေး လုပ်ငန်းသည် ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ ပြောပလောက်အောင် များပြားခြင်း မရှိသေးသော်လည်း ၎င်းနိုင်ငံများ၏ ရေငန်ငါးမွေးမြူရေးနှင့် ပတ်သက်သော ကြုံတွေ့ခဲ့ဖူးသည့် အားနည်းချက်များကို သင်ခန်းစာယူပြီး ဖွံ့ဖြိုးရန် အလားအလာ များစွာရှိနေသည့် မိမိတို့နိုင်ငံ၏ ရေငန်ငါးမွေးမြူရေး ချဲ့ထွင်မှုအပိုင်း၌ ကောင်းမွန်စွာ စီမံဆောင်ရွက်သွားနိုင်ရေးအတွက် ရည်ရွယ်တင်ပြခြင်းဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်ကာလများက အရှေ့တောင်အာရှရှိ အိမ်နီးချင်းနိုင်ငံအချို့၌ ဒီရေတောများစွာ ခုတ်ထွင်ရှင်းလင်း၍ ပုစွန်မွေးကန်များတူးဖော်ပြီး ဓာတုဆေးဝါးများကို အလွန်အကျွံသုံးစွဲ၍ မွေးမြူထုတ်လုပ်ခဲ့ရာ ရေတိုကာလအတွင်းသာ အကျိုးအမြတ်များစွာ ရရှိခဲ့ပြီး နောက်ပိုင်းတွင် စွန့်ထုတ်အညစ်အကြေးများ၊ ဓာတုဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်း၊ အကျိုးဆက်အနေဖြင့် ပုစွန်ရောဂါများ ကျရောက်မှုကြောင့် လုပ်ငန်းများ ကြီးမားစွာထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ခဲ့သည်။ ထို့ကြောင့် မွေးမြူထုတ်လုပ်သူများသည် ကြီးထွားနှုန်းကောင်းမွန်ပြီး ရောဂါဘယကင်းသည့် ပုစွန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းမှ အကျိုးအမြတ်များရရှိရန် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်လာကြသည်။ မွေးမြူရေးကန်မှ စွန့်ထုတ်ရေများကို ပတ်ဝန်းကျင်သို့ တိုက်ရိုက်စွန့်ထုတ်ခြင်းအစား၊ စနစ်တကျသန့်စင်ပြီးမှ ထုတ်လွှတ်ခြင်း သို့မဟုတ် စွန့်ထုတ်ရေများကို ပြန်လည်သန့်စင်၍ မွေးမြူကန်များ၌ ပြန်လည်အသုံးပြုခြင်း(Closed–recirculating Shrimp Farming System)ကို အသုံးပြု လုပ်ကိုင်လာကြသည်။



မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ရေငန်ပုစွန်မွေးမြူရေးကန်များ။

### ရေငန်ငါးမွေးမြူရေးစနစ်များ

ရေငန်ငါးမွေးမြူရေး ကဏ္ဍတွင် မြေပြင်အခြေစိုက်မွေးမြူရေး(Land–based aquaculture)နှင့် ရေပြင်အခြေစိုက်မွေးမြူရေး(Sea–based aquaculture) ဟူ၍ အကြမ်းအားဖြင့် နှစ်ပိုင်းခွဲခြားထားပြီး တစ်ဖန် ဂေဟစနစ်နှင့် နီးနွယ်သော မွေးမြူရေးပုံစံနှစ်မျိုးဖြစ်သည့် အစာကျွေးရန်မလိုသည့် မွေးမြူရေး(Autotrophic type) နှင့် အစာကျွေးရန်လိုသည့်မွေးမြူရေး(Heterotrophic type) ဟူ၍လည်း ခွဲခြားသည်။ ပင်လယ်ရေမှော်(Seaweed)၊ ခရု၊ ကမာ၊ ဘဲဝမ်း၊ ခုံးကဲ့သို့ အခွံမာအကောင် (Shell Fish) များသည် သီးခြားအစာကျွေးရန် မလိုအပ်ဘဲ ရေထုထဲရှိ နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ အောက်ဂျီဂျင်... 

အစာကျွေးရန်မလိုသည့် မွေးမြူရေးလုပ်ငန်းတွင် မွေးမြူထားသည့် သတ္တဝါများ၏ ဇီဝကမ္မဖြစ်စဉ်အရသာ ညစ်ညမ်းမှု အနည်းငယ်ဖြစ်ပေါ်စေပြီး ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူရေးတွင်မူ ပတ်ဝန်းကျင်ရေထုမှ ကာဗွန်၊ နိုက်ထရိုဂျင်၊ ဖော့စဖရပ်တို့ကို စုပ်ယူ၍ အစာချက်လုပ်ပွားများခြင်းဖြင့် ကာဗွန်ပျောက်ငါးလုပ်ငန်း(Carbon–sink fishery)ဟုပင် သတ်မှတ်ထားကြသည်။ ယနေ့ကမ္ဘာကြီးတွင် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများခြင်း၊ သစ်တောပြုန်းတီးခြင်းတို့ကြောင့် လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်များ မြင့်မားနေပြီး ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေလျက်ရှိသည်။

အပင်များသည် အင်အောက်ဂျီနစ်ကာဗွန်ကိုအသုံးပြု၍ အလင်းဖြင့်အစာချက်ခြင်း (Photosysthesis) ဖြစ်စဉ်ဖြင့် အောက်စီဂျင် ပြန်လည်ထုတ်ပေးကြသည်။ ကမ္ဘာမြေ/ရေမျက်နှာပြင် ဧရိယာအားလုံးအနက် ၇၁ ရာခိုင်နှုန်းသော ဧရိယာဖြစ်သည့် စတုရန်းကီလိုမီတာ ၃၆၁ သန်းသည် ပင်လယ်သမုဒ္ဒရာ ဖုံးလွှမ်းလျက်ရှိပြီး ၎င်းရေပြင်ထုရှိ ရေပေါက်ပင်ငယ်(Algae)များ ဧရိယာ ၁ စတုရန်းကီလိုမီတာသည် တစ်နှစ်လျှင် အင်အောက်ဂဲနစ်ကာဗွန်မှ အောက်ဂဲနစ် ကာဗွန် ၃၇၅ တန် ထုတ်လုပ်ပေးကြောင်း ပညာရှင်များက တွက်ချက်ထားကြသည်။ ထို့ကြောင့် ကာဗွန်လည်ပတ်မှု ဖြစ်စဉ်တွင် ရေပေါက်ပင်ငယ် (Algae)များသည် များစွာ အရေးပါလှပေသည်။ အကျိုးဆက်အားဖြင့် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ဖြစ်စဉ်ကို ထိန်းသိမ်းပေးခြင်းဖြင့် ကမ္ဘာကြီး ပူနွေးလာမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းညှိပေးနိုင်မည်ဖြစ်သည်။

ရေသတ္တဝါ မွေးမြူရေးလုပ်ငန်းများတွင် ညစ်ညမ်းမှုဖြစ်စေခြင်း၏ ၈၅ ရာခိုင်နှုန်းသည် မွေးမြူထားသည့် လုပ်ငန်းကြောင့်ပင်ဖြစ်ပြီး ကျန်သည့် ၁၅ ရာခိုင်နှုန်းသည် ပြင်ပပတ်ဝန်းကျင် ပယောဂကြောင့်ဖြစ်ပေါ်ရလေ့ရှိသည်။ မွေးမြူရေးလုပ်ငန်းကြောင့် ညစ်ညမ်းမှုတွင် အညစ်အကြေးများ စွန့်ထုတ်ခြင်း(Excretion/Secretion)နှင့် ကျွေးမွေးသည့်အစာ အကြွင်းအကျန်(Feed residue) တို့ကြောင့် အဓိကဖြစ်ပြီး ပြင်ပပတ်ဝန်းကျင် ပယောဂအနေဖြင့် လူနေမြို့ကြီးများ၊ စက်ရုံများမှ စွန့်ပစ်သည့် အညစ်အကြေးများ၊ အခြားအကြောင်းရပ်များ ပါဝင်သည်။

### ရေထုညစ်ညမ်းခြင်း၏ဆိုးကျိုး

မွေးမြူရေးဧရိယာတစ်ခုတွင် စွန့်ထုတ်အညစ်အကြေးများနှင့် အစာအကြွင်းအကျန်များ စုပုံများပြားလာခြင်းကြောင့် ရေထုအတွင်းပျော်ဝင်ခြင်း၊ အောက်ဂျီနစ်၊ အင်အောက်ဂျီနစ် ဝတ္ထုငယ်များအဖြစ် ဖွဲ့စည်းခြင်းတို့မှ နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်တို့ကဲ့သို့ ဩဇာဓာတ် များပြားလာခြင်းသည် ပတ်ဝန်းကျင်ရေထု၏ ရူပ ဓာတု ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခြင်းဖြင့် Eutrophication အခြေအနေဖြစ်ပေါ်နိုင်ပြီး ပင်လယ်ပြင်၌ အဆိပ်အတောက် ဖြစ်စေသည့် ဒီရေနီ(Red Tide)အထိ ဖြစ်ပေါ်သွားနိုင်ပေသည်။

၎င်းအပြင် ပဋိဇီဝဆေးဝါးများ၊ ဓာတုပိုးသတ်ဆေးဝါးများ၏ အကြွင်းအကျန်များသည် ပတ်ဝန်းကျင်ရေထု၏ ဂေဟစနစ် ဟန်ချက်ညီမှုကို ဆိုးကျိုးသက်ရောက်စေသည်။ ရေသတ္တဝါ မွေးမြူရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သည်ဆိုရာတွင် ပရမ်းပတာနှင့် အလွန်အကျွံ အတိုင်းအဆမဲ့ လုပ်ကိုင်သွားမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ရေပြင်၏ ဂေဟစနစ်အရ ပြန်လည်သန့်စင်နိုင်စွမ်းကို ထိခိုက်မည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်မဟုတ်ဘဲ အနေးနှင့်အမြန် ပြဿနာ အခက်အခဲများကို ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ဟန်ချက်ညီစေရန် ပြင်ပမှ မျိုးစိတ်အသစ်များကို မွေးမြူရာတွင် ဒေသ၏ ပတ်ဝန်းကျင်အခြေအနေနှင့် သဟဇာတ ဖြစ်/မဖြစ်၊ ဒေသမျိုးစိတ်များကို သတ်ဖြတ်စားသောက်တတ်ခြင်း ရှိ/မရှိ၊ ယှဉ်ပြိုင်စားသောက်တတ်ခြင်းရှိ/မရှိ၊ မျိုးရောယှက်မှုအခြေအနေ ရှိ/မရှိ ဘက်စုံ ထည့်သွင်းစဉ်းစားပြီးမှသာ မွေးမြူသင့်ပြီး မွေးမြူပါကလည်း သဘာဝရေပြင်သို့ လွတ်ထွက်မှုမရှိရန် အထူးဂရုပြုသင့်ပါသည်။

ရေငန်ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးဧရိယာတစ်ခု၏ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို မထိခိုက်စေဘဲ လက်ခံနိုင်သည့် အတိုင်းအတာ (Environmental capacity for aquaculture) အတွင်းသာ ဆောင်ရွက်သင့်သည်။ ထို့ကြောင့် မွေးမြူရေးဧရိယာကြီးများ၊ ဇုန်များ သတ်မှတ်မည်ဆိုပါက အများဆုံး မွေးမြူဆောင်ရွက်သင့်သည့်ပမာဏ၊ စီးပွားရေး၊ လူနေမှုနှင့် ဂေဟစနစ်ဆိုင်ရာ အကျိုးသက်ရောက်မှုများ၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာမည့် စွန့်ပစ်အညစ်အကြေး၊ အစာအကြွင်းအကျန် ပမာဏ၊ ပတ်ဝန်းကျင်ရေပြင်၊ ဂေဟစနစ်မှ ပြန်လည်တုံ့ပြန်နိုင်မည့် အခြေအနေတို့ကို ကြိုတင် ထည့်သွင်းစဉ်းစားထားသင့်သည်။

ရေငန်ငါးမွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့၍ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်သင့်သည်များကို လက်လှမ်းမီသမျှ တင်ပြရလျှင်–

- ငါးမွေးမြူရေးနှင့်ပတ်သက်သည့် ကောင်းမွန်သော စည်းမျဉ်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊
- မတူကွဲပြားကြသော နေရာဒေသများ၌ သိပ္ပံနည်းကျပြီး အချက်အလက်ခိုင်မာစွာ ဆန်းစစ်ထားသည့် ရေငန်ငါးမွေးမြူရေးဇုန်များ သတ်မှတ်ခြင်း၊
- ငါးရောဂါပျံ့နှံ့မှု အခြေအနေနှင့် သဘာဝဘေး အန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အရေးပေါ် သတိပေးစနစ်များ ဖော်ဆောင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ နည်းပညာဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးနိုင်ခြင်း၊
- ရူပ၊ ဓာတုဆိုင်ရာ ကောင်းမွန်ထိရောက်သော နည်းစနစ်များ အသုံးပြုခြင်း၊ (ဥပမာ– ကန်ရေ လဲလှယ်ခြင်း၊ လေပေးစနစ်၊ ရေသန့်စနစ်များ)
- ဇီဝဆိုင်ရာနည်းစနစ်များအသုံးပြုခြင်း၊ (ဥပမာ– အကျိုးပြု ဘက်တီးရီးယားများ၊ ပင်လယ်ရေမှော်စိုက်ပျိုးခြင်း)
- ရောနှောမွေးမြူခြင်း၊ (ဥပမာ– ခုံးကောင်နှင့် ရေမှော်၊ ပုစွန်နှင့် ရေမှော်၊ ငါးနှင့် ရေမှော်)
- ကာဗွန်ထုတ်လွှတ်မှုလျော့ပါးပြီး Eutrophication ဖြစ်စဉ်ကို ကာကွယ်နိုင်သည့် ပင်လယ်ရေမှော်၊ အခွံမာသတ္တဝါများ မွေးမြူခြင်း၊
- မွေးမြူရေးကိုအခြေခံသည့် ငါးဖမ်းလုပ်ငန်း(Culture–based capture)၊ ငါး၊ ပုစွန်၊ ကဏန်း မျိုးစိုက်ထည့်ခြင်း၊
- ငါးနေငါးထိုင်အတု (Artificial fish reef) များ ဆောင်ရွက်ခြင်း၊ ငါးနေငါးထိုင်အတုများ ဆောင်ရွက်ခြင်းဖြင့် ရေနေသယံဇာတ တိုးပွားစေခြင်း၊ အလွန်အကျွံ ငါးဖမ်းဆီးမှုကို တားဆီးနိုင်ခြင်း၊ ဂေဟစနစ်နှင့်အညီ အပျော်တမ်း ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၊ တရုတ်၊ ဂျပန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်တွင် Artificial reef များကို ဆောင်ရွက်ထားကြပြီးဖြစ်သည်။ ဂျပန်နိုင်ငံတွင် Artificial fish reef အရေအတွက် ၅၀၀၀ ကျော်ရှိပြီး ကမ်းဝေးငါးဖမ်းကွက် ဧရိယာ၏ ၁၂ ရာခိုင်နှုန်းကို လွှမ်းခြုံလျက်ရှိသည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ် လူဦးရေ သန်း ၅၀ ခန့်သည် Artificial fish reef များသို့ အပျော်တမ်းငါးဖမ်းရန် လာရောက်ခြင်းကြောင့် ဒေသခံများရရှိသည့် ဝင်ငွေသည် မိရိုးဖလာငါးဖမ်းလုပ်ငန်းမှ ရရှိသည့် ဝင်ငွေ၏ သုံးဆခန့်ရှိကြောင်း လေ့လာသိရှိရသည်။

### အရှိန်အဟုန်နှင့် ဖွံ့ဖြိုးလာနိုင်မည်

အလျဉ်းသင့်၍ တင်ပြရလျှင် ငါးမွေးမြူရေး ရေရှည်တည်တံ့၍ သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(Good Aquaculture Pracitice–GAqP)ကို လိုက်နာဆောင်ရွက် မွေးမြူထုတ်လုပ်သွားမည်ဆိုပါက များစွာ အကျိုးကျေးဇူးပြုမည်ဖြစ်ပြီး အစားအစာ ဘေးအန္တရာယ်ကင်း၍ အရည်အသွေးပြည့်ဝသည့် မွေးမြူရေးရေထွက်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်စေသော နှစ်ဦးနှစ်ဘက် အပြန်အလှန်အကျိုးကျေးဇူးပြုသည့် အခြေအနေ (Win–win situation)ကို ရရှိနိုင်မည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် မိမိတို့နိုင်ငံအနေဖြင့် ရေငန်ငါးမွေးမြူရေး ကဏ္ဍတွင် ကကတစ်ငါး မွေးမြူရေး၊ ရေငန်ပုစွန် မွေးမြူရေး၊ ကဏန်းပျော့ မွေးမြူရေး၊ ဂျင်းခရု (Blood cockle) မွေးမြူရေး၊ ကျောက်ငါး မွေးမြူရေးနှင့် ပင်လယ်ရေမှော် စိုက်ပျိုးမွေးမြူခြင်းတို့အပြင် စီးပွားဖြစ်မွေးမြူနိုင်သည့် အခြားမျိုးစိတ်များကို တိုးချဲ့မွေးမြူရန် များစွာ ရှိနေသည်။ နိုင်ငံ၏ ကမ်းရိုးတန်းဒေသတစ်လျှောက်နှင့် ရေချိုရေငန်စပ်ဒေသများ၌ မွေးမြူလုပ်ကိုင်နိုင်သည့် နေရာများစွာ ရှိနေခြင်းကြောင့် အဆိုပါဒေသများ၏ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတကာမှ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းစနစ်များနှင့် လက်လှမ်းမီသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာပါက ရေငန်ငါးမွေးမြူရေးကဏ္ဍသည် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ ရေငန်ငါးမွေးမြူရေးလုပ်ငန်းများ အရှိန်မြှင့် ဖော်ဆောင်လာပါက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်၍ စာရေးသူ လက်လှမ်းမီ၊ ဉာဏ်မီသမျှ ရေးသားတင်ပြလိုက်ရပေသည်။ ။

## နမ္မတူမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက်ပေးအပ်

**နမ္မတူ နိုဝင်ဘာ ၂၉**

Dan Church Aid – Norwegian Church Aid (DCA–NCA)၏ ပံ့ပိုးမှုဖြင့် Never End Tomorrow(NeT)အဖွဲ့နှင့် မြန်မာနိုင်ငံမှ မိတ်ဆွေကောင်း လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မသန်စွမ်းသူများအား ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြု ကျန်းမာရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို အိမ်တိုင်ရာရောက်ပေးအပ်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၌လည်း နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အတွင်း ထောက်ပံ့ပေးခဲ့သည်။

မိတ်ဆွေကောင်း လူမှုကူညီရေးအသင်းမှ ဦးအောင်ဆန်းမြင့်၊ ရှမ်းပြည်နယ်မသန်စွမ်းသူများအသင်း ဘဏ္ဍာရေးမှူး ဦးစိုင်းရော်နီနှင့် NeT မှ ဒေါ်အားလိန်တို့က နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အတွင်း နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက်(၁)၊ ပန်သပြေ(မြောက်)၊ မန်စံ၊ နားကဲ၊ လုပ်လေ၊ ပန်ချင်၊ မိုင်းရင်၊ နားနနှင့် ပန်လောက်ကျေးရွာများရှိ မသန်စွမ်းသူ ၅၇ ဦးအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် တစ်ဦးလျှင် အဝတ်နှာခေါင်းစည်း တစ်ခု၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီတစ်ဘူး၊ ဖျန်းဆေး ၁၀၀ မီလီတစ်ဘူးနှင့် ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀ စီကို အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

နမ္မတူမြို့နယ်အတွင်း၌ မသန်စွမ်းသူ စုစုပေါင်း ၂၈၇ ဦးရှိပြီး ၎င်းတို့အား ကျန်းမာရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၉ ရက်မှ စတင်ပေးအပ်ခဲ့ရာ ယခုအချိန်အထိ ၂၈၄ ဦးအား ထောက်ပံ့ပေးပြီးဖြစ်ကြောင်းနှင့် မသန်စွမ်းသူအားလုံး အကျိုးခံစားခွင့်ရရှိစေရေးအတွက် ကျန်သူများကိုလည်း အိမ်တိုင်ရာရောက် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်မသန်စွမ်းသူများအသင်း ဘဏ္ဍာရေးမှူးထံမှ သိရသည်။ **လူမော်(ပြန်/ဆက်)**

## ငါးရောဂါများ ရှာဖွေရေးနှင့် ကာကွယ်တားဆီးရေးအတွက် ရောဂါရှာဖွေမှုဓာတ်ခွဲခန်း ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးကျန်းမာရေးနှင့် ငါးရောဂါထိန်းချုပ်ရေးဌာနခွဲ ငါးရောဂါ ရှာဖွေရေးနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းများအတွက် ရောဂါရှာဖွေမှုဓာတ်ခွဲခန်း(Molecular Diagnostic Laboratory)ကို မြန်မာ့ ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Myanmar Sustainable Aquaculture Programme –MYSAP) က နိုဝင်ဘာ ၂၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ဓာတ်ခွဲခန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အွန်လိုင်းမှ အမှာစကားပြောကြားစဉ်။

အွန်လိုင်းမှကျင်းပသည့် အဆိုပါ ဓာတ်ခွဲခန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က အွန်လိုင်းမှတစ်ဆင့် အမှာစကားပြောကြားပြီး MYSAP စီမံကိန်း မူဝါဒရေးရာအကြံပေး Dr. Florian Muhlbauer က ဓာတ်ခွဲခန်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဥရောပသမဂ္ဂနှင့် ဂျာမနီအစိုးရတို့မှ ရန်ပုံငွေထောက်ပံ့ပေးထားသော MYSAP စီမံကိန်းသည် အဆိုပါ ငါးရောဂါဓာတ်ခွဲခန်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် ယခုနှစ်မေလမှ စတင်၍ ပြုပြင်မွမ်းမံခဲ့ပြီး ဩဂုတ်လတွင် လုပ်ငန်းပြီးစီးခဲ့သည်။

အဆိုပါ ဓာတ်ခွဲခန်းတွင် ငါးရောဂါ ရှာဖွေရေးနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းများကို အဓိကဆောင်ရွက်မည်ဖြစ်ပြီး MYSAP သည် ရောဂါရှာဖွေခြင်းနှင့် ငါးကျန်းမာရေးဆိုင်ရာ သင်တန်းများကိုလည်း ဓာတ်ခွဲခန်းဝန်ထမ်းများအတွက် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မကွေးမြို့နယ်မှ စိုက်ပျိုးမြေဧက ၁၇၀၀ ကို အကျိုးပြုမည့် ကုန်ထုတ်လမ်းနှင့် တံတား စတင်တည်ဆောက်နေ

**မကွေး နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ရန် လျာထားသည့် စိုက်ပျိုးမြေဧက ၁၇၀၀ ကို အကျိုးပြုမည့် သမန်းတောကျေးရွာ ကုန်ထုတ်လမ်းနှင့်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို နိုဝင်ဘာလ စတုတ္ထပတ်အတွင်း စတင်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသရှိ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းများ၊ ကုန်ထုတ်တံတားများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ အရှည် ၂ မိုင် ၄ ဒသမ ၅ ဖာလုံရှိ သမန်းတောကျေးရွာ ကုန်ထုတ်လမ်းကိုလည်း ကျောက်ရောမြေ တစ်ပေထုခင်းခြင်း၊ မြေနီကျောက်စရစ် ကိုးလက်မထု ခင်းခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး လမ်းပေါ်၌ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားတစ်စင်းလည်း တည်ဆောက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၈၀ ဒသမ ၉၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဟိန်းလျှံစိုးကုမ္ပဏီက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်တင်တင်စိုးက ပြောသည်။

အဆိုပါ လမ်းနှင့်တံတားလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဦးအောင်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ **သန်းလွင်(မကွေး)**



လမ်းလုပ်ငန်းဆောင်ရွက်မှုကို ဒုတိယညွှန်ကြားရေးမှူး ကွင်းဆင်းကြည့်ရှုစဉ်

## ပုပ္ပားမျောက်မျိုးစိတ်သစ် Popa Langur သည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်း၌သာရှိသည့် မျိုးစိတ်ဖြစ်လာ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာ ကျောက်ပန်းတောင်း-မြင်းခြံ ကားလမ်းမ ကပ်လျက်ရှိ ပုပ္ပားတောင်ကြီး၏ မီးတောင်ဝခေါ် ချွန်းမလွန်းချောက်ထဲတွင်ရှိသည့် ပုပ္ပားမျောက်မျိုးစိတ်သစ် Popa Langur–Trachypithecus Popa သည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်း၌သာရှိသည့် မျိုးစိတ်အဖြစ် ဂျာမန်ပရိုင်းမိတ်စင်တာက နိုဝင်ဘာ ၁၁ ရက်က ထုတ်ပြန်သတ်မှတ်ခဲ့ကြောင်း သားငှက် ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ အစီအစဉ်)မှ ဒေါက်တာ နော်မေလေးသန့်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ပုပ္ပားမျောက် မျိုးစိတ်သစ်အား မျိုးရိုးဗီဇ(DNA)စမ်းသပ်မှုကို ဒေါက်တာနော်မေလေးသန့်သည် ၂၀၁၀ ပြည့်နှစ်ကတည်းက ပါရဂူဘွဲ့စာတမ်းအတွက် စလုပ်ခဲ့ကြောင်း သိရပြီး ယခုတွေ့ရှိသည့် မျောက်မျိုးများ၏ DNA ရလဒ်သည် ယခင်က တွေ့ရှိထားသည့် မျောက်မျိုးစိတ်ဖြစ်သော Phayre's Langur– Trachypithecus Phayrel နှင့် မတူဘဲ ကွဲပြားနေခဲ့ကာ DNA စမ်းသပ်မှုများ ထပ်မံပြုလုပ်ရန် လိုအပ်ကြောင်းကို ထိုအချိန်ကတည်းက ဒေါက်တာနော်မေလေးသန့်နှင့် တာဝန်ရှိသူများက သိထားခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း လေ့လာစမ်းသပ်မှုများ ထပ်လုပ်ဖြစ်ခဲ့ပြီး ထိုစမ်းသပ်မှုများတွင် မြန်မာနိုင်ငံမှ ပညာရှင်များရော နိုင်ငံတကာမှပညာရှင်အတော်များများ ပါဝင်လုပ်ကိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပုပ္ပားမျောက် မျိုးစိတ်သစ်များကို ပုပ္ပားဒေသသာမက ရှမ်းပြည်နယ် ပန်းလောင်ပြဒါးလင်း၊ ပဲခူးရိုးမ၊ ကရင်ပြည်နယ် ရသေ့ပျံတောင်ဒေသများ၌လည်း တွေ့ရှိနိုင်ပြီး မြန်မာနိုင်ငံမှလွဲ၍ အခြားနိုင်ငံများတွင် မရှိကြောင်း သိရသည်။ မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်ကာ မြန်မာနိုင်ငံတွင် မျိုးတုံးသွားခဲ့ပါက ကမ္ဘာပေါ်မှ ပုပ္ပားမျောက်မျိုးစိတ်ပျောက်သွားမည်ဖြစ်၍ အမျိုးသားရေးတာဝန်အရ အစွမ်းကုန် ထိန်းသိမ်းထားရမည့် မျောက်မျိုးစိတ်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ မျောက်မျိုးစိတ်သည် အပင်ကြီးများ အုံ့အုံ့ဆိုင်းဆိုင်းရှိသော တောမျိုးတွင် အများအားဖြင့် အနေများ၍ အသီးအရွက်ကိုသာ စားကြကြောင်း၊ ဒေသခံများက ယင်းမျောက်မျိုးများကို မျောက်သူတော်ဟု ခေါ်ဆိုကြောင်း သိရသည်။ လူများစိုက်ပျိုးထားသည့် စိုက်ခင်းများကိုလည်း ဖျက်ဆီးလေ့မရှိကြဘဲ သဘာဝအလျောက်ပေါက်သော အသီးများဖြစ်သည့် ညောင်သီး၊ ညောင်ရွက်၊ သဖန်းသီး၊ ကတွတ်သီးများကိုသာ နှစ်သက်စွာ စားသုံးကြကြောင်း ဒေါက်တာနော်မေလေးသန့်က ရှင်းပြသည်။

"မြန်မာနိုင်ငံမှာပဲရှိတဲ့ မျောက်မျိုးစိတ်သစ်တစ်မျိုးကို ပုပ္ပားဒေသမှာ တွေ့ရှိမှတ်တမ်းတင်နိုင်တာက မြန်မာနိုင်ငံအနေနှင့်ရော၊ ပုပ္ပားဒေသခံတွေအတွက်ပါ အင်မတန်ဂုဏ်ယူစရာကောင်းပါတယ်။ ဒေသကိုအစွဲပြုပြီး နာမည်ပေးနိုင်ခဲ့တာကလည်း ပိုပြီး ကြည်နူးဝမ်းမြောက်စရာကောင်းပါတယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးက ပုပ္ပားဆိုတာကို ဒီမျိုးစိတ်သစ်မျောက် တွေ့ရှိမှုနဲ့တွဲပြီး သိသွားစေလို့ နောက်ပိုင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ပိုပြီး အထောက်အကူပြုလာနိုင်ပါတယ်။ အကန့်အသတ်ဖြင့် ခွင့်ပြုဖို့လည်း လိုပါတယ်။ မျောက်လေးတွေ အနှောင့်အယှက်ဖြစ်သွားတဲ့ အနေအထားမျိုး မဖြစ်ဖို့လိုပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ရှားပါးမျောက်လေးတွေကို ထိန်းသိမ်းတဲ့နေရာမှာ ဝန်းရံကြဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ပုပ္ပားအပါအဝင် ဒီမျောက်လေးတွေရှိတဲ့ အရပ်ဒေသတွေက ဒေသခံပြည်သူတွေအနေနဲ့ ပိုပြီး ဂရုစိုက်ကာကွယ်ပေးကြဖို့ လိုအပ်ပါတယ်"ဟု ဒေါက်တာ နော်မေလေးသန့်က ဆက်ပြောသည်။




ကမ္ဘာပေါ်၌ မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင်သာရှိသည့် ပုပ္ပားမျောက်များ

ပုပ္ပားမျောက်မျိုးစိတ်သစ်သည် ပုပ္ပားတောင်ဒေသ၌ ချွန်းမလွန်းချောက်ထဲတွင်သာ ကျင်လည်ကျက်စားကြကြောင်း၊ ယင်းမျောက်မျိုးသည် တောထူပြီး မျောက်များအတွက် စားစရာလည်း ပေါများကာ လူသူအရောက်အပေါက်နည်းသည့် တောမြိုင်များကို ပို၍နှစ်သက်ကြကြောင်း၊ လူကို အလွန်ကြောက်ကြပြီး လူသံ၊ ခွေးသံကြားလျှင် ထွက်ပြေးတတ်ကြကြောင်း၊ လက်ရှိအချိန်တွင် ပုပ္ပားဒေသ၌ ယင်းမျောက်မျိုး ခန့်မှန်းကောင်ရေ ၁၁၀ ခန့်သာ ရှိတော့ကြောင်း သိရသည်။

အဆိုပါမျောက်များရှိရာ နယ်မြေကို ပုပ္ပားတောင် သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ် သတ်မှတ်ထားကြောင်း သိရကာ ပြည်တွင်းဘုရားဖူးများအနေဖြင့် တောင်ကလပ်ဘက်သို့သာ သွားရောက်မှုများကြောင်း၊ တောင်တက် ဝါသနာပါသူများ၊ ပြည်ပခရီးသွားအချို့နှင့် သုတေသနလုပ်ကြသူများသာ မီးတောင်ထိပ်ဝရှိသည့် တောင်မကြီးဘက်သို့ သွားကြကြောင်း၊ မျောက်များက လူကိုကြောက်သည့်အတွက် လူအသွားအလာများလျှင် မကောင်းဘဲ လူသူအရောက်အပေါက်နည်းလေ မျောက်များအတွက် ကောင်းလေဖြစ်ကြောင်း ဒေါက်တာ နော်မေလေးသန့်က ဆက်ရှင်းပြသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



# မြန်မာစာနှင့် ပါဠိ(၁၅)

## မောင်ခင်မင် (ဓနုဖြူ)

"ဆရာ 'မြန်မာစာမပေါ်ခင်ကရော ငါးရာ့ငါးဆယ်နဲ့ ဇာတ်ကြီးဆယ်ဘွဲ့ကို တခြားဘာသာစကားနဲ့ ရေးတာတွေ မရှိဘူးလား"

"ရှိတာပေါ့။ အာနန္ဒာဘုရားမှာ မွန်ဘာသာနဲ့ ရေးထိုးထားတဲ့ စဉ့်ကွင်းတွေဟာ ထင်ရှားတဲ့ သာဓကတစ်ခုပဲ"

"ဟုတ်ကဲ့၊ ပြောပြပါ ဆရာ"

"စဉ့်ကွင်းဆိုတာ စဉ့်ရည်သုတ်ထားတဲ့ အုတ်ချပ်တွေလေ။ အဲဒီမှာ ရုပ်ကြွင်းတွေနဲ့ ပုံဖော်ထားတာ။ အာနန္ဒာစဉ့်ကွင်းတွေမှာ ငါးရာ့ငါးဆယ်၊ အမှတ်စဉ် ၁ တပဏ္ဏကဇာတ်ကနေ အမှတ်စဉ် ၅၃၇ မဟာသုတသောမဇာတ်အထိ ဇာတ်တော်တွေကို စဉ့်ကွင်းတစ်ခုစီနဲ့ပဲ ပုံဖော်ထားတယ်။ ဇာတ်တော်ထဲက ထင်ရှားတဲ့အကြောင်းတစ်ခုကို ပုံတစ်ပုံနဲ့ သရုပ်ဖော်ပြီး အောက်ကဇာတ်နာမည် ရေးထားတာလေ"

"ဟုတ်ကဲ့ပါ"

"အဲ- ဇာတ်အမှတ်စဉ် ၅၃၈ တေမိယဇာတ်ကနေ ၅၄၇ ဝေဿန္တရာဇာတ်အထိ ဇာတ်ကြီးဆယ်ဘွဲ့ကိုတော့ ဇာတ်တစ်ဇာတ်ကို စဉ့်ကွင်းတော်တော်များများနဲ့ ပုံဖော်ထားတယ်ကွဲ့။ ဇာတ်ရှည်လည်တာပေါ့ကွယ်။ လေ့လာကြည့်ရင် စိတ်ဝင်စားစရာကောင်းပါတယ်"

"ဟုတ်ကဲ့ပါ"

"နောက် ရာဇာကုမာရ်ရဲ့ကောင်းမှု၊ မြင်းကပါ ဂူပြောက်ကြီးဘုရားမှာလဲ ငါးရာ့ငါးဆယ်ဇာတ်တော်တွေကို ပန်းချီရေးဆွဲပြီး မွန်ဘာသာနဲ့ မင်စာတွေရေးထိုးထားတာရှိတယ်ကွဲ့"

"အဲဒီ စဉ့်ကွင်းစာတွေ၊ မင်စာတွေကို ဘယ်စာအုပ်တွေမှာ လေ့လာနိုင်ပါသလဲ ဆရာ"

"အာနန္ဒာစဉ့်ကွင်းတွေကို အသေးစိတ်လေ့လာထားတဲ့ စာအုပ်ကတော့ အင်္ဂလိပ်လို ရေးထားတာ၊ ကိုလိုနီခေတ်အစောပိုင်းမှာ ပညာရှင်တွေက ရှေးဟောင်းမွန်ကမ္ပည်းစာတွေကို Epigraphia Birmanica ဆိုတဲ့ နာမည်နဲ့ အတွဲလိုက်တွေ ပြုစုထားတယ်။ Ananda Plaques ဆိုပြီး အာနန္ဒာစဉ့်ကွင်းတွေကို တစ်တွဲပြုစုထားတာပေါ့။ စဉ့်ကွင်းတွေကို အသေးစိတ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေရော၊ ဇာတ်တော် အကြောင်းရေးတဲ့ မွန်စာတွေရော၊ အင်္ဂလိပ်ဘာသာပြန်တွေရော၊ ရှင်းလင်းချက်တွေရော အပြည့်အစုံပါတယ်။ နှစ်အုပ်ခွဲထားတယ် ထင်တယ်။ လေ့လာသူတွေအတွက် အများကြီး အကျိုးရှိတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီစာအုပ်တွဲတွေက ခုခေတ်မှာ တော်တော်ရှားသွားပြီလေ။ စာကြည့်တိုက်ကြီးတွေမှာတော့ ရှိပါတယ်။ အဲ...အဲဒီ မွန်စဉ့်ကွင်းစာတွေကို မြန်မာဘာသာပြန်ထားတာကိုတော့ 'လက်ရာစုံစွာ အာနန္ဒာ'ဆိုတဲ့ စာအုပ်မှာ လေ့လာနိုင်ပါတယ်။ ယဉ်ကျေးမှုဌာနက မင်းဘူးဦးအောင်ကြိုင် ပြုစုထားတာလေ"

"ဟုတ်ကဲ့၊ ရှာပြီး လေ့လာကြည့်ပါမယ် ဆရာ"

"မြင်းကပါ ဂူပြောက်ကြီးဘုရားမင်စာတွေကိုလဲ အရင်က ဆရာကြီးဂျီအိပ်ချ်လုစ်အင်္ဂလိပ်ဘာသာနဲ့ရေးထားတာ အသေးစိတ်ရှိတယ်။ 'သမိုင်းတံခွန်'စာစောင်မှာ ထင်တယ်။ နောက် ရှေးဟောင်းသုတေသနဌာနက ဦးကျော်ငြိမ်းပြုစုတဲ့ 'ပုဂံမြို့ဟောင်း မြင်းကပါ ဂူပြောက်ကြီး ဘုရား'ဆိုတဲ့ စာအုပ်မှာလဲ လေ့လာနိုင်တယ်"

"အများကြီး ကျေးဇူးတင်ပါတယ် ဆရာ"

"ဒါက နမူနာအနေနဲ့ပြောတာပါ။ ဇာတက မင်စာတွေ၊ စဉ့်ကွင်းစာတွေ၊ တခြားအထောက်အထားတွေလဲ အများကြီးရှိတာပေါ့။ ဆိုလိုတာကတော့ ပါဠိပိဋကတ်စာပေမှာပါတဲ့ ဇာတကတွေကို ပုဂံခေတ်မှာ မြန်မာစာမပေါ်ခင်ကတည်းက မွန်စာ၊ ပါဠိစာတွေနဲ့ ရေးခဲ့ကြတယ်ဆိုတာပဲ။ မြန်မာစာပေါ်လာတဲ့အခါကျတော့ အဲဒီမွန်စာ၊ ပါဠိစာနဲ့ရေးထားတဲ့ မင်စာတွေ၊ စဉ့်ကွင်းစာတွေဟာ မြန်မာစာနဲ့ရေးဖို့ ရှေ့ဆောင်လမ်းပြ နည်းယူစရာတွေ ဖြစ်လာတာပေါ့ကွယ်"

"နားလည်ပါပြီ ဆရာ"

"အဲ...အင်းဝခေတ် ၁၃ ရာစုကျတော့ မြန်မာ ဇာတကစာပေတွေ ထွန်းကားလာတာပေါ့ကွယ်။ ဆရာဇော်ဂျီရဲ့ အဆိုအမိန့်တစ်ခုကို ဒီနေရာမှာ ပြောချင်တယ်။ ဆရာက ဘယ်လိုမိန့်ဆိုသလဲဆိုရင် မြန်မာတွေဟာ မြန်မာစာပေလမ်းကြောင်းကို အရာထင်အောင်လုပ်နေကြဆဲမှာ လမ်းမကြီး သဖွယ်ဖြစ်တဲ့ ဗုဒ္ဓစာပေကို ရလာတဲ့အတွက် မိမိတို့ရဲ့ စာပေလမ်းကြောင်းကို ဗုဒ္ဓစာပေနဲ့ ချက်ချင်းဆောက်လုပ်ခဲ့ကြတယ်...တဲ့။ တစ်နည်းပြောရရင် မြန်မာစာပေမှာ မြန်မာစာဆိုတွေရဲ့ ကိုယ်ပိုင်လမ်းကြောင်းရာ မထင်ရှားဘဲ ဗုဒ္ဓစာပေနဲ့ဆောက်လုပ်တဲ့ လမ်းကြောင်းရာနဲ့သာ ထင်ရှားခဲ့တယ်...တဲ့"

"မှတ်သားစရာ သိပ်ကောင်းပါတယ် ဆရာ"

"ဗုဒ္ဓစာပေကြောင့် မြန်မာစာပေတစ်ဟုန်ထိုး ဖွံ့ဖြိုးလာတဲ့သဘောကို ဆရာက ညွှန်ပြထားတာလေ။ တို့ပြောနေတဲ့ ဇာတကစာပေကို ကွက်ပြောရရင် မြန်မာတွေဟာ ပါဠိဇာတကစာပေကို လေ့လာရတဲ့အခါ သိပ်သဘောကျပြီး အဲဒီပါဠိ ဇာတကစာပေတွေကို ကဗျာတွေ၊ စကားပြေတွေ ပြန်ရေးကြတဲ့အတွက် အင်းဝခေတ်မှာ ဇာတကကိုအခြေခံတဲ့ ပျို့ကဗျာတွေ၊ တခြား ဗုဒ္ဓစာပေတွေကိုအခြေခံတဲ့ စကားပြေတွေ ဝေဝေဆာဆာ ပေါ်ထွက်လာတာပေါ့ကွယ်။ မြန်မာစာဆိုတွေ ကိုယ်ပိုင်စိတ်ကူးနဲ့ ရေးဖွဲ့တဲ့ စာမျိုးတွေထက် ဗုဒ္ဓစာပေကိုအခြေခံတဲ့ စာမျိုးတွေက ပိုပြီးထင်ရှားလာရတာပေါ့"

"သဘောပေါက်ပါပြီ ဆရာ"

"ပါဠိဇာတကစာပေကို မြန်မာကဗျာပုံစံနဲ့ နှစ်သက်စွဲမက်စရာကောင်းအောင် စပြီးဖွဲ့တဲ့ စာဆိုကတော့ မင်းသိတဲ့အတိုင်း ရှင်မဟာရဋ္ဌသာရဆိုတဲ့ ရဟန်းစာဆိုတော်ကြီးပဲကွဲ့"

"ဟုတ်ပါတယ် ဆရာ"

"ရှင်မဟာရဋ္ဌသာရက 'ပျို့'လို့ခေါ်တဲ့ လေးလုံးစပ်ကဗျာရှည်ကြီးတွေနဲ့ ဇာတကဝတ္ထုတွေကို ပြန်ဖွဲ့တာ မဟုတ်လား။ ဆရာတော်ရဲ့ ပျို့တွေက ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မသာရကိုးခန်းပျို့၊ သံဝရပျို့ဆိုတဲ့ ပျို့တွေ အားလုံး ဇာတက ကဗျာတွေချည်းပဲ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်လဲ ကျောင်းမှာတုန်းက သင်ခဲ့ဖူးပါတယ်"

"အဲဒီပျို့တွေအကြောင်းမပြောခင် ရှင်မဟာရဋ္ဌသာရပျို့ဖွဲ့တဲ့ ရည်ရွယ်ချက်ကို ကြည့်ရအောင်။ ဆရာတော်ကိုယ်တိုင် ဘူရိဒတ်ဇာတ်ပေါင်းပျို့မှာ ရေးခဲ့တာလေ"

"ဘယ်လိုရေးတာပါလဲ ဆရာ"

"ဆရာတော်က ပျို့ဖွဲ့တဲ့အခါ စာဖတ်သူတွေ 'မှတ်လွယ်စေငှာ၊ သိသာစေချင်၊ နားဝင်စေအောင်'ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့ပါတယ်တဲ့။ နောက်ပြီးတော့ 'ရှင်မှုလူမှု'ဆိုတဲ့ ဓမ္မရေးရာ၊ လောကရေးရာပါအောင်ဖွဲ့ပါတယ်...တဲ့။ အနုအကြမ်း အလေးအပေါ့ ညှိပြီးဖွဲ့ပါတယ်တဲ့။ စာဖတ်ပရိသတ်က အဲဒီပျို့တွေကို ဖတ်ရတဲ့အခါ 'ပီတိရသာ၊ လင်္ကာချိုဆိမ့်၊ သည်းတွင်းငြိမ့်' သွားအောင်ဖွဲ့ပါတယ်...တဲ့။ ဒါဟာ စာဆိုရဲ့ စာပေသဘောတရား စာပေဝါဒလို့ ဆိုနိုင်တာပေါ့ကွယ်"

"ဆရာပြောပြမှ ပိုပြီးသဘောပေါက်လာပါတယ် ဆရာ"

"ဆရာတော်သုံးတဲ့ 'ပီတိရသာ၊ လင်္ကာချိုဆိမ့်၊ သည်းတွင်းငြိမ့်'ဆိုတဲ့ စကားကို စဉ်းစားကြည့်ရင် စာဖတ်သူရဲ့ အသည်းထဲမှာ ချိုဆိမ့်တဲ့ ကဗျာ၊ လင်္ကာရဲ့ ပီတိအရသာခံစားရအောင် ဖွဲ့တယ်လို့ ဆိုလိုတာ မဟုတ်လား။ ဆရာတော်ရဲ့ ခေတ်တုန်းက 'ရသစာပေ'ဆိုတဲ့ ဝေါဟာရ မပေါ်ပေါက်သေးပေမဲ့ ဆရာတော်က ရသစာပေရဲ့အရသာကို ပီတိနဲ့ယှဉ်တဲ့ အရသာလို့ ဖွင့်ဆိုခဲ့တာ မှတ်သားစရာ သိပ်ကောင်းပါတယ်ကွယ်"

"ဟုတ်ပါတယ် ဆရာ"

"ပညာရှင်တွေ မိန့်ဆိုကြတဲ့ ရသစာပေရဲ့ ဂုဏ်အင်္ဂါကို ဆရာတော်က အင်းဝခေတ် ၁၃ ရာစုကတည်းက ဖွင့်ဆိုခဲ့တယ်လို့ ဆိုနိုင်တာပေါ့ကွယ်"

"မှန်ပါတယ် ဆရာ"

"နောက် စိတ်ဝင်စားစရာတစ်ချက်က ရှင်မဟာရဋ္ဌသာရဟာ ပထမဆုံး ပျို့ဖြစ်တဲ့ ဘူရိဒတ်လင်္ကာကြီးကို ရေးဖွဲ့တုန်းက အသက် ၁၆ နှစ်ပဲ ရှိသေးတဲ့ သာမဏေကလေးကွဲ့"

"ဩော်"

"စဉ်းစားကြည့်ရင် ၁၆ နှစ် အရွယ်သာမဏေကလေးက အစဉ်အလာကြီးမားတဲ့ ပျို့စာပေ အစဉ်အလာကို ခုလိုစပြီး ထူထောင်လိုက်တယ် ဆိုတာ ဘယ်လောက်အံ့ဩစရာ၊ ချီးကျူးစရာ ကောင်းလိုက်သလဲကွယ်"

"ဟုတ်ပါတယ် ဆရာ"

"ရှေ့မှာ ဒီလိုစာပေမျိုးဖွဲ့ခဲ့တဲ့ အစဉ်အလာ မရှိဘဲ အစဉ်အလာသစ်တစ်ခု တည်ထောင်နိုင်တာလေ။ ဘူရိဒတ်လင်္ကာကြီး ဆိုတာလဲ သိပ်ကောင်းတဲ့ လင်္ကာကြီးတစ်စောင်ပါ။ ဒါနဲ့ပတ်သက်ပြီး ဆရာကြီး ဒေါက်တာလှဘေက မှန်းဆချက် တစ်ခု မိန့်ကြားထားတယ်"

"ပြောပြပါ ဆရာ"

"ရှင်မဟာရဋ္ဌသာရရဲ့ နောင်တော် ဝရစက္ကပါလ မထေရ်ဟာ သီဃိုဠ်၊ အဲ...သီဟိုဠ်ပေါ့၊ ခုတော့ သီရိလင်္ကာပေါ့။ အဲဒီ သီဃိုဠ်ကို ကြွပြီး သီတင်းသုံးခဲ့တာမို့ သီဃိုဠ်ရောက်ဆရာတော်လို့ ထင်ရှားတယ်လေ။ ဆရာတော်သီဃိုဠ်မှာရှိတုန်းက သူတို့ဆီမှာ ဇာတကတွေကို လင်္ကာရှည်ကြီးတွေ ဖွဲ့တဲ့ဓလေ့ ထွန်းကားနေတယ်တဲ့။ ဆရာတော်က အဲဒီအကြောင်းကို ညီဖြစ်သူသာမဏေကလေးကို ပြောပြတဲ့အတွက် စိတ်ကူးသစ်ရပြီး ပျို့ကဗျာတွေ ရေးဖွဲ့တာ ဖြစ်နိုင်တယ်လို့ မှန်းဆတာပေါ့ကွယ်"။ ။

> "ပါဠိပိဋကတ်စာပေမှာပါတဲ့ ဇာတကတွေကို ပုဂံခေတ်မှာ မြန်မာစာမပေါ်ခင်ကတည်းက မွန်စာ၊ ပါဠိ စာတွေနဲ့ ရေးခဲ့ကြတယ်ဆိုတာပဲ။ မြန်မာစာပေါ်လာတဲ့အခါကျတော့ အဲဒီမွန်စာ၊ ပါဠိစာနဲ့ရေးထားတဲ့ မင်စာတွေ၊ စဉ့်ကွင်းစာတွေဟာ မြန်မာစာနဲ့ရေးဖို့ ရှေ့ဆောင်လမ်းပြ နည်းယူစရာတွေ ဖြစ်လာတာ ပေါ့ကွယ်"

## ကွန်ဟိန်းမြို့နယ် ကျေးရွာခြောက်ရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်

ကွန်ဟိန်း နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်အတွင်းရှိ လွယ်ဆိုင်၊ လုပ်ဖိုင်၊ နမ့်ဟူးလျင်၊ ဝမ်ပန်၊ ဆိုင်းခေါင်(တ)၊ နားလေကျေးရွာတို့တွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် အရှည် ၁၅ မိုင်ရှိသော စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် ခြောက်ကန်တည်ဆောက်ခြင်း၊ ရေတားတမံ ခြောက်ခုတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ ရှမ်းပြည်နယ်အစိုးရခွင့်ပြု ရန်ပုံငွေကျပ် ၁၈၈ သန်းကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်ဆူးက ပြောသည်။

အဆိုပါ ကျေးရွာများတွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက အိမ်ခြေ ၇၄၉ မှ လူဦးရေ ၃၇၄၂ ဦးအပြင် ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ ရာသီမရွေး သောက်သုံးရေရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ငြိမ်းသူ

## ရေဦးမြို့နယ် ကျေးရွာနှစ်ရွာတွင် ဆိုလာစနစ်ဖြင့် အိမ်ခြေပေါင်း ၆၄၀ ကျော် လျှပ်စစ်မီးရရှိ

ရွှေဘို နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း မဟာဓာတ်အားလိုင်းပြင်ပဖြစ်သော ကျေးရွာနှစ်ရွာတွင် ဆိုလာစနစ်ဖြင့် အိမ်ခြေပေါင်း ၆၄၀ ကျော် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မဟာဓာတ်အားလိုင်းပြင်ပကျေးရွာများဖြစ်သော တောင်ပြင်ငယ်ကျေးရွာနှင့် ပလူဇဝကျေးရွာတို့သည် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ကျော်ကွာဝေးပြီး နောင် ၁၀နှစ်ကျော်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိနိုင်သောကြောင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းကျေးရွာတို့သည် ရေဦးမြို့နှင့် မိုင် ၇၀ ကျော်ကွာဝေးပြီး မဟာဓာတ်အားလိုင်းရောက်ရှိရန် ခက်ခဲသဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၆၀ရာခိုင်နှုန်း၊ ကျေးရွာပြည်သူများက ၂၀ရာခိုင်နှုန်းနှင့် Mega Global Green Co.,ltd.မှ ၂၀ ရာခိုင်နှုန်းဖြင့် တောင်ပြင်ငယ်ကျေးရွာတွင် ငွေကျပ် ၉၆၂ ဒသမ ၅ သန်း၊ ပလူဇဝကျေးရွာတွင် ငွေကျပ် သန်း ၁၀၉၀ ဖြင့် လည်းကောင်း၊ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအေးထံက သိရသည်။

အဆိုပါ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကြောင့် ယနေ့အချိန်တွင် တောင်ပြင်ငယ်ကျေးရွာ၌ အိမ်ခြေ ၃၂၀ ၊ ရွာအတွင်း ဓာတ်မီးတိုင် ၉၇ တိုင်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများနှင့် ပလူဇဝကျေးရွာတွင် အိမ်ခြေ ၃၂၃ အိမ်၊ ရွာအတွင်း ဓာတ်မီးတိုင် ၁၄၄ တိုင်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် တိုက်နယ်ဆေးရုံတို့တွင် မီးလင်းရေးကို ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

ထွန်းမြင့်အောင်(ရွှေဘို)



ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားစဉ်။

# ကိုလိုနီခေတ် ချည်စက်နှင့် ဘိလပ်မြေစက်ရုံများ

သိပ္ပံစာရေးဆရာကိုကိုအောင်

**တယောစွပ်ကျယ်စက်**

ကိုလိုနီခေတ်အတွင်းက မြန်မာနိုင်ငံတွင် ချည်စက်နှစ်စက်သာရှိခဲ့ပြီး မြင်းခြံရှိ စတီးဘရားသားပိုင် စက်ကြီးနှင့် ရန်ကုန်ရှိ ချည်စက်ငယ်တို့ ဖြစ်ကြသည်။ အထည်အလိပ် လုပ်ငန်းမှန်သမျှထဲတွင် ကိုလိုနီခေတ်က အကြီးကျယ်ဆုံး လုပ်ငန်းတစ်ခုမှာ တယောစွပ်ကျယ်စက်ပင်ဖြစ်သည်။ တယောစွပ်ကျယ်စက်သည် ၁၉၂၅ ခုနှစ်တွင် မစ္စတာအာမက်အီဗရာဟင်က တည်ထောင်၍ ကမာရွတ်ဆင်ရေတွင်းရပ်ကွက်၌ စက်ရုံအငယ်စားကလေးတစ်ခုအဖြစ်ဖြင့် လုပ်ငန်းစတင်ခဲ့သည်။ ထိုစဉ်က ချည်စွပ်ကျယ်များကို ဂျပန်၊ တရုတ်နှင့် အိန္ဒိယတို့မှ တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံကို အိန္ဒိယနှင့် မခွဲမီက တရုတ်နှင့် ဂျပန်တို့မှ ချည်ထည်ပစ္စည်းများကို တင်သွင်းခွင့်မပြုရန် မြန်မာပြည်အစိုးရက အိန္ဒိယအစိုးရကို ပန်ကြားခဲ့ဖူးပြီး ပြည်တွင်းရှိ လုပ်ငန်းကို အားပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

အာမက်နှင့်ညီများ စွပ်ကျယ်စက်မှ တယောတံဆိပ် စွပ်ကျယ် အရွယ်အစား အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့သည်။ စက်ရုံတွင် ဂျပန်လုပ် စွပ်ကျယ်စက်ဝိုင်း ၅၅ လုံးရှိပြီး လုပ်ငန်း တွင်ကျယ်အောင်မြင်သဖြင့် ၁၉၃၅ ခုနှစ်တွင် Ahmed Violin Hosiery Works (Burma) Ltd. အမည်ဖြင့် ကုမ္ပဏီတည်ထောင်၍ စက်ရုံနေရာကိုလည်း အင်းစိန်မြို့ စခွဲ့ငူအရပ်သို့ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် လုပ်ငန်းကို တိုးချဲ့ခဲ့ရာ မူလ ဂျပန်လုပ် စွပ်ကျယ်စက်ဝိုင်း ၅၅ လုံးအပြင် ရက်ကန်းစင်အချို့တွင် တရုတ်လူမျိုးတစ်ဦးထံမှ ဝယ်ယူခဲ့သော စက်ဟောင်းများကိုပါ ထပ်တိုးတပ်ဆင်ကာ လုပ်ကိုင်ခဲ့သည်။

စက်ရုံစာရင်းများတွင် အင်းစိန်စီရင်စု၌ ၁၉၃၇ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ကာလများအတွင်း စွပ်ကျယ်နှင့် အတွင်းခံအဝတ်အထည်များထုတ်လုပ်သောစက် နှစ်စက်ရှိကြောင်း ဖော်ပြခဲ့ကြသည်။ ထိုစက်ရုံနှစ်ခုတွင် ၁၉၃၈ ခုနှစ်က အလုပ်သမားပေါင်း ၁၀၆၂ ဦးရှိခဲ့သော အာမက်၏ တယောတံဆိပ် စွပ်ကျယ်စက်မှာ ကိုလိုနီခေတ်အတွင်းက အထင်ရှားဆုံးသောစက် ဖြစ်ခဲ့သည်။

**အထည်အဝတ်ထုတ် စက်မှုလုပ်ငန်းများ**

အထည်အဝတ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများထဲတွင် အစိုးရ သို့မဟုတ် အရေးပိုင်တို့၏ Local Fund မှ တည်ထောင်သော သိုးမွေးစက်တစ်ခု၊ ဝါကြိတ်ဝါထုပ်စက်တစ်ခုနှင့် ရှူးဖိနပ်လုပ်စက်တစ်ခုတို့လည်း ပါဝင်ခဲ့သည်။ သိုးမွေးစက်မှာ ၁၉၂၉ ခုနှစ်က အင်းစိန်ထောင်အတွင်း၌ တည်ထောင်ခဲ့သောစက်ဖြစ်ပြီး အကျဉ်းသား ၄၃၀ ခန့်၏ လုပ်အားဖြင့် သိုးမွေးထည်များကို ထုတ်လုပ်ခဲ့ကာ ထိုသိုးမွေးထည်များကို စစ်ပုလိပ် ယူနီဖောင်းများအတွက် အသုံးပြုခဲ့သည်။ အလားတူပင် ဝါကြိတ်၊ ဝါထုပ်စက်နှင့် ရှူးဖိနပ်လုပ်စက်တို့သည် အင်းစိန်ထောင်အတွင်းမှာပင်ရှိပြီး အကျဉ်းသားများ၏လုပ်အားဖြင့် လည်ပတ်သောစက်များ ဖြစ်ခဲ့ကြကာ ရှူးဖိနပ်များကို စစ်ပုလိပ်နှင့် အခြားအစိုးရဌာနများသို့ ရောင်းချခဲ့သည်။

**ဘိလပ်မြေစက်နှင့် အုတ်စက်**

ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၉၂၁ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် ဘိလပ်မြေစက်ရုံ တစ်ခုနှင့် အုတ်စက်နှစ်ခု ပေါ်ထွန်းခဲ့သည်။ ကိုလိုနီခေတ်၏ ပထမဆုံးနှင့် တစ်ခုတည်းသော ဘိလပ်မြေစက်ရုံကို ၁၉၃၅ ခုနှစ်က သရက်မြို့၌ စတင်တည်ဆောက်ခဲ့သည်။ ထိုဘိလပ်မြေစက် ပေါ်ပေါက်လာရခြင်းမှာ ထိုဒေသ၌ သဘာဝဓာတ်ငွေ့များကို တွေ့ရှိခဲ့သည်မှ အစပြုခဲ့သည်။ နိုင်ငံခြားသားပိုင် Indo Burma Petroleum Company က သရက်မြို့နှင့် ၁၂ မိုင် ကွာဝေးသော ပြားရည်ဒေသတွင် ၁၉၂၅ ခုနှစ်မှစ၍ ရေနံတူးဖော်ခဲ့ရာမှ သဘာဝဓာတ်ငွေ့များကိုပါ တွေ့ရှိခဲ့သည်။

အိုင်ဘီပီကုမ္ပဏီသည် သဘာဝဓာတ်ငွေ့တွင်း တွေ့ရှိရေးအတွက် ဆက်လက်ရှာဖွေခဲ့ရာ ၁၉၂၆ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဓာတ်ငွေ့တွင်းကို အောင်မြင်စွာ တွေ့ရှိတူးဖော်နိုင်ခဲ့သည်။ ထို့ပြင် အိုင်ဘီပီကုမ္ပဏီသည် ထိုဒေသတစ်ဝိုက်၌ ဘူမိဗေဒ စူးစမ်းရှာဖွေမှုများကို ပြုလုပ်ခဲ့ရာ သရက်မြို့တောင်ဘက် ထုံးတောင်ဒေသ၌ ထုံးကျောက်အများအပြားကို တူးဖော်ရရှိပြန်သဖြင့် သရက်မြို့၌ ဘိလပ်မြေစက်ရုံတည်ရန် အစပျိုးမိခဲ့ခြင်းဖြစ်သည်။

**သရက်မြို့ ဘိလပ်မြေစက်ရုံ**

သဘာဝဓာတ်ငွေ့ကို တူးဖော်ရရှိပြီးနောက် ကိုးနှစ်အကြာ ၁၉၃၅ ခုနှစ်တွင် သရက်မြို့၏တောင်ဘက် နှစ်မိုင်ခန့်အကွာ ရောဝတီမြစ်ကမ်း၌ ဘိလပ်မြေစက်ရုံတစ်ခုကို စတင်တည်ဆောက်ရန် နိုင်ငံခြားသား အရင်းရှင်ကြီးများ စုပေါင်း၍ Burma Cement Company Ltd. ကို ထိုစဉ်က တည်ဆဲဥပဒေများအရ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထို ဘားမားစီးမင့်ကုမ္ပဏီကို ယူနိုက်တက်ကင်းဒမ်းနှင့် အိန္ဒိယရှိ ပို့တလင်းစီးမင့် ထုတ်လုပ်သူများနှင့် စတီးဘရားသား ကုမ္ပဏီတို့က မတည်ရင်းနှီးငွေ ပါဝင်ကာ စီမံဆောင်ရွက်ခဲ့ကြသည်။

မတည်ရင်းနှီးငွေမှာ ကျပ် ၃၅ သိန်းဖြစ်ပြီး အစုရှယ်ယာပါဝင်သော ကုမ္ပဏီကြီးများမှာ British Portland Cement Manaufacturers Ltd., Tunnel Portland Cement Co., Ltd. နှင့် Associated Portland Cement Manaufacturers, Ltd.(of India)တို့ဖြစ်ကြသည်။ Burma Cement Co., Ltd. ကို ပိုင်ရှင်အဖွဲ့ဝင် ထိုကုမ္ပဏီကြီးသုံးခု၏ ကိုယ်စားလှယ်များဖြစ်ကြသော ဒါရိုက်တာလူကြီးသုံးဦးက စီမံချုပ်ကိုင် ဆောင်ရွက်ခဲ့ကြပြီး စတီးဘရားသားကုမ္ပဏီက အုပ်ချုပ်ရေးကိုယ်စားလှယ်နှင့် တစ်ဦးတည်းသော အရောင်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ စတီးဘရားသား ကုမ္ပဏီနှင့် ဘိလပ်မြေထုတ်လုပ်ရေး ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ရန် လန်ဒန်မြို့၌ ရုံးဖွင့်ထားခဲ့သည်။

ကိုလိုနီခေတ် သရက်ဘိလပ်မြေစက်ရုံကို ၁၉၃၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ စက်ရုံပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်းတို့ကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှ F.L.Smidth & Co. က လုပ်ဆောင်ပြီး စက်နှင့် စက်ပစ္စည်းများကိုလည်း ထိုကုမ္ပဏီကပင် ပေးသွင်းခဲ့သည်။

**စက်များနှင့် ထုတ်လုပ်မှုစွမ်းအား**

မီးသင်းဖို တစ်ခုဖြင့် တစ်ရက်လျှင် ဘိလပ်မြေတန် ၂၀၀ ကျ၊ တစ်နှစ်လျှင် တန်ချိန် ၆၀၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသော ဘိလပ်မြေစက်ရုံကို ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလက ဆောက်လုပ်ပြီးစီးခဲ့ကာ ထိုနှစ် ဩဂုတ်လ ၁၄ ရက်တွင် စတင်၍ စက်လည်ပတ်ခဲ့သည်။ စက်ရုံတွင် ကုန်ကြမ်းကြိတ်စက်တစ်လုံး၊ မီးသင်းဖိုတစ်လုံး၊ ကုန်ချောကြိတ်စက်တစ်လုံးနှင့် အိတ်သွတ်စက်တစ်လုံး ရှိသည်။ ကုန်ကြမ်းကြိတ်စက်၏ ထုတ်လုပ်မှုစွမ်းအားမှာ တစ်နာရီလျှင် ၁၆ တန်ဖြစ်ပြီး ကုန်ချောကြိတ်စက်က တစ်နာရီလျှင် ၁၀ တန်ကျ ဖြစ်သည်။ အိတ်သွတ်စက်က တစ်နာရီလျှင် တန် ၅၀ စွမ်းအားရှိပြီး မီးသင်းဖိုက တစ်ရက်လျှင် တန် ၂၀၀ ထုတ်လုပ်စွမ်းအားရှိသည်။ အင်္ဂလိပ်လူမျိုး W.R. Morrison က ပထမဦးဆုံးသော စက်ရုံမန်နေဂျာအဖြစ် အုပ်ချုပ်ဆောင်ရွက်ခဲ့သည်။

**ဘိလပ်မြေထုတ်လုပ်ပုံအဆင့်ဆင့်**

ဘိလပ်မြေထုတ်လုပ်ရေးအတွက် အဓိကကုန်ကြမ်းဖြစ်သော ထုံးကျောက်များကို ထုံးတောင်မှ ရသည်။ စက်ရုံတည်ဆောက်စ ၁၉၃၇ ခုနှစ်က ထုံးတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၉၀ အမြင့်အထိရှိခဲ့သည်။ ထုံးကျောက်ထုတ်ယူရန် ၆ လက်မ မှ ၉ လက်မ အရွယ်အထိ ထုံးကျောက်များကို လုပ်ကွက်၌ မိုင်းခွဲ၍ ထုတ်လုပ်ခဲ့သည်။ အဆိုပါလုပ်ကွက်များသို့ မီးရထားလမ်းဖောက်ထားသဖြင့် မိုင်းဖောက်ခွဲကာ ရရှိလာသော ထုံးကျောက်များကို တွဲ Buckets များထဲသို့ လူအားဖြင့် ဖြည့်ထည့်၍ ၎င်းတွဲများကို မီးရထား ခေါင်းတွဲငယ်ဖြင့် လုပ်ကွက်မှ ဆွဲထုတ်သည်။ တောင်စောင်းတစ်နေရာ၌ Gravity Fall ပြုလုပ်ထားသော ကြိုးလမ်းတွင် မီးရထား ခေါင်းတွဲငယ်ဖြင့် ဆွဲယူလာသည့် ကျောက်တွဲများကို ချိတ်ပေးလိုက်ခြင်းဖြင့် တောင်ခြေရှိ ကွန်ကရစ်ဟော်ပါထဲသို့ ထုံးကျောက်များ ကျရောက်သွားသည်။ ကွန်ကရစ်ဟော်ပါမှတစ်ဆင့် ကျောက်သယ်တွဲများထဲသို့ ထုံးကျောက်တုံးများကို ဖြည့်ထည့်ကာ ရထားခေါင်းတွဲဖြင့်ဆွဲ၍ နှစ်မိုင်ခန့်ဝေးသော စက်ရုံသို့ ပို့ဆောင်သည်။

ဘိလပ်မြေထုတ်လုပ်ရန်အတွက် လိုအပ်သည့် တွဲဖက်ကုန်ကြမ်းဖြစ်သော ဂေါ်ဒန်ကျောက်ကို ထိုစဉ်က မြန်မာနိုင်ငံ၌ ရှာဖွေတူးဖော်နိုင်ခြင်း မရှိသေးသဖြင့် ဘိလပ်မြေစက်ရုံအတွက် လိုအပ်ချက်ကို ပြည်ပမှဝယ်ယူတင်သွင်းခဲ့ရသည်။

သရက် ဘိလပ်မြေစက်ရုံမှာ အတန်အသင့် ပြီးပြည့်စုံသော စက်ရုံတစ်ခုဟု ဆိုနိုင်သည်။ အဓိက ကုန်ကြမ်းများသာမက စက်ရုံအတွက် အဓိကလိုအပ်သော စက်သုံးလောင်စာဆီအဖြစ် သဘာဝဓာတ်ငွေ့ကို ၁၂ မိုင်ခန့်အကွာတွင် တူးဖော်ရရှိသဖြင့် စက်ရုံသို့ ပိုက်လိုင်းများဖြင့် သွယ်တန်းရယူကာ စက်ရုံ၏ ထုတ်လုပ်ရေးနှင့် ဘွိုင်လာမီးထိုးရေး ကိစ္စအဝဝအတွက် အသုံးပြုခဲ့သည်။ ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားပေးစက်လည်းရှိပြီး လျှပ်စစ်ဓာတ်အားကို ရေနွေးငွေ့အားသုံး တာဘိုင်စက်နှစ်လုံးမှ ထုတ်လုပ်ရယူကာ သုံးစွဲခဲ့သည်။ တာဘိုင်စက်တစ်လုံးမှာ British Westing House Turbine No. 1635 ဖြစ်ပြီး ဒုတိယတစ်လုံးကလည်း ၎င်းအမျိုးအစားတူ Turbine No. 1546 ဖြစ်သည်။ ဖိအား 200 Psi စီရှိကြပြီး လျှပ်စစ်ဓာတ်အား ၁၅၀၀ ကီလိုဝပ်စီ ထုတ်လုပ်နိုင်စွမ်းရှိကြသည်။

**ဘိလပ်မြေနှစ်မျိုး**

ဘိလပ်မြေစက်ရုံတွင် ထုံးနှစ်နည်းစဉ်(Wet Process)ကို အသုံးပြုသည်။ ထုံးကျောက်ကုန်ကြမ်းကို အမှုန့်ကြိတ်၍ ရေနှင့်ရောကာ ထုံးနှစ်ရည်(Slurry)အဖြစ် မီးသင်းဖိုအတွင်း၌ အပူပေးပြီး မီးသင်းကျောက်(Clinker) အဖြစ်သို့ အသွင်ပြောင်းယူသော နည်းဖြစ်သည်။

စက်ရုံ စတင်လည်ပတ်စဉ်က ကုန်ချောကြိတ်စက်မှ ထွက်လာသောပစ္စည်းမှာ ဘိလပ်မြေ၏ အာနိသင်မရှိဘဲ ရိုးရိုး ရွှံ့နှင့်ရောစပ်ထားသည့် စေးကပ်သော မြေကြီးကဲ့သို့ ဖြစ်နေခဲ့သည်။ ထို့ကြောင့်ပင် ဘိလပ်မြေကုမ္ပဏီက နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်တစ်ဦးကို ခေါ်ယူကာ လိုအပ်သည့်ပြုပြင်မှုများကို ပြုလုပ်ခဲ့ရသည်။ စက်ရုံကို စတင်လည်ပတ် ထုတ်လုပ်သည်မှ ဒုတိယကမ္ဘာစစ်ဖြစ်သည်အထိ ဗြိတိသျှ စံချိန်စံညွှန်း သတ်မှတ်ချက် B.S.S –12, 1904–1940 နှင့်ကိုက်ညီသော ရိုးရိုးဘိလပ်မြေ အမျိုးအစားဖြစ်သည့် Rapid Hardening Portland Cement နှင့် Ordinary Portland Cement ဟူ၍ နှစ်မျိုး ထုတ်လုပ်ခဲ့သည်။

**မလေးရှားနှင့် ဂျပန်ဈေးကွက်သို့**

ဘိလပ်မြေများကို Besese Company က ထုတ်လုပ်သော အိတ်ခွံများထဲတွင် ထည့်သွင်းရောင်းချခဲ့ရာ ကုန်ပစ္စည်း၏ မှတ်ပုံတင် အမှတ်အသားတံဆိပ်မှာ မြင်းခေါင်းတံဆိပ်ဖြစ်သည်။ နိုင်ငံခြားမှဝယ်ယူသော အိတ်ခွံများတွင် (Horse Head Brand) မြင်းခေါင်းတံဆိပ်၊ Burma Protland Cement၊ မြန်မာပြည်မှာလုပ်သည်ဟု စာတန်းရိုက်နှိပ်ထားသည်။ ဘိလပ်မြေများကို ဂျပန်သို့လည်း တင်ပို့ရောင်းချရသဖြင့် အိတ်ခွံပေါ်တွင် ဂျပန်စာကိုပါ ရိုက်နှိပ်ထားသည်။

ကိုလိုနီခေတ်တွင် သရက်ဘိမြေစက်ရုံ တည်ထောင်စဉ်က ပြည်တွင်းသုံးလိုအပ်ချက်က မများလှသေးသလို ပြည်ပမှဘိလပ်မြေများလည်း တင်သွင်းလျက်ရှိနေသည်။ ဘားမားစီးမင့်ကုမ္ပဏီမှထုတ်လုပ်သော ဘိလပ်မြေများကိုလည်း ပြည်တွင်း၌သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချခဲ့ရာ မလေးရှားနှင့်ဂျပန်နိုင်ငံများသို့ အများဆုံး တင်ပို့ခဲ့ရပေသည်။ ။

> **"စက်ရုံ စတင်လည်ပတ်စဉ်က ကုန်ချောကြိတ်စက်မှထွက်လာသောပစ္စည်းမှာ ဘိလပ်မြေ၏ အာနိသင်မရှိဘဲ ရိုးရိုး ရွှံ့နှင့်ရောစပ်ထားသည့် စေးကပ်သောမြေကြီးကဲ့သို့ ဖြစ်နေခဲ့သည်။ ထို့ကြောင့်ပင် ဘိလပ်မြေကုမ္ပဏီက နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်တစ်ဦးကိုခေါ်ယူကာ လိုအပ်သည့်ပြုပြင်မှုများကို ပြုလုပ်ခဲ့ရသည်။ စက်ရုံကို စတင်လည်ပတ် ထုတ်လုပ်သည်မှ ဒုတိယကမ္ဘာစစ်ဖြစ်သည်အထိ ဗြိတိသျှ စံချိန်စံညွှန်း သတ်မှတ်ချက် B.S.S –12, 1904–1940 နှင့် ကိုက်ညီသော ရိုးရိုးဘိလပ်မြေ အမျိုးအစားဖြစ်သည့် Rapid Hardening Portland Cement နှင့် Ordinary Portland Cement ဟူ၍ နှစ်မျိုး ထုတ်လုပ်ခဲ့သည်"**

## ဂန့်ဂေါတွင် သွားလာမှုလွယ်ကူရန် မြစ်သာမြစ်ကူး တံတားငယ်များ ဆောက်လုပ်ကြပြီ

**ဂန့်ဂေါ နိုဝင်ဘာ ၂၉**

ဂန့်ဂေါမြို့နယ်သည် တောင်မြောက် ရှည်လျားစွာရှိပြီး ရပ်ကွက်၊ ကျေးရွာအများစုသည် တောင်ဘက်အရပ်ဒေသမှ မြောက်ဘက်အရပ်ဒေသသို့ စီးဆင်းသည့် မြစ်သာမြစ်ဝန်းကျင်တွင် တည်ရှိကြသည့်အလျောက် မိုးရာသီတွင် မြစ်ကို လှေငယ်ဖြင့်ဖြတ်သန်းကြကာ ရေငယ်(ရေနည်းပါး)သည့်ဆောင်းရာသီရောက်လျှင် ယာယီတံတားငယ်များ ဆောက်လုပ်လျက် ဖြတ်သန်းဆက်သွယ်ကြသည်။

တံတားငယ်ကို ကျေးရွာများအလိုက် များစွာဆောက်လုပ်ကြပြီး သစ်၊ ဝါးများအသုံးပြုကာ ဆောက်လုပ်ကြလျက် လွယ်ကူစွာဖြတ်သန်းနိုင်ကြသည်။ ယခုအခါ နိုင်ငံတော်အစီအစဉ်၊ တိုင်းဒေသကြီး အစီအစဉ်များဖြင့် ဆောက်လုပ်သည့် ထီးလင်း-ဂန့်ဂေါ ကားလမ်းရှိ မင်းရွာ မြစ်ကူးတံတား၊ ပျားရွာမြစ်ကူးတံတား၊ ဂန့်ဂေါ- ဟားခါးကားလမ်းရှိ စိုင်ဒူး တံတား၊ ဂန့်ဂေါ-ကလေး ရထားလမ်းတွင် ကျွန်းခုံသာမြစ်ကူးတံတားတို့အပြင် မြေနီကြိုးတံတား၊ သာလင်း-မြင်သား ကျေးလက်လမ်းရှိ မြစ်ကူးတံတား၊ ဂန့်ဂေါ- အနောက်ဂန့်ဂေါ မြစ်သာမြစ်ကူးတံတားတို့နှင့် အလှူရှင်၊ စေတနာရှင်များ ဆောက်လုပ်သည့် လက်ပန်-မောက် ကြိုးတံတား၊ မြင်းဇာရွာ မြစ်ကူးကြိုးတံတားတို့ ရှိနေပြီးဖြစ်သည်။ “မြစ်အရှေ့ဘက်၊ အနောက်ဘက်တို့မှာ ကျေးရွာများ များပြားနေတဲ့အတွက် ရေနည်းချိန်မှာ ဆောက်လုပ်ရတဲ့ ရေငယ်လူကူးတံတားကို ဆောက်လုပ်နေကြရမှာပါ” ဟု ဒေသခံတစ်ဦးက ပြောသည်။



ရေနည်းချိန်တွင် ဆောက်လုပ်ကြသည့် ယာယီရေငယ်တံတားများသည် ဒေသခံများအတွက် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာမှု လွယ်ကူစေသည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် များစွာ အထောက်အကူ ဖြစ်စေလျက်ရှိကြောင်း သိရသည်။ ၁၄၄

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ထပ်မံဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် ည ၉ နာရီခွဲခန့်တွင် နောင်ချိုမြို့နယ် မူဆယ် - မန္တလေးလမ်း အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ကျောက်မဲမြို့မှ မန္တလေးမြို့ဘက်သို့ ကံ့ဌေးမောင်းနှင်ပြီး သိန်းဇော်လိုက်ပါလာသည့် မော်တော်ယာဉ်ဖြင့် ဘိန်းဖြူများ သယ်ဆောင်လာကြောင်း သတင်းရရှိသဖြင့် အဆိုပါ မော်တော်ယာဉ်ကို စောင့်ကြည့်ခဲ့ကြောင်း၊ နိုဝင်ဘာ ၂၈ ရက် နံနက် ၄ နာရီခွဲခန့်တွင် ပုသိမ်ကြီးမြို့နယ် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ၎င်းမော်တော်ယာဉ်ရပ်တန့်ထားပြီး မူးယစ်ဆေးဝါးများ လာရောက်လွှဲပြောင်း လက်ခံယူသည့် ခန့်ဇော်နှင့် ခွန်ဇော်ထက်တို့နှစ်ဦး ရောက်ရှိ၍ မူးယစ်ဆေးဝါးများအား လွှဲပြောင်းလက်ခံပြုလုပ်နေစဉ် ၎င်းတို့အား ထိန်းသိမ်းကာ မော်တော်ယာဉ်ကို ရှာဖွေရာ မော်တော်ယာဉ်ပေါ်ရှိ စက္ကူဂျပ်ဖာများအတွင်း ခေါက်ဆွဲခြောက်ထုပ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဘိန်းဖြူ ၈၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းမူးယစ်ဆေးဝါးများကို ကချင်ပြည်နယ် မိုးညှင်းမြို့သို့ ပို့ဆောင်မည်ဟု ဖော်ထုတ်သိရှိရသဖြင့် ယင်းနေ့ ညနေ ၆ နာရီတွင် မိုးညှင်းမြို့ အောင်သပြေ (၁)ရပ်ကွက် အမှတ် (၇/ခ) နေ မူးယစ်ဆေးဝါး လက်ခံမည့်သူ မအိအိခိုင် (ခ) ဘုတ်ဘုတ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းစိမ်း ၁၇ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၊ မော်တော်ယာဉ်နှစ်စီး၊ ဆိုင်ကယ်တစ်စီးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီခွဲခန့်တွင် မိုးညှင်းမြို့ အောင်သပြေ (၃) ရပ်ကွက် အမှတ် (၇၅) နေ မဝင်းမော် (ခ)မမော် (ခ) မှိုင်းပြာကို ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ကံ့ဌေး(၂၂ နှစ်)၊ သိန်းဇော်(ခ) အောင်အောင်(၃၁ နှစ်)၊ ခန့်ဇော်(၂၄ နှစ်)၊ ခွန်ဇော်ထက်(၂၈ နှစ်)၊ မအိအိခိုင်(ခ)ဘုတ်ဘုတ် (၃၈ နှစ်)၊ မဝင်းမော် (ခ)မမော် (ခ)မှိုင်းပြာ (၅၀ နှစ်) တို့အား ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ဖမ်းဆီးရမိ ဘိန်းဖြူများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်မှ ကချင်ပြည်နယ် မိုးညှင်းမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်မဲ၌ ဆိုင်ကယ်ခိုးမှု ကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိ

**သီပေါ နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် လှိုင်မင်းသန်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် မော်တော်ဆိုင်ကယ်များပျောက်ဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခန့်တွင် ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စု တောင်နောက်ကျေးရွာနှင့် ခိုမုန်းကျေးရွာလမ်းမ၌ နံပါတ်ပြားဖြုတ်၍ ဆိုင်ကယ်စီးနင်းလာသော မသင်္ကာဖွယ်လူနှစ်ဦးကို တွေ့ရသဖြင့် စစ်ဆေးမေးမြန်းခဲ့သည်။

အဆိုပါဆိုင်ကယ်စီးနင်းလာသူအား ရပ်တန့်စစ်ဆေးရာ ၎င်းတို့စီးနင်းလာသောဆိုင်ကယ်မှာ ကျောက်မဲမြို့ရပ်ကွက် (၅)ပင်လုံလမ်းနှင့် ပဋ္ဌာသီလမ်းထောင့် ပြည်တော်သာလက်ဖက်ရည်ဆိုင်ရှေ့မှ ပျောက်ဆုံးသွားသည့် ပြည်တော်သာလက်ဖက်ရည်ဆိုင်ပိုင်ရှင်၏ ဆိုင်ကယ်ဖြစ်နေသဖြင့် ဆိုင်ကယ်ခိုးယူသွားသော သီပေါမြို့နေ လှဆွေနှင့် မိုင်းလုံမြို့နေ အောင်မြင့်တို့နှစ်ဦးကို ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပြည်ကြီးတံခွန်မြို့နယ်၌ တရားမဝင်အနှိပ်ခန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ည) ရပ်ကွက်နေ မောင်စိုး (၄၆ နှစ်) ၏ နေအိမ်တွင် တရားမဝင်အနှိပ်ခန်း ဖွင့်လှစ်နေကြောင်း သတင်းအရ နိုဝင်ဘာ ၂၇ ရက် ည ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါနေအိမ်၌ လာရောက်အနှိပ်ခံသူ ရှစ်ဦးနှင့် အနှိပ်လုပ်ငန်းလုပ်ကိုင်နေသည့် အနှိပ်သမ ၁၂ ဦးတို့ကို တွေ့ရှိသဖြင့် မောင်စိုးပါ ၂၁ ဦးကို စက်မှုနယ်မြေ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များအား အရေးယူထား

**နေပြည်တော် နိုဝင်ဘာ ၂၉**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် ညနေ ၅ နာရီမှ နိုဝင်ဘာ ၂၈ ရက် ညနေ ၅ နာရီထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေး အမြန်လမ်း အမှတ်(၃) တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်လေးစီး၊ ဘောနတ်ကြီးမီနီတိုးဂိတ်၌ မော်တော်ယာဉ်တစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ခုနစ်စီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ်လေးစီး စုစုပေါင်း ၁၆ စီးကို ဖမ်းဆီးရမိပြီး ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများအား တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၈ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့နယ် ကျားကလေးကျေးရွာအနီး ဂျိုင်း-အိန္ဒူ သွားကားလမ်းတွင် အောင်တင်ဝင်း(ခ)ဘသော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေထိုင်သည့် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် သီရိရတနာ (၁) လမ်းရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၇ ရက် ည ၉ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ အမှတ် (၁) ရပ်ကွက်တွင် အားဖူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖတ်ဟိ(အောက်)ကျေးရွာအနီးတွင် အားရဲ(ခ)အားမြာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၈ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ် ကွမ်လုံကျေးရွာနှင့် ခေါင်းမိုင်းကျေးရွာကြား ဖယ်ခုံ - မိုးဗြဲသွားကားလမ်းတွင် မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်း (စိစစ်ဆဲ) မှာ လမ်းဘေးလျှိုအတွင်းသို့ ထွက်ပြေးသွားသောကြောင့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၂၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြအဖွဲ့ကို အင်အားဖြည့်တင်းမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း၏ နည်းပြအဖွဲ့ကို အင်အားဖြည့်တင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ဖြစ်သူ ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးသည် နိုင်ငံခြားသား လက်ထောက်နည်းပြတစ်ဦးနှင့် ဂိုးနည်းပြတစ်ဦး ခန့်အပ်ပေးရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုထားခြင်းဖြစ်သည်။ အန်တွမ်နီဟေးသည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဒုတိယအကြိမ် ခန့်အပ်ခံရခြင်းဖြစ်ပြီး ပြည်တွင်းနည်းပြများနှင့် တွဲဖက်တာဝန်ပေးထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ် ခန့်အပ်ထားရသည့် ဦးမင်းထွန်းလင်းသည် ယခုနှစ်လယ်ပိုင်းတွင် မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်အသင်း၏ နည်းပြချုပ်အဖြစ် ကမ်းလှမ်းမှုကို လက်ခံခဲ့သောကြောင့် အန်တွမ်နီဟေးအနေဖြင့် နည်းပြအဖွဲ့အား အင်အားဖြည့်တင်းပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံခြားသားနည်းပြအဖွဲ့ဝင်များ အင်အားဖြည့်တင်းမည့်အပေါ် မူတည်၍ လက်ရွေးစင်အသင်းနည်းပြအဖွဲ့ကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်နှစ်တွင် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများနှင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ပရီမီယာလိဂ် ပွဲစဉ်(၁၀) ပွဲပြီးခါနီးဂိုးဖြင့် ဆောက်သမ်တန်ကို မန်ယူအသင်း အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၀)မှ နိုဝင်ဘာ ၂၉ ရက် တနင်္ဂနွေနေ့ည ပွဲစဉ်တစ်ပွဲဖြစ်သော ဆောက်သမ်တန်နှင့် မန်ယူပွဲစဉ်တွင် အဝေးကွင်း သုံးဂိုး-နှစ်ဂိုးဖြင့် မန်ယူအသင်းအနိုင်ရရှိခဲ့သည်၊

ယင်းပွဲစဉ်တွင် အိမ်ရှင် ဆောက်သမ်တန်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် အဒမ်စ်နှင့် ဝဲလ်ကော့တို့ တိုက်စစ်အတွဲပွဲထွက်ခဲ့ပြီး ဧည့်သည် မန်ယူအသင်းသည် ၄-၁-၂-၁-၂ ပုံစံဖြင့် တိုက်စစ်တွင် ရက်ရှ်ဖို့ဒ်နှင့် ဂရင်းဝုဒ်တို့ ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၂၃ မိနစ်တွင် ဂျန်ဘတ်နက်ခ်က ဆောက်သမ်တန်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၃၃ မိနစ်တွင် ဂျိမ်းစ်ဝက်ပရောက်စ် က ဆောက်သမ်တန်အတွက် ဒုတိယဂိုး ထပ်မံသွင်းယူကာ ပထမပိုင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၉ မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်က မန်ယူအတွက် ချေပဂိုးတစ်ဂိုး သွင်းယူပေးခဲ့ပြီး ၇၄ မိနစ်တွင် မန်ယူအတွက် ဒုတိယ ချေပဂိုးကို လူစားဝင်ကစားသမား ကာဗာနီက သွင်းယူခဲ့သည်။ မန်ယူအတွက် အဖိုးတန်အနိုင်ဂိုးကို သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ကာဗာနီက သွင်းယူခဲ့သည်။

ယနေ့ပွဲတွင် ဒုတိယပိုင်းမှ ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူခဲ့သည့် မန်ယူအသင်းသည် နည်းပြ ဆိုးလ်ရှား၏ လူစားလဲမှန်ကန်မှုကြောင့်ပင် ဖြစ်သည်။ ယင်းပွဲတွင် အိမ်ရှင် ဆောက်သမ်တန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်ရရှိကာ ငါးကြိမ် ဂိုးပေါက် ဖြိမ်းခြောက်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ဂိုးကန်သွင်း ခွင့် ၁၅ ကြိမ်ထိ ရရှိကာ ခြောက်ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲစဉ်(၁၀) ယှဉ်ပြိုင်အပြီးတွင် မန်ယူအသင်းသည် ရမှတ် ၁၆ မှတ်ရရှိထားပြီး ဆောက်သမ်တန်က ၁၇ မှတ် ရရှိထားသည်၊

ပရီမီယာလိဂ် ပွဲစဉ်(၁၀) နိုဝင်ဘာ ၂၉ ရက် နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် အဲဗာတန်နှင့် လိဒ်ပွဲစဉ်တွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် လိဒ်အသင်းအနိုင်ရရှိခဲ့ပြီး ဝက်စ်ဘရွန်းက ရှက်ဖီးလ်ယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **သီဟ**

❍ *ကျောဖုံးမှ*

ယူကရိန်းမြေတွင် ဇော်ယာအသင်းကို အဝေးကွင်းယှဉ်ပြိုင်ရဦးမည်ဖြစ်ရာ ယင်းပြိုင်ပွဲတွင် လက်စတာသည် အုပ်စုနောက်တစ်ဆင့် တက်ရောက်ရန် သေချာနေပြီဖြစ်သည်။ လက်စတာသည် ယူရိုပါလိဂ်ပြိုင်ပွဲကို အားထုတ်စရာသိပ်မလိုတော့ဘဲ ပြည်တွင်းအမှတ်ပေးပြိုင်ပွဲအတွက်သာ အာရုံစိုက်ရတော့မည်ဖြစ်ပြီး ပွဲစဉ်(၁၀)နှင့် ပွဲစဉ်(၁၁)တွင် တန်းဆင်းဇုန် အသင်းနှစ်သင်းနှင့် ဆက်တိုက်တွေ့ဆုံမည်ဖြစ်ရာ ယင်းပွဲစဉ်နှစ်ပွဲကို အမှတ်ပြည့်ရယူထားမှသာ ရာသီဝက် ချန်ပီယံလမ်းကြောင်းပေါ်တွင် ယှဉ်ပြိုင်ရပ်တည်နိုင်မည်ဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် လက်ရှိ ရပ်တည်မှုမှာ တန်းဆင်းဇုန် အဆင့် ၁၉ တွင် ရပ်တည်နေ၍ လက်စတာနှင့်ပွဲတွင် အနိုင်ရရှိခဲ့ပါက အဆင့် ၁၇ သို့တက်ရောက်ပြီး တန်းဆင်းဇုန်မှ ကင်းလွတ်နိုင်သည်။ ယင်းပွဲစဉ်တွင် ဖူလ်ဟမ်အသင်းသည် လက်စတာ၏ တိုက်စစ်ဆင်မှုကို ခုခံရင်း တန်ပြန်တိုက်စစ်ဖြင့်သာ ယှဉ်ပြိုင်သွားနိုင်ရာ ဖူလ်ဟမ်တိုက်စစ်မှူး ဘော်ဘီရှိုက်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ် သွင်းဂိုး သုံးဂိုးသွင်းယူထားသည်။

လက်စတာအသင်းသည် သွင်းဂိုး ၁၈ဂိုးထိသွင်းယူထားသည့် အသင်းဖြစ်ရာ တိုက်စစ်အားကောင်းသည့် အသင်းတစ်သင်းဖြစ်သည်။ တိုက်စစ်မှူးဂျမီးဗာဒီသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် သွင်းဂိုး ရှစ်ဂိုးထိသွင်းယူထားကာ ယင်းအထက်တွင် အဲဗာတန် တိုက်စစ်မှူးလီဝင်က ၁၀ ဂိုးဖြင့် ဦးဆောင်နေ၍ အဆင့် ၂ တွင် စပါးတိုက်စစ်မှူး ဆွန်ဟောင်မင်က ကိုးဂိုး သွင်းယူထားသည်။ ယင်းပွဲစဉ်တွင် အိမ်ကွင်းကင်းပါဝါ၌ လက်စတာအသင်း အမှတ်ပြည့်ရယူသွားမည်ဖြစ်ရာ ဂိုးရလဒ် ပြတ်သားမှု ရှိ မရှိ ဆိုတာသာ စောင့်ကြည့်ရဖွယ်ရှိသည်။

**သီဟ**

◆ *ကျောဖုံးမှ*

ဦးအောင်ပြည့်ဖြိုးနှင့် ကော်မတီအဖွဲ့ဝင်များက မိုင်းယုမြို့၌ လူသွားလူလာ သွားလာမှုများသည့် မြို့ဝင်/မြို့ထွက် လမ်းဆုံနေရာတို့၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး လူတိုင်း နှာခေါင်းစည်း မဖြစ်မနေ စနစ်တကျတပ်ဆင်အသုံးပြုရန်နှင့် ဒေသတွင်း ရောဂါကူးစက်ပြန့်ပွားမှုကို ကြိုတင်တားဆီးကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းမတပ်ဘဲ သွားလာသူများအား နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လက်ရှိ ကူးစက်ပြန့်ပွားနေမှုအခြေအနေတို့ကို အသိပညာပေး ပြောကြားခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**


**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**



**အနာဂတ် ကမ္ဘာ**
**သာယာဖို့**
**အိုဇုန်းလွှာကို**
**ကာကွယ်စို့**


## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ချောက်မြို့ ပတ္တမြားချောင်း ကျောက်ကြီးစီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်း (စည်ပင်ရုံးအနောက်မှ အမှတ်(၉)ရပ်ကွက် အနော်ရထာလမ်းတံတားအထိ) (၁၃၉၀'x၁၇'x၁၀')ကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက် | - ၁၂-၁၁-၂၀၂၀ရက်မှ ၁၄-၁၂-၂၀၂၀ ရက်ထိ(ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ | - ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံး၊ ချောက်မြို့ |
| (ဂ) | တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နောက်ဆုံးရက် | - ၁၄-၁၂-၂၀၂၀ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နေရာ | - ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံး၊ ချောက်မြို့ |
| (င) | တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - ၁၅-၁၂-၂၀၂၀ရက်(အင်္ဂါနေ့)နံနက်၁၀နာရီ (နေ့ရက်/အချိန်ပြောင်းလဲမှုရှိပါက အကြောင်းကြားပါမည်။) |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ - ဖုန်း-၀၆၁-၂၀၀၈၀၂၊ ၀၉-၆၆၀၆၇၁၄၊ ၀၉-၂၃၀၅၂၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


၁၉၃၃ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
နေမကောင်းလျှင်
ရွှေမန်းတောင်
အမှတ်တံဆိပ်
TMR 002348(1016)
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဖင်း)၁၄၅/၀၁၁၇
ချွေးထုတ်ငန်းဆေးကို သုံးဆောင်ပါ
အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊
အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊ ၃၈လမ်း၊ ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊ ၀၉ - ၈၅၉၈၄၅၃


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-အိပ်ချ်)၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ စုပေါင်းလမ်း၊ ခြံအမှတ်(၅)၊ မြေကွက်အမှတ်(၃၅-အမ်/၂အေ-၁+၆၇ဂျီ/၂အေ-၁)၊ အကျယ်အဝန်း (၀.၁၂၅-ဧက)အနက်မှ (၅၀ပေ× ၄၃ပေ/၄၅ပေ) ရှိ ဒေါ်မြင့်မြင့်ဆွေ (၁၂/မရက(နိုင်)၀၈၃၂၆၄) အမည်ပေါက် မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းမြင့် (၉/မကန (နိုင်)၀၄၃၇၃၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၆၉) မရမ်းချိုကုန်း၊ ဦးပိုင်အမှတ်(၉၁)၊ ဧရိယာ ၀.၀၆၂ ဧကရှိ မြေပိုင်၊ အမည်ပေါက် ဦးခင်မောင်ဦး၊ ဦးခင်မောင်လတ်-၂ - ဦးပါမှ အစ်ကိုဖြစ်သူ ဦးခင်မောင်ဦးသည် ၁၀-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ ဦးခင်မောင်လတ်မှ တရားဝင်ပိုင်ဆိုင်ပြီး အမွေဆက်ခံစာချုပ်ပြုလုပ်ရန်အတွက် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးခင်မောင်လတ်**
**၁၄/ပသန(နိုင်)၀၃၀၄၀၈**
**ဖုန်း-၀၉၉၇၄၀၈၅၀၀၈**

## အမည်မှန်

ကျွန်းစုမြို့နယ်၊ တောပြားကြီးအုပ်စု၊ ရေပြည့်အော်ကျေးရွာနေ ဦးတင်အောင်၏ သမီး မစုစုထွေး၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မသက်ဖြိုးဝေ ၆/မမန(နိုင်)၁၆၀၉၂၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်၊ အနော်မာအနောက် (၁၀)လမ်း၊ မြေကွက်အမှတ် ၄၀၁(ခ)ဟုခေါ်တွင်သော ဒေါ်ကြည်အေးနှင့် ဦးရှမ်ရှုအာလမ်တို့နှစ်ဦးအမည်ပေါက် နှစ် (၆၀) ဂရန် မြေအမျိုးအစားဖြစ်သည့် မြေအကျယ်အဝန်း (ပေ ၂၀ x ပေ ၆၀) ရှိသည့်အနက် (ပေ ၁၀ x ပေ ၆၀)ရှိ မြေကွက်နှင့် (သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ခင်း-အိမ်)အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝင်းဝင်းမော် ၁၂/သကတ(နိုင်)၂၂၁၂၂၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမြင့် ၆/ကသန(နိုင်) ၀၀၂၁၅၉ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်ခင် (စဉ်-၁၂၅၅၇)
LL.B, LL.M (International Law), DBL.DML
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၂၁၀၉၈၇၈၅၊ ၀၉-၆၆၃၉၁၀၉၂၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ ရောဝဏ်အပြင်လမ်း၊ မြေကွက်အမှတ်(၁၄-B) ၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ ဒေါ်သစ်သစ် (၁၂/လသန(နိုင်)၀၀၁၃၂၄) နှင့် ဦးမြင့်ဦး (၁၂/လသန(နိုင်)၀၁၅၆၄၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သစ်သစ် နှင့် ဦးမြင့်ဦး တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၄)၊ ကရဏာလမ်း၊ မြေကွက်အမှတ်(၆၀)၊ မြေပေအကျယ် အလျား (၂၅၄ ပေ x အနံ ၃၈၂ပေ)၊ ဧရိယာစတုရန်းပေ (၂ဒသမ၂၂၇)ကေရှိ နှစ်(၆၀)စက်မှုလက်မှုမြေငှားဂရန်မြေကွက် သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးဇော်ဇော် အောင် ၉/မရမ(နိုင်) ၀၈၀၁၀၇၃နှင့် ဒေါ်မေစန္ဒာအောင် ၉/ခအဇ(နိုင်) ၀၀၆၆၁၈တို့၏အမည်ပေါက်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ဦးဇော်ဇော်အောင်မှာ ကိုယ်တိုင်နှင့် ဒေါ်မေစန္ဒာအောင်၏ ကိုယ်စား မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၃၁၈၀/၂၀၂၀)ဖြင့် အဆိုပါစက်မှုလက်မှု ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အကျယ်အဝန်း(၁၅၀x၁၅၀)ပေ ပတ်လည်အဆောက်အအုံတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီရီသန့်("အလင်္ကာ" Law Firm)
LL.B,D.B.I,D.M.L,D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

## အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

ဦးမြင့်သိန်း ၁၂/ဗဟန(နိုင်)၀၃၁၉၇၀ - ဒေါ်ခင်စန်း ၁၂/ဗဟန(နိုင်)၀၃၂၂၉၇တို့၏သမီး မခင်ချိုဆက် ၁၂/ဗဟန(နိုင်)၀၈၄၂၂၂ နှင့်သား မောင်ဘုန်းပြည့်နိုင် ၁၂/ဗဟန(နိုင်) ၀၀၄၁၇၄တို့အား အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းပါသည်။

**ဦးမြင့်သိန်း-ဒေါ်ခင်စန်း**


**သင့် စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့**


Glucerna® နှင့်အတူ ထိန်းညှိ လိုက်ပါ။
DAY 1
မှ စတင်လိုက်ပါ*
(၃)လ အတွင်းမှာ
သွေးတွင်းအချိုဓာတ်
တုံ့ပြန်မှု ကို ကောင်းမွန်စေဖို့
ကူညီပေးပါတယ်*
ဆီးချိုသွေးချို ရှိသူများ၏
အစားအသောက်ထိန်းညှိမှုအတွက် အာဟာရ
Glucerna®
Abbott
အချိုဓာတ် အညွှန်းကိန်း
ပါဝင်မှုနည်းခြင်း
ဗီတာမင်နှင့်
သတ္တုဓာတ် (၂၈) မျိုး
နှလုံးကျန်းမာရေးအတွက်
ကောင်းမွန်သောအဆီများ
ရောနှောပေါင်းစပ်ထားမှု#
#1 ဆရာဝန်ညွှန်ကြားသော ဆီးချိုသွေးချိုဆိုင်ရာ အာဟာရဖော်မြူလာ^
Abbott Nutrition
Careline
09 260 35 62 62
abbottnutrition@pahtama.com
^Market research by Rothstein-Tauber, Inc. 2015 # Kris-Etherton PM, Harris WS, Appel LF. Circ 2002;106(21):2747-2757.
*Glucerna has been shown to lower HbA1C (a measure of average blood glucose over the past 2-3 months),
when used as a meal replacement as part of a diabetes management plan [including prescribed medication, diet and exercise] (Chee et al., 2017; Sun et al., 2008)
GLU 700720M

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်
### အသက်(၈၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်
### အသက်(၈၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဝန်ထမ်းနှင့်မိသားစုများ၊**
**တနင်္သာရီတိုင်းဒေသကြီးအကျဉ်းဦးစီးဌာန**

## လွမ်းဆွတ်သတိရခြင်း
## ဒေါက်တာသန်းထွန်း
### သမိုင်းပါမောက္ခ(ငြိမ်း)
### (၁၀-၁၁-၂၀၀၅) - (၁၀-၁၁-၂၀၂၀)

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၁၅)နှစ်တိုင်ခဲ့ပါပြီ။ ဖခင်ကြီးရဲ့ ကျေးဇူးတရားများကို အစဉ်အမြဲ ရင်ထဲမှ သတိရလွမ်းဆွတ်လျက် ရှိနေပါတယ်။ ဖခင်ကြီးအတွက် ရည်စူးပြီး နေ့စဉ် လစဉ် နှစ်စဉ် လှူဒါန်းကုသိုလ်ပြု အမျှပေးဝေပါတယ်... ဖခင်ကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**ဇနီး- ဒေါ်ခင်ရီနှင့် သားသမီး၊ မြေးမြစ်များ**

## ဒေါ်ခင်အေး
### အသက်(၇၆)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကာကျေးရွာအုပ်စု၊ စက်ရုံကွက်သစ်နေ (ဦးမောင်ညွန့်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးဆံနီ-ဒေါ်ခင်လေး)တို့၏သမီးချွေးမ၊ (ဦးအေးကို)၏ဇနီး၊ ဒေါ်သန်းသန်းအေး(အလုပ်ရုံစိတ်မှူး၊ တန်-၉၀၀ဘိလပ်မြေစက်ရုံ)၊ ဒေါ် ငြိမ်းငြိမ်းအေး(အလုပ်ရုံစုမှူး၊ တန်-၉၀၀ ဘိလပ်မြေစက်ရုံ)၊ ဦးကိုကိုနိုင်-ဒေါ်ခင်နုဆွေ(ရတနာဒီပံအိမ်ဆောက်ပစ္စည်းဆိုင်)၊ ဒေါ်ထက်ထက်အေး(စာရင်းစစ်မှူး၊ မော်လမြိုင်မြို့နယ်စာရင်းစစ်မှူး)၊ ဒေါ်ခိုင်မို့မို့အေး(အလုပ်ရုံစုမှူး၊ တန်-၉၀၀ ဘိလပ်မြေစက်ရုံ)၊ ဦးကျော် သိဝ(တေဇ-၂၃၊ စက်ရုံမှူး၊ အမှတ်-၁၄၊ အကြီးစားစက်ရုံ၊ သာဂရ)-ဒေါ်နှင်းမြမြမိုးတို့၏ ချစ်လှစွာသောမိခင်၊ မဇင်နှင်းကျော်သိဝ၊ မခွန်ချိုသီနှင်းတို့၏ ဘွားဘွားသည် ၂၈-၁၁-၂၀၂၀ရက် (စနေနေ့) ည ၁၁:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် လှာကာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## နိုင်ငံ့အဝန်း
## သစ်တော
## စွမ်းဖြင့်
## စိမ်းလန်း
## စေရမည်

## ဗိုလ်မှူးထွန်းလွင်(ငြိမ်း)
### ကြည်း-၁၈၃၄၇၊ O.T.S(၆၆)
### စက်ရုံမှူး(ငြိမ်း)၊ ဂရင်းနိုက်ကျောက်ပြားစက်ရုံ(MEC)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သန်း-ဒေါ်သန်းအေး)တို့၏သား၊ ဗိုလ်မှူး အောင်မင်း(ငြိမ်း)-(ဒေါ်ခင်သီတာ)(ထက်/ပြ)တို့၏ သားသမက်၊ ဒုရဲမှူးကြီး ကျော်ညွန့်(ငြိမ်း)-ဒေါ်ရည်ရည်ဝင်း၊ (ဒေါ်နွယ်နွယ်အေး)တို့၏ညီ/မောင်၊ (ဦးအောင်မော်)၊ (ဦးဝင်းမော်)၊ ဒေါ်မြသဇင်တို့၏အစ်ကို၊ မမေဇင်မွန် (Loihein Co.,Ltd)၊ ဒေါက်တာခိုင်ဇင်လွင်(ခေတ္တ-UK)တို့၏ ဖခင်၊ ဒေါ်ကလျာမိုးသူ(ကျောင်းအုပ်၊ အထက-၆၊ ကြည့်မြင်တိုင်)၏ခင်ပွန်းသည် ၂၇-၁၁-၂၀၂၀ရက် (သောကြာနေ့) ညနေ ၄:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်
### အသက် (၈၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဇနီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ**
**မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးမြစိန် (ရမ်းဗြဲ)
### အသက် (၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီးရပ်ကွက်၊ ၁၆၆ လမ်း၊ အမှတ် (၇၁)နေ ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏အမှုဆောင် အဖွဲ့ဝင် ဒေါ်အေးမြစိန် အသက်(၇၃)နှစ်သည် ၂၈-၁၁-၂၀၂၀ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)**

## ကွာကင်ကျက်(ခ)ဦးမင်းလှိုင်
### အသက်(၇၁)နှစ်

[ဦးဖိုးမြ(ခ)ကွာချိန်ဆွို]-ဒေါ်ရှုဟာ(ခ)ဒေါ်ရွှေတို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၄၉လမ်း၊ အမှတ်(၉၁)နေ ဒေါ်ကျင်မေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မွန်မွန်မြင့်(တရုတ် -တိုင်ပေ)၊ ဒေါ်မေကြင်တို့၏ မောင်၊ ဦးမြင့်သိန်းအောင်-ဒေါ်အောင်ကြည်၊ ဦးဝင်းရှိန်၊ ဦးဝင်းအောင်၊ ဦးမောင်မောင်-ဒေါ်ခင်မြတ်သီတို့၏ အစ်ကို၊ မသင်းသင်းအောင်၊ မသူသူအောင်၊ မောင်ကျော်ကျော်လင်းတို့၏ ဖခင်သည် ၂၉-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မျိုးစု
### အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စီ-ဘလောက်၊ (၉)လမ်း၊ တိုက်(၃၄)၊ အခန်း(၂၀၂)နေ(ဦးမောင်မောင်စု-ဒေါ်ခင်သန်းလှ)တို့၏သမီး၊ (ဦးကိုကိုထိုက်)၏ဇနီး၊ ဒေါ်ခင်မျိုးယု၊ (ဦးမောင်မောင်ဇင်)၊ ဦးမောင်မောင်လွင်၊ ဒေါ်အေးအေးသက်၊ (ဒေါ်မျိုးသီတာ)တို့၏အစ်မ၊ (ဦးကျော်ကျော်သိုက်)-ဒေါ်အေးအေးခိုင်၊ (ဦးညီညီသိုက်)-ဒေါ်ဇာဇာညွန့်၊ မောင်အောင်အောင်သိုက်-မအေးခိုင်တို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၅-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်မာလာမောင်
### အထက်တန်းပြ(ငြိမ်း)၊ အထက(၂)စစ်ကိုင်း
### အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဒုတိယဗိုလ်မှူးကြီးမောင်မောင်-ဒေါ်ကြည်ဝင်း)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးချစ်တင်)-ဒေါ်လေလေီတို့၏ သမီးချွေးမ၊ စစ်ကိုင်းမြို့၊ ပါရမီရပ်၊ အမှတ်(ခ/၁၂)နေ ဗိုလ်ကြီးတင်ထွန်း(ငြိမ်း)၏ဇနီး၊ ဒေါ်သူဇာမောင်၊ ဒေါ်ညိုညိုခင်၊ ဒေါ်စိုးစိုးခင် တို့၏အစ်မ၊ မစုစန္ဒာထွန်း၊ မစုနန္ဒာထွန်း၊ မခင်ဖြူဖြူထွန်းတို့၏ ချစ်လှစွာသောမိခင်သည် ၂၈-၁၁-၂၀၂၀ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၂၀ရက် ညနေ ၃နာရီတွင် ယုန်ဖြူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးထွန်းလွင်(ငြိမ်း)
### စက်ရုံမှူး(ငြိမ်း)၊ ဂရင်းနိုက်ကျောက်ပြားစက်ရုံ(MEC)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ကလျာမိုးသူ (ကျောင်းအုပ်၊ အထက-၆၊ ကြည့်မြင်တိုင်)၏ခင်ပွန်း သူငယ်ချင်း ဗိုလ်မှူးထွန်းလွင်(ငြိမ်း) သည် ၂၇-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S(၆၆)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ရွှေသက်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်၉၀(L)နေ (ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်သီရိပျံချီ လွန်းမောင်) ၏ဇနီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်- ဒေါ်နီလာစိန်တို့၏ချစ်လှစွာသောမိခင် ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကျော်ဆန်း(ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း မိသားစု**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်
### အသက် (၈၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးကြီးကိုကိုအောင်နှင့်ဇနီး ဒေါ်မိမိခိုင်**
**ရဲအကြပ်အတတ်သင်ကျောင်း**
**တပ်ဖွဲ့ဝင်နှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ကိုမျိုးဌေး (ယခင် ဒီလေးလုံးဖိနပ်ဆိုင်-ပုသိမ်မြို့)

ဒေါ်နှင်းဆီသိန်း(ငယ်ငယ်)၏ ချစ်လှစွာသောခင်ပွန်း၊ အိမ်နီးချင်း၊ သူငယ်ချင်း၊ အစ်ကိုအရင်းပမာ ချစ်ခင်ရပါသော ကိုမျိုးဌေး (ယခင် ဒီလေးလုံးဖိနပ်ဆိုင်-ပုသိမ်မြို့) ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အလွန်ပင်ဝမ်းနည်းကြေကွဲရပါသည်။

**ကိုမောင်မောင်ကျော်-မသန်းသန်းနွဲ့မောင် မိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းတန်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၅၆)နေ (ဦးသာဟန်-ဒေါ်ညို)တို့၏ သားသမက်၊ ဒေါ်စန်းစန်းရီ၏ ခင်ပွန်း၊ ကိုဝင်းသိန်းအောင်-မဇင်မာလတ်၊ ကိုဌေးလင်းအောင်တို့၏ ဖခင်၊ မောင်ဘုန်းပြည့်ဉာဏ်၏ အဘိုးသည် ၂၀-၁၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးယဉ်ထွေး(David)(AM Mobile Shop)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ(ဦးစိန်တင်)-ဒေါ်တင်တင်ရီတို့၏သား၊ ပြည်မြို့နေ ဦးထွန်းအောင်ကျော်-ဒေါ်အေးမြင့်တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးမျိုးမျိုး-ဒေါ်ခင်သီတာဦး (ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မောင်၊ ကိုမျိုးသီဟအောင်-မမေမြတ်မွန်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၁၀၀)နေ မဝေမွန်ထွန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၂၀ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၀၉ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၈–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၂၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၀၉) ဦး တွေ့ရှိ** ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၉-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၁၀၂) ခု | (၂၅၂) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၉၉) ခု | (၆၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၃၇၃) ခု | (၃၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၁) ခု | (၄၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၇) ခု | (၃၀) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၈) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၃၉) ခု | (၃၆၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၂၉၆) ခု | (၇၂၁) ဦး |
| စုစုပေါင်း | (၁၅,၂၂၀) ခု | (၁,၅၀၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၉-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅,၂၂၀) ဦး | (၁,၁၄၇,၈၄၁) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၅၀၉) ဦး | (၈၉,၄၈၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၃၂၂) ဦး | (၆၈,၉၁၀) ဦး |
| သေဆုံးလူနာ | (၃၁) ဦး | (၁,၉၁၈) ဦး |

- ယနေ့ **သေဆုံးသူ (၃၁) ဦး**မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၆) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၃၂၂) ဦးတွင်–

*စာမျက်နှာ ၁၆ ကော်လံ ၁* ❐

# မိုင်းယုမြို့၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်



မိုင်းယု နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့၌ ကိုဗစ်–၁၉ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်မှုကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက မြို့ဝင်လမ်းဆုံနေရာတို့၌ ဆောင်ရွက်သည်။ (ဓါတ်ပုံ)

အဆိုပါ ပြုလုပ်မှုကို မြို့ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ

*စာမျက်နှာ ၂၇ ကော်လံ ၁* ◆

## ကမ္ဘောဒီးယားနိုင်ငံတွင် ပြည်တွင်း၌ ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ့ရှိ

စာ ၁၂

## မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ထပ်မံဖမ်းဆီးရမိ

စာ ၂၆

# ပရီမီယာလိဂ် ပွဲစဉ်(၁၀) လက်စတာတို့ ဖူလ်ဟမ်ကို ဂိုးပြတ်အနိုင်ယူနိုင်မည်လား



အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၁၀)မှ ဒီဇင်ဘာ ၁ ရက် နံနက်တွင် ယှဉ်ပြိုင်ကစားမည့် လက်စတာနှင့် ဖူလ်ဟမ်ပွဲသည် တန်းစီဇယားထိပ်သို့အပြိုင်လုမည့် အသင်းနှင့် တန်းဆင်းဇုန်မှ ရုန်းထွက်ရမည့် အသင်းနှစ်သင်းတွေ့ဆုံပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိသည်။

ယင်းပွဲစဉ်ကို လက်စတာအသင်း၏ ကင်းပါဝါကွင်းကြီးတွင် ယှဉ်ပြိုင်မည်ဖြစ်ရာ နှစ်သင်းစလုံးအဓိက ကစားသမားများ အစုံအလင်ဖြင့် ပွဲထွက်လာဖွယ်ရှိပြီး ကွင်းလယ်ဒိုင်အဖြစ် ဆီမွန်ဟုပါ က တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ ပွဲစဉ်(၉) ယှဉ်ပြိုင်အပြီး လက်ရှိတန်းစီဇယားရပ်တည်မှုတွင် လက်စတာအသင်းသည် ခြောက်ပွဲနိုင်၊ သုံးပွဲရှုံးထားပြီး ရမှတ် ၁၈ မှတ်ရရှိထားကာ စုစုပေါင်းသွင်းဂိုး ၁၈ ဂိုးထိသွင်းယူထား၍ ၁၂ ဂိုးပေးထားရသည်။

လက်စတာသည် အိမ်ကွင်းလေးပွဲယှဉ်ပြိုင်ထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားပြီး ဂိုးရလဒ်အနေဖြင့် ငါးဂိုးသွင်းယူထားကာ ပေးဂိုးခြောက်ဂိုးရှိထားသည်။ ဖူလ်ဟမ်အသင်းသည် ကိုးပွဲယှဉ်ပြိုင်အပြီးတွင် တစ်ပွဲသာအနိုင်ရထားပြီး တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးနိမ့်ထား၍ ရမှတ်လေးမှတ်သာ ရရှိထားသည်။ ကိုးဂိုးသွင်းယူထားကာ ၁၈ ဂိုးပေးထားရသည်။ ဖူလ်ဟမ်အသင်း အဝေးကွင်းရလဒ်မှာ လေးပွဲယှဉ်ပြိုင်ထားကာ နိုင်ပွဲမရှိသေးဘဲ တစ်ပွဲသရေ၊ သုံးပွဲရှုံးထား၍ ဂိုးရလဒ်မှာ လေးဂိုးသွင်းယူထားနိုင်ပြီး ခုနစ်ဂိုးပေးထားရသည်။

ယင်းနှစ်သင်း နောက်ဆုံးတွေ့ဆုံထားသည့်ရလဒ်တွင် ၂၀၁၈ ခုနှစ် ပရီမီယာလိဂ်အမှတ်ပေးပြိုင်ပွဲ၌ ဖူလ်ဟမ်အိမ်ကွင်းတွင် တစ်ဖက်တစ်ဂိုးစီသရေကျထား၍ ၂၀၁၉ ခုနှစ်တွင် လက်စတာအိမ်ကွင်း၌ သုံးဂိုး– တစ်ဂိုးဖြင့် အိမ်ရှင် အသင်းအနိုင်ရရှိထားသည်။ လက်စတာအသင်းသည် ဒီဇင်ဘာ ၄ရက်တွင် ဥရောပပြိုင်ပွဲတစ်ပွဲဖြစ်သော ယူရိုပါလိဂ် ပွဲစဉ်(၅)ကို *စာမျက်နှာ ၂၇ ကော်လံ ၁* ❍